ကံ့ကော်မြိုင်စာတမ်း

ဇော်ဂျီ
မင်းသုဝဏ်
နွယ်စိုး
တိုက်စိုး
မင်းယုဝေ
အောင်သင်း
တက္ကသိုလ်ဝင်းမွန်
မောင်ဇော်
တင်မိုး
မောင်ဗေသန်း

ပဉ္စမအကြိမ်

1000.

"အရေးအကြီးဆုံးဟု ယူဆသော အချက်သည် ဤစာစောင်၌ ပါသော စာတမ်း အရေးအသားမျိုး၏ သဘောဖြစ်သည်။ ထိုသဘောတွင်လည်း အရေးအကြီးဆုံးဟု ယူဆသော အချက်သည် ရသဖြစ်သည်။ မည်သည့်ရည်ရွယ်ချက် ရှိရှိ၊ မည်သည့်အကြောင်းကို ရေးရေး၊ မည်သည့်ပုံသဏ္ဌာန်ကို ဖော်ဖော်၊ ထိုစာ မတိုမရှည်သည် စာဖတ်ပရိသတ်၌ နှစ်သက်မှု ရသကို ဖြစ်စေသင့်သည်။ ရသ ဖြစ်သည်နှင့် အတူတကွ ဘဝ သို့မဟုတ် ပတ်ဝန်းကျင် အသိအမြင်ကိုလည်း ဖြစ်လာစေသင့်သည်။ ကဗျာကောင်းတစ်ပုဒ်ကို ဖတ်လိုက်ရသကဲ့သို့ ဖြစ်သင့်သည်။ ဤကား ဖြစ်စေလိုသော စာတမ်း အရေးအသားမျိုး၏ ယေဘုယျ သဘောဖြစ်သည်။...."

– ဇော်ဂျီ၏ မိတ်ဆက်အမှာစာ .... မှ။

ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး	ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး	ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး	ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

"အက်ဆေးသည် ဆောင်းပါးပုံစံနှင့် တူသယောင် ရှိသော်လည်း အနှစ်သာရအားဖြင့် ဆောင်းပါးနှင့် ကွာလေသည်။.... အက်ဆေးသည် ရင်ဖွင့်စာ သို့မဟုတ် ရင်ဖွင့်သံ ဖြစ်သည်။"

– *တိုက်စိုး၏ 'အက်ဆေး'၊ တက္ကသိုလ်များ ပုံနှိပ်တိုက် နှစ် ၂၀ မြောက် ငွေရတုအကြို မဂ္ဂဇင်း(၁၉၈၀)။ စာ ၄၄ .... မှ။*

"စာတမ်းငယ်ဆရာ၏ အာရုံကျက်စားရာသည် စလောင်းဖုံးတစ်ချပ် ဖြစ်ချင်လည်း ဖြစ်မည်။ ပန်းတစ်ပွင့် ဖြစ်ချင်လည်း ဖြစ်မည်။ ပုဂံမြို့ကြီး ဖြစ်ချင်လည်း ဖြစ်ပါလိမ့်မည်။ သေးဖွဲသည်၊ ကြီးကျယ်သည် မဟူ၊ မရှက်မရွံ့သော စူးစမ်းမှုမျိုးဖြင့် စူးစမ်းကာ စာဖတ်သူ အနေဖြင့် တစ်ခါမှ ဆက်စပ်မတွေးဖူးသော အတွေးမျိုးကိုလည်း လင်းခနဲ လက်ခနဲ ပြနိုင်စွမ်း ရှိပါသည်။

– *မောင်ခင်မင် (ဓနုဖြူ) ၏ 'စာတမ်းငယ်ဟူသည်'၊ စာတမ်းငယ်စာပေ စာတမ်းများ (ပထမတွဲ) [၁၉၈၇]။ စာ ၇၅ .... မှ။*

၂၀၁၁–၂၀၁၂ ထုတ်
ရာပြည့်စာအုပ်များ

၃၁၉။ ဆတိုင်မှတ် ဦးကူး၏ ခန္ဓာပုရ ဝတ္ထု
၃၂၀။ လွှတ်တော်ပုရပိုက် အမှတ်အသား အတိုကောက်မှတ်ပုံ
[(ပ)တွဲနှင့် (ဒု)တွဲ၊ နှစ်တွဲပေါင်းချုပ်]
၃၂၁။ စစ်ကိုင်း ဦးဘိုးသင်း၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ
၃၂၂။ ရွှေတောင်သီဟသူ၏ ရတနာကြေးမုံ
၃၂၃။ မဟာဆွေ၏ တို့မေမေ
၃၂၄။ ယောအတွင်းဝန် ဦးဘိုးလှိုင်၏ ဝိမုတ္တိရသကျမ်း
၃၂၅။ လယ်တီပဏ္ဍိတ ဦးမောင်ကြီး၏ စာဏကျနီတိ လမ်းညွှန်ဖတ်စာ[၃ တွဲ ပေါင်းချုပ်]
၃၂၆။ ဦးမြင့်ကြည်၏ စာပေနှင့် ဂီတ၊ ဂီတနှင့် စာပေ
၃၂၇။ စစ်ကိုင်းဦးဘိုးသင်း၏ စလေမင်းခွေး
၃၂၈။ တင်မောင်မြင့်၏ နွေကန္တာ [DEEP SUMMER by Gwen Bristow]
၃၂၉။ ဂုဏ်ဝင်း ၏ တွမ်ဆောယား၏ စွန့်စားခန်းများ
[The Adventures of Tom Sawyer by Mark Twain]
၃၃၀။ တင့်တယ် ၏ ကမ္ဘဖလ
၃၃၁။ တွင်းသင်းတိုက်ဝန် မဟာစည်သူ ဦးထွန်းညို၏ တွင်းသင်း မြန်မာရာဇဝင်သစ် [ပထမတွဲ]
၃၃၂။ ခင်မြဇင်၏ ကောင်းကင်မိုးတိမ် ဝတ္ထုတိုများ
၃၃၃။ မင်းကြီး မဟာသိရိဇေယသူ၏ ပိဋကတ်တော်သမိုင်း
၃၃၄။ ညိုဝင်း၏ မှောင်လွန်းသော ညများ
၃၃၅။ ဇန်းမော်တင်အောင်၏ ရိုးမတိုက်ပွဲ
၃၃၆။ ဖျာပုံ လှမိုးနွယ်၏ ကေသာရစ်ခွေ ပန်ပါလေ
၃၃၇။ လယ်တီပဏ္ဍိတ ဦးမောင်ကြီး ၏ နီတိမဥ္စရီကျမ်း
၃၃၈။ မောင်မောင်ဖြူ၏ နွေဦးကာလ မြူထသောခါ
၃၃၉။ ပီမိုးနင်း၏ နေညိုညို
၃၄၀။ ကျော်အောင်၏ နှလုံးလှ ဆရာဝန်
၃၄၁။ ပီမိုးနင်း၏ နေရီရီ
၃၄၂။ မောင်သိခ်၏ သိ ကြား စေ
၃၄၃။ မောင်ဘသင်၏ မောင်တာနော [(ပ) တွဲ နှင့် (ဒု) တွဲ၊ နှစ်တွဲ ပေါင်းချုပ်]

၂၀၁၂ ခုနှစ်တွင် ထုတ်ဝေမည့် စာအုပ်များ

၃၄၅။ ဦးသိန်းလှိုင်၏ မဟာရာဇဝင်သစ် (ညောင်ရမ်းဆက်) တတိယတွဲ
၃၄၆။ ဆရာလွန်း (သခင်ကိုယ်တော်မှိုင်း)၏ မှန်နန်းရာဇဝင်တော်သစ် [ပထမအုပ်]
၃၄၇။ ဦးတင်ဦး(ကျူရှင်)၏ ကမ္ဘာ့ကျေးဇူးရှင် ဂျော့ဝါရှင်တန်ကားဗား
၃၄၈။ ပြည့်စုံ၏ ပန်းရုံ

ရာပြည့်စာအုပ် ၃၄၄

ကံ့ကော်မြိုင်စာတမ်း

ဇော်ဂျီ၊ မင်းသုဝဏ်၊ နွယ်စိုး၊ တိုက်စိုး
မင်းယုဝေ၊ အောင်သင်း၊ တက္ကသိုလ်ဝင်းမွန်
မောင်ဇော်၊ တင်မိုး၊ မောင်ဖေသန်း

ရာပြည့်စာအုပ်တိုက်
အမှတ် ၄၅၊ ၁၀၉ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ဖုန်း။ ၀၁ – ၃၇၅၉၅၂ (ဆိုင်)

ပုံနှိပ်ခြင်း
ပထမအကြိမ် – (၁၉၆၄) ပုဂံစာအုပ်တိုက်
ဒုတိယအကြိမ် – (၁၉၆၅) ပုဂံစာအုပ်တိုက်
တတိယအကြိမ် – (၁၉၇၈) ဦးမင်းနောင် (?)
စတုတ္ထအကြိမ် – (၁၉၉၇) ခရမ်းရောင်စာစဉ်
ပဉ္စမအကြိမ် – (၂၀၁၂) ရာပြည့်စာအုပ်တိုက်
(ဇူလိုင်. ၂၀၁၂)၊
အုပ်ရေ [၅၀၀]

❑

ထုတ်ဝေသူ
ဒေါ်ခင်အေးမြင့်၊ ရာပြည့်စာပေ [၀၃၈၀၁]
၂၀၆၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

ပုံနှိပ်သူ
ဒေါ်ကြည်ပြာသွယ်၊ ဝင်းတိုးအောင်အော့ဖ်ဆက် [၀၉၁၇၂]
၁၈၁၊ လမ်း ၅၀၊ ၁၀ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

မျက်နှာဖုံး ပန်းချီ
လင်းဝဏ္ဏ

❑

တန်ဖိုး
၁၀၀၀ ကျပ်

၈၀၈.၈၁

ဇော်ဂျီ (နှင့် အများ)
ကံ့ကော်မြိုင်စာတမ်း/ဇော်ဂျီ (နှင့် အများ)
– ရန်ကုန်၊ ရာပြည့်စာပေ၊ (၅) ကြိမ်၊ ဇူလိုင် ၂၀၁၂။
စာ ၁၅၅၊ ၁၂ x ၁၈ စင်တီ။
(၁) ကံ့ကော်မြိုင်စာတမ်း

မာတိကာ

– ဇော်ဂျီ၏ မိတ်ဆက် အမှာစာ ၉

(၁) **ဇော်ဂျီ**

၁။ နွေဦးကျက်သရေ ၁၃

၂။ ကဗျာဝိုင်း စာဝိုင်းနှင့် ကျွန်တော် ၂၁

၃။ ပုဂံမြို့ဟောင်းနှင့် ကျွန်တော် ၂၆

(၂) **မင်းသုဝဏ်**

၄။ အိုးစည်သံ ၃၆

၅။ အလွမ်းရယ်တဲ့ ၁၂ ထွေ ၃၉

၆။ လူလည်းတထွေ ရေလည်းတခြား ၄၂

(၃) **နွယ်စိုး**

၇။ ကုသိုလ်ဆက် ၄၅

၈။ စိမ်းလန်းသော တောင်ကုန်းများ ၄၉

(၄) **တိုက်စိုး**

၉။ သုခမ ၅၆

၁၀။ ဇော်ဂျီနှင့် နှုတ်ခမ်းဆိုးဆေး ၆၁

၁၁။ နေဝင်မြင်သည် ဝရွှေပြည် ၆၅

(၅) **မင်းယုဝေ**

၁၂။ တစ်နှစ်တစ်ခါ ၇၁

၁၃။ ပိုင်ဆိုင်ခြင်း ၇၅

၁၄။ ဦးရာကျော် ကောင်းမှု ၇၉

(၆) **အောင်သင်း**

၁၅။ အနီး အဝေး ၈၃

၁၆။ ချိုတကူးနှင့် ဂုဏ်ရည်မတူ ၈၈

၁၇။ ရွှေယုန်နှင့် ရွှေကျား ၉၃

(၇) **တက္ကသိုလ်ဝင်းမွန်**

၁၈။ ဗမာစွန် ၉၉

၁၉။ မိဖြူ ၁၁၁

၂၀။ ဆားဒယ် ၁၁၇

(၈) **မောင်စော်**

၂၁။ မနက်စောစော ၁၂၄

၂၂။ သိင်္ဂါရ ရသ ၁၂၉

(၉) **တင်မိုး**

၂၃။ သချိုင်းကုန်းမှာ ၁၃၅

(၁၀) **မောင်ဖေသန်း**

၂၄။ ထင်းရှူးပင်ငယ် ပုံပမာ ၁၄၄

၂၅။ သီချင်းညည်းတတ်သည့်အလေ့ ၁၄၈

၂၆။ စလောင်းဖုံးတစ်ချပ် ၁၅၂

ဇော်ဂျီ၏

မိတ်ဆက် အမှာစာ

ဤစာစောင်တွင် စာတမ်း ၂၆ ပုဒ် ပါပါသည်။ ဤစာတမ်းများသည် အဆန်းမဟုတ်ပါ။ ယခင်ကသော် ဤစာတမ်း အရေးအသားမျိုးကို စာသင်ကျောင်းလောကတွင် စာစီစာကုံး ဟူ၍ လည်းကောင်း၊ သတင်းစာ မဂ္ဂဇင်း လောကတွင် ဆောင်းပါး ဟူ၍ လည်းကောင်း၊ အစမ်းစာ ဟူ၍ လည်းကောင်း သိသလိုလို ဖြစ်နေကြသော စာများ ဖြစ်ပါသည်။

စာစီစာကုံးဟု ခေါ်ကတ်ခြင်းမှာ စာသင်ကျောင်းများတွင် ဆရာ ဖြစ်သူက အကြောင်းတစ်ရပ်ကို စာစီကုံးပါဟု တပည့်များကို အရေး ခိုင်းရာမှ အစ၊ စာစီစာကုံး ဟူသောအမည် တွင်လာခြင်းကြောင့် ဖြစ် သည်ဟု ထင်ပါသည်။ ဆောင်းပါးဟု ခေါ်တတ်ခြင်းမှာ ယေဘုယျ အားဖြင့် သတင်းစာ မဂ္ဂဇင်းတို့သို့ သတင်းရေးပို့ခြင်း၊ ဗဟုသုတ ဖြန့်ဝေ ခြင်း၊ သဘောအယူအဆ တင်ပြခြင်းတို့ကို အကြောင်းပြုလျက် စာ မတိုမရှည် ရေးလာကြရာမှ အစ ဆောင်းပါး ဟူသော အမည်တွင်လာ ခြင်းကြောင့် ဖြစ်သည်ဟု ထင်ပါသည်။ အစမ်းစာဟု ခေါ်တတ်ခြင်းမှာ မူလ ပြင်သစ်ဘာသာစကား ဖြစ်သော **Essai** မှ အင်္ဂလိပ်ဘာသာစကား တွင် **Essay** ဖြစ်လာပြီးနောက်၊ ထို **Essay** ၏ အဘိဓာန်အနက် ဖြစ် သော စမ်းသပ်ခြင်း၊ စမ်းကြည့်ခြင်းတို့ကို အကြောင်းပြုလျက် မြန်မာ ဘာသာ အစမ်းစာဟု မြန်မာပြန်ဆိုလိုက်ခြင်းကြောင့် ဖြစ်သည်ဟု ထင်ပါသည်။

စာစီစာကုံးဟု ခေါ်ကြရာ၌ စာသင်ကျောင်း အငွေ့အသက် မပျောက်ချင်သလိုလို ဖြစ်နေသည်ဟု တွေးမိပါသည်။ ဤစာစောင်၌ ပါသော စာများတွင်ကား စာသင်ကျောင်း အငွေ့အသက်ထက် ရင့်ကျက်သော သဘောပါသည်ဟု ယူဆပါသည်။ တစ်ဖန် စာစီစာကုံးဟု ဆိုလိုက်လျှင် စာသင်တပည့်များကိုသာ မြင်မိကြရာသည်။ စာတမ်းဟု ဆိုလိုက်လျှင်မူကား စာသင်တပည့်များကို မြင်ချင်လျှင် မြင်နိုင်သော်လည်း ဝတ္ထုဖတ် ပရိသတ်၊ ကဗျာဖတ် ပရိသတ်ကိုလည်း ကေန်မုချ မြင်နိုင်စရာ အကြောင်းရှိ၏ဟု တွေးမိပါသည်။ ထို့ကြောင့် ဤစာစောင်၌ ပါသော စာများကို စာစီစာကုံး အစား စာတမ်း ဟူ၍ အမည်တပ်လိုက်ခြင်း ဖြစ်သည်။

ဆောင်းပါးဟု ခေါ်ကြရာ၌ သတင်းရေးပို့ဟန်၊ ဗဟုသုတဖြန့်ဝေဟန်၊ သဘော အယူအဆ တင်ပြဟန် သဘော သက်ရောက်သလိုလို ဖြစ်နေသည်ဟု တွေးမိသည်။ ဤစာစောင်၌ ပါသော စာများတွင် ဆိုခဲ့သော "ဟန်" တို့အပြင်၊ ရသ သဘောလည်း နည်းမျိုးမဆို ပါနေသေးသည်ဟု ယူဆပါသည်။ စင်စစ်မှာ ဆောင်းပါးနှင့် စာတမ်းတို့သည် အတော်အတန် နီးစပ်သည်ဟု ထင်ပါ၏။ သို့ရာတွင် စာတမ်းဟု ခေါ်လိုက်ပါက သတင်းစာ၊ မဂ္ဂဇင်းများ အတွက်သာမက လုံးချင်းအတွက်လည်း အကျုံးဝင်နိုင်ဟု ထင်သည်။ ထို့ကြောင့် ဤစာစောင်၌ ပါသော စာများကို ဆောင်းပါးအစား စာတမ်း ဟူ၍ အမည်တပ်လိုက်ခြင်း ဖြစ်သည်။

အစမ်းစာဟု ခေါ်ကြရာ၌ အင်္ဂလိပ် ဘာသာစကား ဖြစ်သော Essay ၏ အဘိဓာန် အနက်အရသော် ဆိုခဲ့သည့်အတိုင်း စမ်းသပ်ခြင်း၊ စမ်းကြည့်ခြင်း အနက် ထင်သဖြင့် အစမ်းစာဟု ခေါ်ချင်၍ ခေါ်သည်မှာ မမှားပါ။ သို့ရာတွင် အစမ်းစာ ဟူသော အမည်သည် ကဗျာကဲ့သို့ လည်းကောင်း၊ ဝတ္ထုကဲ့သို့ လည်းကောင်း၊ ပြဇာတ်ကဲ့သို့ လည်းကောင်း

ရသစာပေ အဖွဲ့တစ်ခု၏ အမည်အဖြစ်ဖြင့် တစ်ခုခု လိုနေသေးသယောင် တွေးမိပါသည်။ စင်စစ်မှာ အင်္ဂလိပ် စာပေသမိုင်း၌ပင် Essay ၏ အနက်သည် တစ်ဆယ့်ငါးရာစုခေတ်မှစ၍ ခေတ်အဆက်ဆက် စာတမ်း ဆရာများ၏ ရည်ရွယ်ချက်များကို လိုက်၍ လည်းကောင်း၊ အကြောင်း အရာများကို လိုက်၍ လည်းကောင်း၊ ပုံသဏ္ဌာန်များကို လိုက်၍ လည်း ကောင်း ကျယ်ဝန်းလာသည်ကို တွေ့ရပါသည်။ ယခုအခါ၌ Essay ဟု ဆိုလျှင် အများ ပရိသတ်အဖို့မှာ ကျယ်ဝန်းသော အနက်ကိုသာ အရေးထား ဖွင့်ဆိုတတ်ကြသဖြင့် အင်္ဂလိပ်စာပေလောက၌ပင် စမ်းသပ် ခြင်း၊ စမ်းကြည့်ခြင်း အနက်ကို မမြင်ကြတော့ပြီ။ ထို့ကြောင့် ဤ စာစောင်၌ ပါသော စာများကို အစမ်းစာ အစား စာတမ်း ဟူ၍ အမည် တပ်လိုက်ခြင်း ဖြစ်သည်။

စာတမ်း ဟူသော စကားအသုံးတွင် အစဉ်အလာလည်း ရှိသည်။ ကဗျာကဲ့သို့ လည်းကောင်း၊ ဝတ္ထုကဲ့သို့ လည်းကောင်း၊ ပြဇာတ်ကဲ့သို့ လည်းကောင်း ရသစာပေ အဖွဲ့တစ်ခု၏ အမည်အဖြစ်ဖြင့် ဆို၍လည်း ကောင်းသည်။ ထိုသို့ ယူဆလိုသဖြင့် စာတမ်း ဟူ၍ အမည်တပ်လိုက် ခြင်းလည်း ပါပါသည်။

စာတမ်း ဟူရာ၌ သတ်ပုံကိစ္စကလည်း တစ်မှု ဖြစ်သည်။ န သတ်နှင့်လည်း ရှိခဲ့၍ မ သတ်နှင့်လည်း ရှိခဲ့သည် ဖြစ်ရာ န သတ် ရမည်လော၊ မ သတ်ရမည်လော။ တက္ကသိုလ် မြန်မာအဘိဓာန်တွင် န သတ် စာတန်းကိုလည်း အနက်ဖွင့်သည်။ မ သတ် စာတမ်းကိုလည်း အနက်ဖွင့်သည်။ န သတ် စာတန်း၏ အနက်သည် ကျယ်ဝန်းသည်။ ဤစာစောင်၌ပါသော စာများ၏ အလိုကိုလည်း ဖြည့်စွမ်းနိုင်သည်ဟု ယူဆသည်။ ထို့ကြောင့် န သတ် စာတန်းကို ယူလိုက်သည်။ (ဤတွင် မြန်မာစာလုံးပေါင်း သတ်ပုံကျမ်းအတိုင်း မ သတ် စာတမ်းဟု ပြင်ထား ပါသည်။ *-ရာပြည့်စာအုပ်တိုက်*)

အရေးအကြီးဆုံးဟု ယူဆသော အချက်သည် ဤစာစောင်၌ ပါသော စာတမ်း အရေးအသားမျိုး၏ သဘော ဖြစ်သည်။ ထိုသဘောတွင်လည်း အရေးအကြီးဆုံးဟု ယူဆသော အချက်သည် ရသ ဖြစ်သည်။ မည်သည့် ရည်ရွယ်ချက်ရှိရှိ၊ မည်သည့် အကြောင်းကိုရေးရေး၊ မည်သည့် ပုံသဏ္ဌာန်ကိုဖော်ဖော်၊ ထို စာမတိုမရှည်သည် စာဖတ်ပရိသတ်၌ နှစ်သက်မှုရသကို ဖြစ်စေသင့်သည်။ ရသ ဖြစ်သည်နှင့် အတူတကွ ဘဝ သို့မဟုတ် ပတ်ဝန်းကျင် အသိအမြင်ကိုလည်း ဖြစ်လာစေသင့်သည်။ ကဗျာကောင်း တစ်ပုဒ်ကို ဖတ်လိုက်ရသကဲ့သို့ ဖြစ်သင့်သည်။ ဤကား ဖြစ်စေလိုသော စာတမ်း အရေးအသားမျိုး၏ ယေဘုယျသဘော ဖြစ်သည်။ ထိုသဘော ပါမှလည်း စာတမ်းသည် ရသစာပေ အဖွဲ့တစ်ခု အဖြစ်ဖြင့် မြန်မာစာပေ၌ နေရာတစ်နေရာ ရလာမည်ဟု ယူဆသည်။ သို့ရာတွင် ဗဟုသုတ သက်သက်ကို ရေးသော စာမျိုးကိုလည်း စာတမ်း ဟူ၍ပင် ခေါ်နိုင်သည်ဟု ထင်ပါသည်။ အင်္ဂလိပ်ဘာသာ စကားဖြစ်သော Essay သည် တစ်ခါတစ်ရံ ဗဟုသုတ သက်သက်ပေးသော စာတမ်းမျိုးလည်း ဖြစ်နိုင်၍၊ တစ်ခါတစ်ရံ ရသကိုပါ ပေးနိုင်သော စာတမ်းမျိုး ဖြစ်နိုင်သကဲ့သို့ပင်။

ဤစာစောင်၌ ထည့်သော စာတမ်းများသည် အများအားဖြင့် မဂ္ဂဇင်းများ၌ ဖော်ပြပြီး ဖြစ်၍ ကံ့ကော်မြိုင် စာပေသမား တစ်စုက လက်လှမ်းမီရာ၊ လွယ်ကူရာ ရွေးထားသော စာများသာ ဖြစ်ကြောင်း သိရပါသည်။ ဤစာမျိုး ရေးတတ်ကြသူ အများအပြားပင် ရှိသည်။ ကောက်ကာငင်ကာ ပြရသော် မော်ဘီဆရာသိန်းကြီး၊ ဆရာဇေယျ၊ ဦးရန်အောင်၊ ဦးသိန်းဖေမြင့်၊ ဦးထင်ဖတ် (မောင်ထင်) စသည်တို့ ဖြစ်သည်။

နွေဦးကျက်သရေ

(ဇော်ဂျီ)

နွေပေါက်လာတိုင်း ရွက်သစ်ရွက်နုများသည် ကျွန်တော်တို့အိမ်အနီးရှိ ငုစပ်ပင်၌ အစီအရီ ထွက်လာကြသည်။ ကြည့်ရ မြင်ရသောအခါ ဝမ်းသာစရာ ကောင်းသည်။ စိတ် နုပျိုလာသည်ဟုပင် ထင်ရလေသည်။ သို့ရာတွင် ကျွန်တော် တွေးနေမိသည်ကား ထွက်လာသော ရွက်သစ်ရွက်နုများ အကြောင်း မဟုတ်။ ထို ရွက်သစ်ရွက်နုများ ထွက်ရာ ဖြစ်သော ငုစပ်ပင်အောက်က ရေချမ်းစင် အကြောင်းသာ ဖြစ်သည်။ ထိုရေချမ်းစင်၌ လူတို့၏ စိတ်သစ် စိတ်နု၊ စေတနာသစ် စေတနာနု တို့လည်း ပေါက်နေကြလေပြီဟု တွေးမိခြင်း ဖြစ်လေသည်။

တစ်ခါတုန်းက ကျောင်းသားတစ်စုသည် ရန်ကုန်မှ အထက်သို့ ခရီးထွက်ကြသည်။ ခရီးထွက်ခြင်း အကြောင်းမှာ သရေခေတ္တရာ မြို့ဟောင်း၊ ပုဂံမြို့ဟောင်းများရှိ ရှေးဘုရား ဂူကျောင်း တန်ဆောင်းတို့၏ အလှအပကို ကြည့်ရှုရန် ဖြစ်သည်။ ထိုကျောင်းသားစုတွင် ကျွန်တော်လည်း ပါသည်။ ရာသီကား ကျောင်းပိတ်ရက် တပေါင်းလ၊ ချစ်ချစ်တောက် ပူသော ရာသီ ဖြစ်သည်။ ခရီးလမ်းသည် မီးရထားလမ်းတစ်လျှောက် ဖြစ်၍ မီးရထားသည် တငြိမ့်ငြိမ့် တလူပ်လှုပ် ခုတ်နေသည်။ နေသည် တဖြည်းဖြည်း တက်လာရာ ပူလာလေ၏။ မွန်းတည့်ခါနီး

လေလေ၊ ပူလေလေ ဖြစ်လာသည်။ ဒါနနှင့် သီလ မပါ၊ သေခါမှ သိသည်။ ရေဘူးနှင့် ဖိနပ် မပါ၊ နွေခါမှ သိသည် ဟူသော စကားသည် ကျွန်တော်တို့၏စိတ်၌ ထက်မြက်လာသည်။ ထိုမျှလောက် ပူပြင်းလှသော ရာသီတွင် ခရီးသွားနေကြသော ကျွန်တော်တို့မှာ ရေဘူး ပါမလာခြင်းကြောင့် ဖြစ်ဟန်တူသည်။ မွန်းတည့်ခါနီးလေလေ၊ ပူလေလေ၊ ရေငတ်လေလေ ဖြစ်လာသည်။ ထိုအခါ ရေဘူး ယူမလာရကောင်းလားဆို၍ အချင်းချင်း သူ့ကို ငါမဲ၊ ငါ့ကို သူမာန် ပြုကုန်ကြလေသည်။ တစ်ယောက်က 'ဟော့လူတွေ အခုမှ တောင်ပြော မြောက်ပြော လုပ်မနေကြနဲ့။ ရှေ့ဘူတာ ရောက်တော့ ရေတောင်းသောက်ကြရုံပဲ ရှိတယ်' ဟု ငေါက်လိုက်ရာ၊ ရေငတ်သဖြင့် စိတ်တိုနေကြသော ကျွန်တော်တို့တစ်စုသည် ငြိမ်ကျသွားရလေသည်။ သို့နှင့်ပင် တစ်ထောင့်က အဖော်တစ်ယောက်က 'ဘူတာကလည်း ရောက်ခဲလိုက်တာဗျာ' ဟု မီးရထားကို အားမရ၊ ညည်းလိုက်သေးသည်။ ဤသို့ဖြင့် မီးရထားသည် ဘူတာရုံအနီးကို ချဉ်းကပ်လာလေသည်။

ဘူတာ ရောက်လျှင် ရေသောက်လိုက်မည်ဟဲ့ ဟူသော အမှုအရာဖြင့် မီးရထား ပြတင်းပေါက်တွင် ခေါင်းပြူတစ် ပြူတစ် လုပ်ရသည်မှာ အမောပင် ဖြစ်သည်။ တအောင့်ကြာသောအခါ မီးရထားရပ်သည်။ ကျွန်တော်တို့ ရေမဲ့ ရေငတ်တစ်စုသည် ဝမ်းသာ၍မဆုံးဖြစ်ကြရသည်။

သို့ရာတွင် ကျွန်တော်တို့ တစ်စုသည် မီးရထားမှ ဆင်းမည်ပြုပြီးမှ ကိုယ်ရှိန်သတ်လိုက်ကြရသည်။ လား လား မိန်းမပျိုတစ်စုသည် ရေအိုးကိုယ်စီရွက်၍၊ မီးရထား ပြတင်းပေါက်များဆီသို့ လာ၍ 'ရေအလိုရှိလျှင် ယူကြပါရှင်။ ရေလှူပါတယ်ရှင်' ဟု ဆို၍ ရေအိုးများကို ကမ်းကြပါသည်။ ကျွန်တော်တို့ ရေမဲ့ ရေငတ်တစ်စုသည် ကမ်းပေးလိုက်သော ရေအိုးကို လှမ်းယူ၍ ရေအငတ် ဖြေလိုက်ကြပါ

သည်။ ကျွန်တော်တို့ ရေသောက်ရာ ဖြစ်သော ဘူတာသည် ကျေးရွာဘူတာ ခပ်သေးသေး ဖြစ်သည်။ ရေလာတိုက်သော မိန်းမတစ်စုသည် ကျေးရွာသူများ ဖြစ်ကြသည်။ ထဘီကို ဒူးလောက်တိုတို ဝတ်ကြသည်။ မျက်နှာတွင် သနပ်ခါး ထူထူပိန်းပိန်း လိမ်းထားကြသည်။ ပုံပန်းမှာ ကောက်စိုက်သံမများပင် ဖြစ်တန်ရာသည်။ မီးရထားသည် ကြာရှည်ရပ်နေလေ့ မရှိသဖြင့် ထိုမိန်းမတစ်စုသည် ရေလိုသော မီးရထား ခရီးသည်များ ရေအစေ့အင ရအောင် အားထုတ်ကြသည်။ နေပူစပ်ခါးကို သူတို့ မသိ။ ရေလိုချင်သူ ရေမရလိုက်မည်ကိုသာ သူတို့ သိကြဟန်တူသည်။ ထို့ကြောင့် မိန်းမသားတန်မဲ့ အပြေးအလွှား ရေလိုက်ပေးကြခြင်း ဖြစ်သည်။

ထို ရေဒါနရှင်တစ်စုကို ကျွန်တော်တို့ ယခုထက်တိုင် မြင်နေမိသည်။ သူတို့ ဝတ်စားထားသည်မှာ ချည်ထည် တစ်ပတ်နွမ်းများသာ ဖြစ်သည်။ အလုပ်ကြမ်း လုပ်ကြသူများ ဖြစ်သဖြင့် ကိုယ်လုံး ကိုယ်ပေါက် တောင့်တင်းသည်။ ရုပ်ရည်မှာ ချောသည်၊ လှသည်ဟု မဆိုသာ။ သို့ရာတွင် သူတို့၏ ရေလှူစေတနာ၊ ရေဝေ အမူအရာတို့ကြောင့်ပေလား မသိ။ သူတို့၏ ရုပ်ရည်သည် ဝမ်းသာစရာကောင်း၍၊ ကျေးဇူးတင်စရာကောင်း၍၊ ကြည်ညိုစရာ ကောင်းသည်ဟု ထင်မိသည်။ ထိုအခါက ကျွန်တော့်ကိုယ်ကို ကျွန်တော် ပြန်ကြည့်မိသည်။ ရုပ်အင်္ကျီ ဖြူဖြူစင်စင်နှင့်၊ ပိုးလုံချည်နှင့်၊ လက်ပတ်နာရီနှင့်၊ ဆီမွှေးလိမ်း ဘိုကေနှင့် ဖြစ်သည်။ ဤအခြင်းအရာတို့သည် ယဉ်ကျေးမှုလော။ ဤသို့ မေးကြည့်သည်။ ဤအခြင်းအရာတို့ကို ယဉ်ကျေးမှုဟု ဆိုလျှင် ထိုမိန်းမပျိုတစ်စု၏ အမူအရာသည် အဘယ်နည်း။ ကျွန်တော်တို့ သွားကြည့်မည်ဟု အားခဲလာခဲ့သော ရှေးမွန်မြန်မာတို့၏ အနုပညာ လက်ရာတို့ကို ယဉ်ကျေးမှုဟု ဆိုလျှင် ထိုမိန်းမပျို တစ်စု၏ အမူအရာသည် အဘယ်နည်း။ ထိုနေ့မှ စ၍ ယဉ်ကျေးမှု အကြောင်းကို တွေးမိတိုင်း နေပူကျဲကျဲ

တွင် ရေလိုက်ဝေသော ထို မိဆင်းရဲ တစ်စု၏ အမူအရာကို ကျွန်တော် ထည့်မတွေးဘဲ မနေနိုင်တော့ပြီ။ စင်စစ်မှာ ကျွန်တော်တို့သည် မိမိတို့၏ ယဉ်ကျေးမှု အစဉ်အလာ တစ်ခုကို နဖူးတွေ့ ဒူးတွေ့ တွေ့ခဲ့ပြီး ဖြစ်လေပြီ။ သရေခေတ္တရာ၊ ပုဂံတို့သို့ မရောက်မီပင် တွေ့ခဲ့ပြီး ဖြစ်လေပြီ။ ကျောက်စာ မဖတ်ရဘဲနှင့်ပင် တွေ့ခဲ့ပြီး ဖြစ်လေပြီ။

ထိုအခါက ထိုကျေးရွာ ဘူတာ၌ တွေ့မြင်ခဲ့ရသော ရေဝေ အမူအရာသည် ထိုဒေသက မိဆင်းရဲ တစ်စု၏ ဒါနစေတနာသာ ဖြစ်ချိမ့်မည်ဟု ထင်လိုက်မိသည်။ သို့ရာတွင် ထိုအမူအရာမျိုးသည် မြန်မာနိုင်ငံ အပျံ့အနှံ့ သိန်းချီ သောင်းချီ၍ ရှိလေသည်။ နိုင်ငံ၏ ဓလေ့ထုံးစံတစ်ခု အနေနှင့်ပင် ရှိလေသည်။ နွေပေါက်လာလျှင် ထိုအမူအရာမျိုးသည် ပုန်းရာမှ ပေါ်လာသည်။ အိပ်ရာမှ နိုးလာသည်။ ရှလော့၊ ညောင်ပင်ရိပ် ကောင်းကောင်းရှိလျှင် သူ ရှိတတ်သည်။ ပိတောက်ရိပ် ကောင်းကောင်းရှိလျှင် သူ ရှိတတ်သည်။ ကုက္ကိုရိပ် ကောင်းကောင်းရှိလျှင် သူ ရှိတတ်သည်။ ထိုသူကား အခြား မဟုတ်။ သစ်ကိုင်းမှ ဆိုင်းကြိုးဖြင့် တွဲလဲခိုနေတတ်သော ရေချမ်းအိုး ဖြစ်သည်။ မိန်းမချော မိန်းမလှ ဒန်းစီးနေသည်နှင့်ပင် တူလေသည်။ တစ်ဖန် အညာဒေသများတွင် ထနောင်းပင် ခွကောင်းကောင်းရှိလျှင် ခွကြား၌ သူ ရှိတတ်သည်။ အမိသည် သူ၏ ခါးစောင်းတွင် သားငယ်ကို ခါးထစ်ခွင် ချီထားသည်နှင့်ပင် တူလေသည်။

တစ်ဖန် သစ်ပင် အမှီမရှိလျှင် လေးတိုင်စင်နှင့် ရှိတတ်လေသည်။ ခရီးပန်းလာသူသည် ရေမှုတ်ဖြင့် ရေခပ်၍ သောက်သည်။ သောက်ပြီးသောအခါ ရေမှုတ်တွင်းက ရေကျန်ကို အိုးခံ ကရွတ်ခွေ၌ သွန်သည်။ ထိုကြောင့် မဟုတ်လော။ မြက်ပင် စိမ်းလဲ့လဲ့တို့သည် ကရွတ်ခွေတွင် ဝိုင်းခွေ၍ ပေါက်လျက် ရှိတတ်သည်။ တစ်ဖန် ခရီးပန်းလာသူသည် ရေချမ်းစင် ခါးပန်းတွင် ရေအလှူရှင်၏ အမည်ကို

ဖတ်ကြည့်ရသည်။ ဦးဟာဝါ၏ ကောင်းမှု၊ ဒေါ်ဟာဝါ၏ ကောင်းမှု။ တစ်ခါတစ်ရံ ရေချမ်းစင် ခါးပန်းတွင် မြန်မာပီပီ နောက်တီး နောက်တောက် လုပ်ချင်သော စာတန်းကို သူ မြင်ရသည်။ မြင်သည်နှင့် တစ်ပြိုင်နက် ပြုံးရသည်။ လူပျိုကြီး ဦးဟာဝါ၏ ကောင်းမှု။ အပျိုကြီး ဒေါ်ဟာဝါ၏ ကောင်းမှု။ ကုသိုလ်ရှင် လူပျိုကြီး မစွံနိုင်လွန်းသောကြောင့် အိမ်နီးနားချင်းများက ပြက်ရယ်ပြုထားကြဟန် တူသည်။ ကုသိုလ်ရှင် အပျိုကြီး ဟိုင်းနေပြီ ဖြစ်သောကြောင့် အဖော်များက ကျီစယ်ထားကြဟန် တူသည်။ သို့တည်းမဟုတ် ကုသိုလ်ရှင် လူပျိုကြီး စွံချင်ရှာသောကြောင့် ကြော်ငြာကမ်းထားဟန် တူသည်။ ကုသိုလ်ရှင် အပျိုကြီး အိုချင်ရှာသောကြောင့် ရေချမ်းစင်ကို ရမယ်ရှာထားဟန် တူသည်။ ကျွန်တော်တို့၏ ရေချမ်းအိုးသည် သေးသေးတာတာသာ ဖြစ်သည်။ သို့ရာတွင် သဒ္ဓါဝါခပ်သိမ်းကို ချစ်ခင်နေသည်။ ကရုဏာသက်နေသည်။ ပြောင်ပြနေသည်။ ထို့ကြောင့် ရေချမ်းအိုး တည်ခြင်း၊ ရေချမ်းစင် ဆောက်ခြင်းသည် သဒ္ဓါစေတနာနှင့် ပြုသည်ဟု ဆိုလျှင်လည်း ဟုတ်သည်။ ရယ်ချင်၊ မောချင်၊ ပြောင်ချင်၊ ပြက်ချင်၍ ပြုသည်ဟု ဆိုလျှင်လည်း ဟုတ်သည်။ မြန်မာ ပီပါပေသည်။ ထိုအမှုအရာမျိုးသည် နွေပေါက်တိုင်း နှ၍ သစ်၍ ပေါ်လာတတ်သည်။ ထိုအမှုအရာမျိုးသည် နွေဦး ကျက်သရေတစ်ခု ဖြစ်လေသည်။ ထိုအမှုအရာမျိုးကို မြန်မာနိုင်ငံသားတို့၏ ရေချမ်းစင် ယဉ်ကျေးမှုဟု ခေါ်ထိုက်လေသည်။ တစ်ဖန် လူထုအတွက် လူထုက ပြုနိုင်သော အမှုအရာမျိုး ဖြစ်သဖြင့် လူထုယဉ်ကျေးမှု ဟူ၍လည်း ဆိုနိုင်လေသည်။

နွေဦးကျက်သရေတစ်ခု ကျန်ပါသေးသည်။

နွေပေါက်ပြီ ဆိုလျှင် သူ့အသံကို ရပ်တိုင်း ရွာတိုင်း မြို့တိုင်း လိုလို၌ပင် ကြားရတတ်သည်။ အိုးစည် ဗုံမောင်းသံနှင့်အတူ ကြားရတတ်သည်။ ကျွန်တော်တို့ဆီမှာ ကိုဖေ ဆိုသော လူတစ်ယောက် ရှိ

သည်။ ကိုဖေသည် သူ့အလုပ် သူ့အကိုင်နှင့် ခပ်အေးအေးနေသူ ဖြစ်သည်။ ရပ်ရွာတွင် အညတရသာ ဖြစ်သည်။ သို့ရာတွင် နွေပေါက်၍ ပိတောက်ပွင့်လျှင် သူ့စိတ်လည်း ဖူးရာမှ ပွင့်လာသည်။ ကိုဖေသည် ရပ်ရွာတွင် လမ်းသလားလေတော့သည်။ သူတစ်ယောက်တည်း မဟုတ်။ အဖော် သုံးလေးယောက် ပါတတ်သည်။ ပလွေမှုတ်သူက မှုတ်သည်။ အိုးစည် တီးသူက တီးသည်။ လင်းကွင်း တီးသူက တီးသည်။ လက်ခုပ်တီးသူက တီးသည်။ ကိုဖေက မျောခွက် ပိုက်လျက်၊ အိမ်ပေါက်စေ့ဝင်၍ 'ဓိဝိတဒါန နွားလွှတ်ပွဲ အတွက် တစ်ပဲ နှစ်ပြား နည်းများမဆို ကုသိုလ်ပါဝင်ကြပါ ခင်ဗျာ' ဟု နှိုးဆော်သည်။ သူ့အသံ ဆိုသည်မှာ ထိုအသံကို ဆိုလိုခြင်း ဖြစ်သည်။

နွားသတ်ရုံက နွားသည် သနားစရာ ကောင်းသည်။ မျက်ရည်အသွယ်သွယ်နှင့် ဖြစ်သည်။ ထိုသို့ ကိုဖေ ပြောလေ့ရှိသည်။ သူ့စိတ်ထဲတွင် ထိုသို့ မြင်ဟန် တူလေသည်။ ထို့ကြောင့် ထက်လုစွာသော ဓားအောက် လည်ပင်းရောက်နေသော နွားကို အရပ်က လှူလိုက်သော တစ်ပဲစု နှစ်ပြားစုနှင့် သူ ဝယ်သည်။ ထို့နောက် ချိုဖျားတွင် ပိတောက်ပန်းကို ဆင်သည်။ နွားတစ်ကိုယ်လုံးကို သနပ်ခါး အမွှေးအကြိုင်လိမ်းကျံ ပက်ဖျန်းသည်။ နွားကျောပေါ်တွင် အလှအပ ကော်ဇော လွှားတင်သည်။ ထို့နောက် ပလွေသမား၊ အိုးစည်သမားများနှင့် ဒုတိယမ္ပိရပ်ရွာကို လှည့်သည်။ ဤအခါတွင် အလှူခံဖို့ မဟုတ်။ လှည့်ပြဖို့ ဖြစ်သည်။ သေဘေးသို့ ရောက်နေသော နွားကို ရပ်ရွာ၏ အကူအညီဖြင့် သေဘေးမှ လွှတ်ခဲ့ကြောင်း သက်သေပြဖို့ ဖြစ်သည်။ ရပ်သူရွာသားတို့၏ စေတနာကို ရပ်သူရွာသားများသို့ပင် အကောင်းအထည်ဖော်ပြလိုက်ခြင်း ဖြစ်သည်။ ကိုယ့်စေတနာကို ကိုယ် ပြန်မြင်၍ ဝမ်းမြောက် စေချင်သော သဘောပင် ဖြစ်သည်။

ကိုဖေကို ကျွန်တော် စောဒက တက်ခဲ့သော အချက်တစ်ခုကို

ပြောပြချင်ပါသေးသည်။ ထိုအချက်ကို ထည့်ပြောမှ ကောင်းမည် ထင်သည်။ ကိုဖေသည် ဘုန်းကြီးကျောင်းသား ဖြစ်သည်။ မြန်မာ့ရှေးရိုးစည်းကမ်း အစဉ်အလာနှင့် ရင်းရင်းနှီးနှီး လက်ပွန်းတတီးနေ၍ ကြီးပြင်းလာသူ ဖြစ်သည်။ ကျွန်တော့်မှာ လောကဓာတ်ကျောင်းသား ဖြစ်သည်။ မြန်မာ့ရှေးရိုး စည်းကမ်း အစဉ်အလာ၏ သဘောသကန်ကို ကိုဖေလောက် မသိသူ ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်က ကိုဖေအား 'ဗျို့ ကိုဖေရဲ့၊ ခင်ဗျာ့ နွားလွှတ်ပွဲက ကောင်းပါရဲ့ဗျာ။ နို့ပေတဲ့ တစ်နှစ်တစ်ခါ လွှတ်ရုံနဲ့ နွားအားလုံး ဘယ်ချမ်းသာမှာတုံးဗျ။ နေ့တိုင်း၊ နာရီတိုင်း၊ မိနစ်တိုင်း လွှတ်နိုင်မှ ဟန်မယ်ဗျ' ဟု လှောင်လို ပြောင်လိုသော သဘောဖြင့်၊ ဝါ၊ မင့်ထက် ငါတတ်သည် ဟူသော သဘောဖြင့် ငေါ့ပြောလိုက်သည်။ ထိုအခါ ကိုဖေက 'ဖြစ်မှ ဖြစ်ရပလေ ကိုရင်ရယ်၊ ကိုရင် တွေးသလို တွေးမယ် ဆိုလျှင်လည်း တွေးသင့်ပါရဲ့။ နို့ပေတဲ့ ဒီလိုလည်း တွေးကြည့်ပါဦးလေ။ တကယ်ဆိုတော့ သူ့အသက်ကို ကယ်ရမယ် ဆိုတဲ့ တရားဟာ နွားအတွက်သာ ဘယ်ဟုတ်မလဲ။ သတ္တဝါခပ်သိမ်း အတွက်ပဲ ဖြစ်သင့်တာပေါ့။ ဒီတော့ နွားလွှတ်ပွဲရဲ့ သဘောကို ဒီလို ယူကြည့်စမ်းပါ။ နွားလွှတ်ပွဲ ကျင်းပတဲ့အခါတိုင်း ဘေးသင့်နေတဲ့ သတ္တဝါ မှန်သမျှ၊ ဒုက္ခိတ သတ္တဝါ မှန်သမျှဟာ ကယ်အပ် စောင့်ရှောက်အပ်တဲ့ သတ္တဝါတွေပါလားလို့ သတိတရား မဖြစ်နိုင်ပေဘူးလားဗျာ။ ဒီသတိတရားဟာ ကျုပ်တို့ ခင်ဗျားတို့ကို နှစ်စဉ် နှစ်တိုင်း နွေပေါက်တိုင်း နှိုးဆော်နေတာနဲ့ မတူဘူးလားဗျာ။ ဒီတော့ ကျင်းပတဲ့ပွဲက အရေးမဟုတ်ပါဘူးဗျ။ ကျင်းပတဲ့ပွဲရဲ့ သဘောကသာ အရေးပါ' ဟု ကိုဖေက ကျွန်တော့်အား အေးအေးဆေးဆေး ပြန်ဖြေလိုက်ပါသည်။ ဟုတ်သည်။ ကိုဖေ့အပေါ်မှာ ကျွန်တော် လူလည်လုပ်မိပြီ။ ကျွန်တော် ခေါင်းငုံ့နေလိုက်ရပါသည်။

မြန်မာပြည် မလွတ်လပ်ခင်တုန်းက နွားလွှတ်ပွဲ တစ်ပွဲကို မြင်

သဖြင့် အနှောင်အဖွဲ့နှင့် နေရတုန်း ဖြစ်သော ကိုယ့်တိုင်းပြည်ကို နွားကြီးကဲ့သို့ လွတ်မြောက်စေချင်သော စိတ်ကူး ကျွန်တော့်မှာ ပေါက်ဖူးသည်။ လွတ်မြောက်ပါစေဟုလည်း ဆုတောင်းဖူးသည်။ ယခုအခါ မြန်မာပြည် လွတ်လပ်ပေပြီ။ သို့ရာတွင် နွားလွှတ်ပွဲကို နှစ်စဉ် နှစ်တိုင်း နွေပေါက်တိုင်း မြင်ချင်ပါသေးသည်။ မတော်လောဘ အနှောင်အဖွဲ့မှ၊ မတော်ဒေါသ အနှောင်အဖွဲ့မှ၊ မတော်မာန အနှောင်အဖွဲ့မှ၊ ခပ်သိမ်းကုန်သော အဓမ္မ အနှောင်အဖွဲ့ကိုမှ မြန်မာပြည်သည် ဘေးမဲ့ နွားကြီးကဲ့သို့ လွတ်မြောက်ပါစေဟု ဆုတောင်းဖြစ်အောင် သတိလစ်၍ မနေချင်သောကြောင့် ဖြစ်ပါသည်။

ရှုလော့။ နောက်ဆုံးက အိုးစည်ဝိုင်း။ အိုးစည်သံ၊ ပလွေသံ၊ လင်းကွင်းသံ၊ လက်ခုပ်သံ၊ သံချပ်ထိုးသံတို့သည် မြည်၍ လိုက်လာကြသည်။ အိုးစည်ဝိုင်း အရှေ့တွင် ဘေးမဲ့ နွားကြီး။ ပိတောက်ပန်းနှင့်၊ သနပ်ခါးနှင့်၊ ကတ္တီပါနှင့်၊ ကော်ဇောနှင့်၊ ဣန္ဒြေကြီးနှင့်၊ သိက္ခာနှင့် တစ်လှမ်းချင်း လှမ်း၍ ပါလာသည်။ နွားကြီး၏ အရှေ့တွင် ကိုဖေ၏ အက။ ကွေး၍၊ ကော့၍၊ ယိမ်း၍၊ ယိုင်၍၊ ရှေ့ဆုံးက သွားသည်။ ဤသို့လျှင် စီတန်းလှည့်လည်ခြင်းကို ပြုလေသည်။ ဤသို့လျှင် မေတ္တာ အမူအရာ၊ ကရုဏာ အမူအရာ၊ ဝမ်းမြောက်သော အမူအရာတို့သည် လမ်းတကာတွင် စီတန်း လမ်းလျှောက်ကြလေသည်။ အမြတ်ဆုံးသော စီတန်းလမ်းလျှောက်ခြင်းမျိုး ပေတည်း။ ထို့ကြောင့် နွားလွှတ်ပွဲ ကျင်းပခြင်းသည် သဒ္ဓါစေတနာနှင့် ပြုသည်ဟု ဆိုလျှင်လည်း ဟုတ်သည်။ ကချင် ခုန်ချင်၍ ပြုသည်ဟု ဆိုလျှင်လည်း ဟုတ်သည်။ မြန်မာ ပီပါပေသည်။ ထိုအမူအရာမျိုး နွေပေါက်တိုင်း နှ၍ သစ်၍ ပေါ်လာတတ်သည်။ ထိုအမူအရာမျိုးသည် နွေဦးကျက်သရေတစ်ခု ဖြစ်လေသည်။ ထိုအမူအရာမျိုးကို မြန်မာနိုင်ငံသားတို့၏ နွားလွှတ်ပွဲ ယဉ်ကျေးမှုဟု ခေါ်ထိုက်လေသည်။ တစ်ဖန် လူထုအတွက် လူထုက ပြုနိုင်သော အမူအရာမျိုး ဖြစ်သဖြင့် လူထုယဉ်ကျေးမှု ဟူ၍လည်း ဆိုနိုင်ပါသတည်း။

ကဗျာဝိုင်း စာဝိုင်းနှင့် ကျွန်တော်

(ဇော်ဂျီ)

"လက်ဖက်ရည် အဖန်သောက်လျှင်ဖြင့်၊ ကျက်သရေ အမှန် ရောက် ပေလိမ့်၊ ကြဲသလောက်ပြီးတဲ့ရေ။"

အထက်ပါ ကောက်နုတ်ချက်သည် လက်ဖက်ရည် အဖန် သောက်ခြင်း၏ အကျိုးကို ဖွဲ့ဆိုထားသော မန္တလေး ခေတ် လေးဆစ် တစ်ပုဒ်မှ ကောက်နုတ် ဖော်ပြလိုက်သော ပထမအချိုး ဖြစ်သည်။ သဘောသွားကို ဆင်ခြင်လျှင် သဘောကျစရာ ကောင်းလှသည်။ လက်ဖက်ရည်အဖန် သောက်လေ့ရှိခြင်းသည် ကျက်သရေ ရှိလှသည် ဟု ဆိုလိုဟန် တူသည်။

မြန်မာတို့၏ အလေ့အလာအရ လက်ဖက်ရည်အဖန် သောက် သော အချိန်သည် နံနက်အချိန် ဖြစ်သည်။ သောက်ရာ နေရာသည် အိမ်ဦးခန်း ဖြစ်တတ်သည်။ ထို့ကြောင့် လက်ဖက်ရည် အဖန် သောက် သူသည် ကျက်သရေ ရှိသည်ဟု စာဆိုသူက ဆိုလိုက်ဟန် တူသည်။ တစ်ဖန် လက်ဖက်ရည်အဖန် သောက်သည် ဆိုခြင်းသည် အများအား ဖြင့် တစ်ယောက်တည်း ထိုင်သောက်သည်ထက် သုံးလေးဦး ဝိုင်းဖွဲ့၍ သောက်ခြင်းဖြစ်ရာ၊ ခေါင်း သုံးလေးခေါင်း ဆိုင်မိကြသဖြင့် ဉာဏ်

သုံးလေးညဏ် ဆုံမိကြရာသည်။ ထိုအခါ၌ ပြဿနာ တစ်ခုကို ဖြေရှင်းရာ၌ သော်လည်းကောင်း၊ ကိစ္စတစ်ခုကို ကြံစည်ရာ၌ သော်လည်းကောင်း တစ်ဦးခေါင်း တစ်ပညာ ဆိုသကဲ့သို့ ဝိုင်းဝန်းဖြေရှင်းခွင့်ရသဖြင့် ပြဿနာ ပြေလည်နိုင်စရာ အကြောင်းရှိလေသည်။ အကြံအစည် အထမြောက်စရာအကြောင်း ရှိလေသည်။ ထို့ကြောင့် လက်ဖက်ရည် အဖန်သောက်ခြင်းသည် အကြံအစည်လည်း ပြီးသည်ဟု စာဆိုသူက အထက်ပါအတိုင်း ဆိုလိုက်ဟန် တူသည်။

လက်ဖက်ရည်ဝိုင်း ဆိုသည်မှာ တစ်နည်းအားဖြင့် ဆွေးနွေးပွဲတစ်မျိုး ဖြစ်သည်ဟု ဆိုရာသည်။ သို့ရာတွင် တစ်စိတ်အားဖြင့် ကွဲသေးသည်ဟု ထင်သည်။ ဆွေးနွေးပွဲ ဆိုသော စကား၌ နိုင်ငံရေး ဆွေးနွေးသယောင်ယောင်၊ မစေ့စပ်ခင် အကဲခတ်စကား ပြောဆိုသယောင်ယောင် အနက်ထွက်သည်ဟုလည်း အောက်မေ့မိသည်။ ဣန္ဒြေကြီး၊ သိက္ခာကြီး၊ စည်းကြီး၊ ကမ်းကြီးနှင့် ပြောရဆိုရ သယောင်ယောင် အနက်ထွက်သည်ဟုလည်း အောက်မေ့မိသည်။ ထို့ကြောင့် စိတ်ကျဉ်းကျပ်လှသည်ဟု ထင်သည်။ ရွံ့ပင် ရွံ့မိသည်။ လက်ဖက်ရည်ဝိုင်း ဟူရာ၌ကား နိုင်ငံရေးကိုလည်း မတွေးမိ။ အချင်းချင်း အကဲခတ်သည်ဟုလည်း သတိမထား။ ဣန္ဒြေကြီး၊ သိက္ခာကြီးနှင့် ပြောရ ဆိုရမည်ဟုလည်း မအောက်မေ့။ စည်းကြီးကမ်းကြီးနှင့် ပြောရ ဆိုရမည်ဟုလည်း မယူဆ။ စိတ်လွတ်လပ် ချောင်ချိသည်ဟု ထင်သည်။ စိတ်ပျော်ရွှင်သည်။ ထိုမျှသာ မကသေး။ အချင်းချင်း အပေးအယူ ရှိတတ်သည်။ ပြောမနာ ဆိုမနာ ဖြစ်တတ်သည်။ မကွယ်မဝှက် ပြောတတ်သည်။ ချစ်ချစ်ခင်ခင် ဆိုတတ်သည်။ လက်ဖက်ရည်ဝိုင်း ဟူသော စကား၌ ဤသို့လျှင် အနက်ထင်သည်ဟု ယူဆမိသည်။

လက်ဖက်ရည်ဝိုင်း ဟူသော စကားခွန်းကို ကြားရရုံမျှဖြင့် လက်ဖက်ရည်အိုးကို ဗဟိုပြု၍ ဝိုင်းထိုင်ကြဟန်၊ အချင်းချင်း လောကွတ်

ပြုကြဟန်၊ ရယ်ရယ်မောမော ပြောနေကြဟန်၊ မည်သူမဆို ဝိုင်းထဲသို့ ဝင်ပြောနိုင်ဟန်၊ မပြောချင်လျှင် ထ သွားနိုင်ဟန်တို့ကို ပြေးမြင်မိနိုင်သည်။ အမှန်မှာ လက်ဖက်ရည်ဝိုင်းသည် စည်းကမ်းမရှိသယောင်ယောင်နှင့် စည်းကမ်းရှိနေသော စကားဝိုင်းမျိုး ဖြစ်သည်။ စည်းကမ်းကြီးသယောင်ယောင်နှင့် စည်းကမ်းမကြီးသော စကားဝိုင်းမျိုး ဖြစ်သည်။

ထို ဝိုင်းမျိုးတွင် ဉာဏ်ရွှင်သည်။ အာရွှင်သည်။ အကြံကောင်း အဖန်ကောင်း ယိုစီမ့်လာနိုင်သည်။ စကားကောင်း စာကောင်း ပေါ်ထွက်လာနိုင်သည်။ ကွယ်ဝှက်နေသည်တို့ အလင်းသို့ ရောက်လာနိုင်သည်။ ခဲကတ်နေသည်တို့ ကျေသွားနိုင်သည်။ ဖုထစ်နေသည်တို့ ပြေသွားနိုင်သည်။ မြုပ်နေသည်တို့ ပေါ်လာနိုင်သည်။ ရှုပ်နေသည်တို့ ရှင်းလာနိုင်သည်။

ထိုဝိုင်းမျိုးတွင် အဘိဓမ္မာစကား၊ ရာဇဝင်စကား၊ ကဗျာစာပေစကား ပြောဟောလေ့ ရှိကြသည်။ ထိုအလေ့အလာသည် ရှေးယခင်ကစ၍ ရရှိလာခဲ့သော မြန်မာတို့၏ ယဉ်ကျေးမှု အလေ့အလာတစ်ခု ဖြစ်သည်။ ထိုအလေ့အလာကို သာမှု နာမှု မဏ္ဍပ်များ၌ သော်လည်းကောင်း၊ ကျောင်းကန် ဇရပ်များ၌ သော်လည်းကောင်း၊ အိမ်ဦးခန်းများ၌ သော်လည်းကောင်း တွေ့ဖူး မြင်ဖူး ကြားဖူးသူတို့ ယခုတိုင် ရှိနေကြသေးသည်။

မစ္စတာမောင်မှိုင်း မှာတော်ပုံ ဝတ္ထုထဲတွင် ထိုအလေ့အလာကို သာဓကအဖြစ် တွေ့နိုင်သည်။ ဗားဂရာလူထွက် ဦးကျော်ဒွေး၊ အဘိဓမ္မာ ဆရာအေး၊ ရွှေမန်းမောင်မောင်ရွှ၊ မောင်ဖုန်းမြင့်တို့သည် လက်ဖက်ရည် ဝိုင်းတော်သားများ ဖြစ်ကြသည်။ ဗားဂရာလူထွက် ဦးကျော်ဒွေးသည် ထိုဝိုင်းတွင် မဏ္ဍိုင် ဖြစ်သည်။ ပြောနိုင်သည်။ ဟောနိုင်သည်။ ငေါက်စရာရှိလျှင် ငေါက်ပစ်လိုက်သည်။ မောင်ဖုန်းမြင့်သည် ရှာရှာဖွေဖွေ မေးတတ်သည်။ စကား ရေလာမြောင်းပေး လုပ်တတ်သည်။ ဆရာအေး၊ မောင်မောင်ရွှ တို့သည် တစ်ခါတစ်ရံ ဝင်ရွှန်းတတ်ကြ

သည်။ တစ်ခါတစ်ရံ အကတ်ကိုင်တတ်ကြသည်။ တစ်ခါတစ်ရံ ဦးကျော်ဒွေး၏ အနှိမ်ကို ခံကြရတတ်သည်။ သို့ရာတွင် ထိုလက်ဖက်ရည်ဝိုင်းသည် ပျော်စရာ ကောင်းလှသည်။ အငြိမ်းပြေသည်။ ဉာဏ်ပွားသည်။ စိတ်ကျေနပ်မှု ရသည်။

တစ်နေ့က လက်ဖက်ရည်ဝိုင်း တစ်ဝိုင်းတွင် ကျွန်တော် ဝင်ထိုင်မိသည်။ အမှန်မှာ ထိုဝိုင်းတွင် လက်ဖက်ရည်အိုး မရှိ။ ပန်းကန်မရှိ။ အမြည်း မရှိ။ သို့ရာတွင် လက်ဖက်ရည်ဝိုင်း သဘောပင် ဖြစ်သည်။ လက်ဖက်ရည် ပါလျှင်ကား သာ၍ကောင်းမည် ထင်မိသည်။ ထိုဝိုင်းတွင် အသက် ငါးဆယ်ကျော်လည်း ပါသည်။ သုံးဆယ်ကျော်လည်း ပါသည်။ နှစ်ဆယ်ကျော်လည်း ပါသည်။ ပင်စင်စားလည်း ပါသည်။ ကျောင်းဆရာလည်း ပါသည်။ စာရေးဆရာလည်း ပါသည်။ ကျောင်းသားလည်း ပါသည်။

ထိုဝိုင်းတွင် ပြောကြဆိုကြသော အကြောင်း၌ အစီအစဉ် ဟူ၍ မရှိ။ တောရောက် တောင်ရောက် နိုင်လှသည်။ ပြောကြ ဆိုကြသူများသည် ချိန်းချက်ထား၍ ရောက်လာကြသူများ မဟုတ်။ ပြောမည် ဆိုမည် ကြံစည်၍ လာကြသူများလည်း မဟုတ်။ ကိုယ့်ကိစ္စနှင့်ကိုယ် သွားရင်းလာရင်း ဝိုင်းဝင်လာကြသူများသာ ဖြစ်ကြသည်။

ထိုဝိုင်းတွင် တစ်ခါတစ်ရံ ရာဇဝင်စိမ့်မြိုင်ကြီး၌ ခရီးသွားကြသည်။ တစ်ခါတစ်ရံ မျက်မှောက်ခေတ်စာပေ၏ မျက်နှာတွင် နံ့သာပန်းမန် ခြယ်ကြသည်။ တစ်ခါတစ်ရံ ရှေးဟောင်းစာပေ၏ အရိပ်၌ နေနား ဝင်ခိုကြသည်။ ထိုဝိုင်းတွင် မြှောက်ပြောသူလည်း ပါသည်။ ချနင်းသူလည်း ပါသည်။ ခပ်တည်တည် ပြောသူလည်း ပါသည်။ စပ်ဖြဲဖြဲ ပြောသူလည်း ပါသည်။ ရွဲ့ပြောသူလည်း ပါသည်။ ဘုပြောသူလည်း ပါသည်။ ရယ်မောချေပလိုက်သူလည်း ပါသည်။ ထိုဝိုင်းတွင် တစ်ဦးက အစမှ စ၍ တွေးသည်။ တစ်ဦးက အလယ်မှ ဖောက်၍

တွေးသည်။ တစ်ဦးက အဆုံးမှ ဆန်၍ တွေးသည်။ တစ်ဦးက သူ တတ်ကြောင်း ပြချင်သဖြင့် သူ တတ်သမျှ အန်ထုတ်သည်။ တစ်ဦးက ပြုံးပြုံး ပြုံးပြုံးနှင့် နားထောင်ရင်း ချက်ကောင်းကိုင်၍ တွယ်လိုက်သည်။ ဤသို့ဖြင့် စာပေ၏ အနှစ်အရသာသည် မြုပ်ရာမှ ပေါ်လာသည်။ ပေါ်ရာမှ ပျံတက်သည်။ တစ်နည်းအားဖြင့် လက်ဖက်ရည်ဝိုင်းသည် ဘဝ ပီတိရာနည်း တစ်မျိုးပင် ဖြစ်လေသလောဟု ကျွန်တော် တွေးတောလာမိသည်။

ကြက်ဝိုင်းသည် မြန်မာ့ အလေ့အလာတစ်ခု ဖြစ်သည်။ မြန်မာပြည် အနှံ့အပြား ကြက်ဝိုင်းထောင်သူ အလွန် များသည်ဟု ပြောကြသည်။ ကြက်ဝိုင်း ထောင်သကဲ့သို့ လက်ဖက်ရည်ဝိုင်း ထောင်လျှင် ကောင်းမည် ထင်သည်။ ကြက်ဝိုင်း ထောင်လျှင် ရဲသားက စောင့်ဖမ်းတတ်သည်။ လက်ဖက်ရည်ဝိုင်း ထောင်လျှင်ကား ဘယ်ရဲသားကမျှ စောင့်ဖမ်းမည် မဟုတ်ချေ။ သို့ရာတွင် လက်ဖက်ရည်ဝိုင်း ထောင်သူများသည် စာပေနတ်၏ ဖမ်းစားခြင်းကိုကား မုချ ခံကြရတော့မည်။ စာပေနတ် ဖမ်းစားခြင်းကို တကယ်ခံရသူသည် စာရူး ဖြစ်တတ်သည်။

ထို့ကြောင့် လက်ဖက်ရည်ဝိုင်း ထောင်ချင်ကြလျှင် အစကနဦးက ကြိုတင်၍ မြဲမြဲစွဲစွဲ မှတ်ပိုက် လက်ခံထားကြရမည့် အချက်တစ်ခု ရှိသည်။ ထိုအချက်ကား အခြား မဟုတ်။ ဤခေတ်ထဲတွင် တကယ့် စာရူး ဖြစ်သည့်နေ့မှ စ၍ အသင်သည် ကျပ်၊ မတ်၊ မူး၊ ပြား၊ ပေါင်၊ ရှီလင်၊ ပဲနီ၊ ဒေါ်လာများကို ငွေစာရင်းအင်း စောက်ချ၍ ကျားခုတ် ကျားယက် မတွက်တတ်တော့ပြီ၊ ဝါ၊ လောဘ ဇရပ္ပနှင့် လူသားအချင်းချင်း လည်ပင်းနင်း၍ ငွေနောက်သို့သာ တကောက်ကောက် လိုက်နေသော ငွေရူး မလုပ်တတ်တော့ပြီ၊ ဝါ၊ ဒေါသကြီး မာနကြီးနှင့် လူသားအချင်းချင်း ခြိမ်းခြောက် မောင်းမဲ၍ အာဏာနောက်သို့သာ တကောက်ကောက် လိုက်နေသော အာဏာရူး မလုပ်တတ်တော့ပြီ။

ပုဂံမြို့ဟောင်းနှင့် ကျွန်တော်

(ဇော်ဂျီ)

ပုဂံမြို့ဟောင်းတွင် ကြည်ညိုစရာ၊ ကြည်နူးစရာ များပါပေသည်။ ကြည်ညိုစရာ ဆိုသည်မှာ သပ္ပာယ်လှသော ရှေးဟောင်း ဘုရားစေတီများ ဖြစ်၍ ကြည်နူးစရာ ဆိုသည်မှာ နိုင်ငံသစ် တည်ခဲ့သော ရှေးခေတ် ပုဂံသားတို့ ဖြစ်သည်။ ကြည်ညိုစရာကို ဖူး၍ ကြည်နူးစရာကို တွေးရသည်မှာ ဖူး၍ တွေး၍ ကုန်နိုင်ပါတော့မည်လားဟု ကျွန်တော် အောက်မေ့မိသည်။

ပုဂံမြို့ဟောင်းသို့ ကျွန်တော်တို့ တလောက ရောက်ခဲ့ကြသည်။ ရောက်ခဲ့သော ရာသီသည် သီတင်းကျွတ် အကုန်၊ တန်ဆောင်မုန်းအကူး ဆောင်းဦးရာသီ ဖြစ်သည်။ ပုဂံမြို့ဟောင်းသို့ ကျွန်တော် နောက်တစ်ခေါက် အလည်လာလျှင် ထိုရာသီမျိုးတွင် လာချင်သည်။

ထိုရာသီသည် ပုဂံကောင်းကင်၌ တိမ်တောင် တိမ်လိပ်တို့ မြူးချင်တိုင်း မြူးသော ရာသီ ဖြစ်သည်။ ထိုရာသီတွင် တိမ်တောင် တိမ်လိပ်တို့သည် တစ်ခါတစ်ရံ ရွှေစည်းခုံကို ဦးတိုက်နေတတ်ကြသည်။ တစ်ခါတစ်ရံ အာနန္ဒာ၏ ချရားသီး အနီးတွင် လဲလျောင်းနေတတ်ကြသည်။ တစ်ခါတစ်ရံ သဗ္ဗညု၏ အထွတ်တွင် တွဲလဲခိုနေတတ်

ကြသည်။ တစ်ခါတစ်ရံ ဓမ္မရုံကြီး၏ နောက်တွင် တပိတပိုင်း ပေါ် နေတတ်ကြသည်။ တစ်ခါတစ်ရံ တူရွင်းတောင်တွင် တန်းစီနေတတ် ကြသည်။ ထိုအခါ ပုဂံမြို့ဟောင်းသည် ပန်းချီဗိမာန်နှင့်ပင် တူလေ တော့သည်။

ကျွန်တော်တို့ ပုဂံမြို့ဟောင်းသို့ ရောက်ပုံသည် မန္တလေးမှ တစ်ဆင့် ဧရာဝတီမြစ်ကြောင်းမှ စုန်၍ ရောက်ခြင်း ဖြစ်သည်။ ပုဂံမြို့ဟောင်းသို့ နောက်တစ်ခေါက် အလည်လာလျှင်လည်း ထိုရောက်ပုံအတိုင်းပင် ရောက်ချင်သည်။ မန္တလေးမှ စုန်လာလျှင် ပုဂံမြို့ဟောင်းသို့ ရောက်ခါနီး၌ မြစ်ညာ ခပ်လှမ်းလှမ်းမှနေ၍ ပုဂံမြို့ဟောင်းကို ပက်ပင်းပါ မြင်ရမည်ဟု ထင်မိသည်။ သို့ရာတွင် ညောင်ဦး နတ်သမီးကမ်းပါး ဖွေးဖွေးကိုသာ မြင်ရသည်။ ညောင်ဦးမြို့၌ သင်္ဘောကပ်၍၊ ကျွန်တော်တို့သည် မြို့သို့ တက်၍၊ ထို့နောက် မြို့ကို ဖြတ်၍၊ ထို့နောက် မြို့စွန်သို့ ရောက်သောအခါမှာမှ ပုဂံမြို့ဟောင်းကို ပက်ပင်းပါ မြင်ရသည်။ ပက်ပင်းပါ မြင်ရသော အရာကို ပက်ပင်းပါ မမြင်ရဘဲ တစ်ကွေ့ကျော်ပြီးမှသာ မြင်ရသော တစ်ကွေ့ကျော် ဘွားခနဲမြင် အရသာမျိုးကို ခံစားလိုက်ရသည်။

တစ်ဖန် ပုဂံမြို့ဟောင်းကို မမြင်ရခင် ညောင်ဦး နတ်သမီး ကမ်းပါးဖွေးဖွေးကို ကြိုတင် မြင်ရခြင်းကို ကျွန်တော် သဘောကျသည်။ ကမ်းပါးသည် စောက်သည်။ အောက်တွင် ဧရာဝတီ ရှိ၍ အထက်တွင် အချွန်သုံးခု ရှိသည်။ ပုဂံခေတ် ပန်းရန်ပျံတို့သည် ဘုရားစေတီ တည်သောအခါ ဘုရားပန်းတင်ခုံတွင် စိန်တောင် ထည့်လေ့ရှိကြသည်။ စိန်တောင် ဆိုသည်မှာ အချွန်ပင် ဖြစ်သည်။ စိန်တောင်သည် ပန်းတင်ခုံကို လှစေသည်။ ကြွစေသည်။ ညောင်ဦးနတ်သမီးကမ်းပါးရှိ အချွန်သုံးခုသည် ပုဂံမြို့ဟောင်း၏ စိန်တောင် ဖြစ်နိုင်သည်။

ပုဂံမြို့ဟောင်းသို့ သွားသူများသည် အနည်းဆုံး ရွေစည်းခုံနှင့်

အာနန္ဒာတို့သို့ ရောက်တတ်ကြသည်ဟု ပြောကြသည်။ ကျွန်တော်တို့သည် ထိုဘုရားနှစ်ဆူသို့ မရောက်လျှင် မဖြစ်နိုင်။ ရောက်ကြရမည်သာ။

ရွှေစည်းခုံ စေတီတော်ကို မည်သည့်မုခ်ဘက်က ဝင်၍ ဖူးရလျှင် ကောင်းမည်နည်းဟု ကျွန်တော် ချိန်ကြည့်သည်။ ညောင်ဦးမြို့တွင်းရှိ အရှေ့မုခ်ဘက်မှ ဝင်ရလျှင် ကောင်းမည်လော။ ညောင်ဦးမြို့ပြင်ရှိ ပုဂံမြို့သွား လမ်းနံပါး တောင်မုခ်ဘက်မှ ဝင်ရလျှင် ကောင်းမည်လော။ ကျွန်တော်သည် တောင်ဘက်မုခ်မှသာ ဝင်ချင်သည်။ တောင်ဘက်မုခ်မှ ဝင်လျှင် မုခ်ဦး ခြသေ့ရုပ်နှစ်ခုကို ရှင်းရှင်း မြင်ရမည်။ စေတီ၏ပုံတော်ကို ရှင်းရှင်းဖူးရမည်။ မုခ်ဦး ခြသေ့ရုပ် နှစ်ခုသည် ပြည့်ဖြိုးသည်ဟု ထင်ရသည်။ ခွန်အားကြီးသည်ဟု ထင်ရသည်။ စေတီ၏ ပုံတော်သည် ကြံ့ခိုင်သည်ဟု ထင်ရသည်။ ထက်မြက်သည်ဟု ထင်ရသည်။ ကျွန်တော့်မှာ တက်ကြွအားရခြင်း ဖြစ်မိသည်။

မြန်မာတို့ တည်လေ့ရှိသော စေတီတွင် အများအားဖြင့် အခြေခံ ပန်းတင်ခုံ ထည့်သည်။ ထို့နောက် ခေါင်းလောင်းပုံ၊ သို့တည်းမဟုတ် သပိတ်မှောက်ပုံ ထည့်သည်။ ထို့နောက် ဖောင်းရစ် ထည့်သည်။ ထို့နောက် ကြာမှောက်၊ ရွှဲ၊ ကြာလန်တို့ ထည့်သည်။ ထို့နောက် ချရားသီး၊ သို့မဟုတ် ငှက်ပျောဖူး ထည့်သည်။ ထို့နောက် ထီး၊ ငှက်မနား၊ စိန်ဖူးတို့ ထည့်သည်။ ထိုအရာတို့သည် စေတီတိုင်းရှိ မြန်မာဗိသုကာအင်္ဂါများ ဖြစ်သည်။ ထိုအင်္ဂါများကို အချိုးကျထည့်၍ စေတီတည်နိုင်လျှင် စေတီတိုင်း သပ္ပာယ်ရမြဲ ဖြစ်သည်။

ရွှေစည်းခုံ စေတီတော်သည် သပ္ပာယ်လှပါပေသည်။ ကျွန်တော်သည် ရွှေစည်းခုံကို ကြည်ညိုနေရာမှ ရွှေစည်းခုံ သပ္ပာယ်ပုံကို ဆင်ခြင်နေမိသည်။ ရွှေစည်းခုံ၏ သပ္ပာယ်ပုံသည် ရွှေတိဂုံ၏ သပ္ပာယ်ပုံနှင့် မတူပါတကား။ ယှဉ်ကြည့်လေလေ မတူလေလေ ပါတကား။ ဤသို့လျှင် ကျွန်တော် တွေးမိလာသည်။

ရွှေတိဂုံ၏ ပုံတော်သည် ပြေပြစ်သည်။ နွဲ့နှောင်းသည်။ စိတ်ချမ်းမြေ့ဖွယ် ဖြစ်သည်။ ရွှေတိဂုံကို မွမ်းမံတည်ဆောက်သော ခေတ်သည် အကြေအရပ်တွင် စစ်မက် မရှိသောခေတ် ဖြစ်သည်။ တိုင်းသူပြည်သားတို့ စိတ်အေးလက်အေး နေကြရသောခေတ် ဖြစ်သည်။ ယခုခေတ် ဉာဏ်တော်နီးပါးအထိ ဦးဆောင်၍ မွမ်းမံ တည်ဆောက်ကြသောသူတို့သည် ဟံသာဝတီမင်း ဗညားကျန်းနှင့် ဟံသာဝတီ ထီးနန်းကိုစွန့်ပြီးနောက် ဟံသာဝတီ နေပြည်မှ ဒဂုန်ကျေးသို့ ကြွလာ၍ တရားဘာဝနာနှင့် ငြိမ်းချမ်းစွာ နေလိုသော ဘုရင်မ ရှင်စောပုတို့ ဖြစ်ကြသည်။ ရွှေတိဂုံ စေတီတော်ကို ထိုသို့သော ခေတ်တွင် ထိုသို့သောမင်းတို့က မွမ်းမံပြုပြင် တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

ရွှေတိဂုံစေတီ၏ပုံတော် ပြေပြစ်ခြင်း၊ နွဲ့နှောင်းခြင်း၊ စိတ်ချမ်းမြေ့ဖွယ် ဖြစ်ခြင်းတို့သည် ထိုခေတ်၏ သဘောကို လည်းကောင်း၊ ထို တိုင်းသူပြည်သားတို့ သဘောကို လည်းကောင်း၊ ထိုမင်းတို့၏ သဘောကို လည်းကောင်း မလွန်ဆန်နိုင်သော ပန်းရန်ပျံတို့၏ လက်ရာကြောင့် ဟူ၍ ဆိုနိုင်သည်။

စင်စစ် ရွှေတိဂုံသည် ဗိသုကာ ပညာတွင် အယဉ်အနု သဘောဖြင့် သပ္ပာယ်၍၊ ရွှေစည်းခုံသည် အခံ့အသန့် သဘောဖြင့် သပ္ပာယ်သည်ဟု မဆိုကောင်း ဆိုကောင်း ဆိုလိုက်ချင်ပါတော့သည်။

ရွှေစည်းခုံကို ရှင်အရဟံနှင့် အနော်ရထာ မင်းကြီးတို့ ဦးဆောင်၍ ပုဂံသားတို့က ဝိုင်းတည်ကြသည်။ ထို့နောက် ကျန်စစ်သားမင်းကဆက်တည်သည်။ ထိုမင်းနှစ်ပါး လက်ထက်မှ စ၍ နိုင်ငံတော် နယ်နိမိတ်သည် ပုဂံဒေသမှ ယခုခေတ် ပြည်ထောင်စုဒေသ နီးပါးအထိကျယ်ဝန်းလာသည်။ ဗုဒ္ဓသာသနာတော်သည် ပထမအကြိမ် တစ်နိုင်ငံလုံး၏ မြတ်နိုးစုံမက်ခြင်းကို အညီအညွတ် ခံယူရရှိလာသည်။ တိုင်းသူပြည်သားတို့သည် နိုင်ငံရေး၊ သာသနာရေး စိတ်ဓာတ် တက်ကြွနေသူ

များ ဖြစ်သည်။ မင်းနှစ်ပါးသည် နယ်ပျို ထက်မြက်သူများ ဖြစ်၍ နိုင်ငံတွင် ကိုယ်နှုတ်နှလုံး တပြေး ညီညာအောင် ဆောင်ရွက်နေသူများ ဖြစ်သည်။ ထို့ကြောင့် မုခ်ဦး ခြင်္သေ့ရုပ် ပြည့်ဖြိုးခြင်း၊ ခွန်အားကြီးခြင်း တို့သည် ထိုခေတ်၏ သဘောကို လည်းကောင်း၊ ထိုတိုင်းသူပြည်သား တို့၏ သဘောကို လည်းကောင်း၊ ထိုမင်းနှစ်ပါး၏ သဘောကို လည်း ကောင်း မလွန်ဆန်နိုင်သော ပန်းရန်ပျံတို့၏ လက်ရာကြောင့် ဟူ၍ ဆိုနိုင်သည်။ ရွှေစည်းခုံ စေတီ၏ ပုံတော် ကြံ့ခိုင်ခြင်း၊ ထက်မြက်ခြင်း၊ တက်ကြွအားရဖွယ်ဖြစ်ခြင်း တို့သည်လည်း ထိုသို့သော ပန်းရန်ပျံတို့ ၏ လက်ရာကြောင့် ဟူ၍ပင် ဆိုနိုင်သည်။

ရွှေစည်းခုံတွင် ထိုသို့ ဖူး၍ ထိုသို့ တွေးနေရသည်မှာ ကောင်းလှ ပါ၏။ သို့ရာတွင် နေနည်းသွားမည်။ ကျန်စစ်သားမင်း တည်တော်မူသော အာနန္ဒာ ဘုရားသို့ သွားလိုက်ချင်သေးသည်။ ကျန်စစ်သား မင်းကြီး လက်ထက်တွင် ငရမန် သူပုန်ကို အောင်မြင်ပြီးသည်မှ စ၍ နိုင်ငံရေး၌လည်း ရန်ပြေကုန်ကြပြီ။ သာသနာရေး၌လည်း မာန်ပြေ ကုန်ကြပြီ။ တိုင်းပြည်သည် ငြိမ်းချမ်းရေးမှ တည်တံ့ခိုင်မြဲရေးသို့ ချီတက် နေပြီ။ ကျန်စစ်သားမင်းကြီး ဆိုသည်မှာလည်း သတ္တိ ဗျတ္တိရှိသူ ဖြစ် သော်လည်း နိုင်ငံ ငြိမ်းချမ်းမှုကို လိုလားသူ ဖြစ်သည်။ နိုင်ငံကို မျှတစွာ အုပ်ချုပ်လိုသူ ဖြစ်သည်။ အတင့်အတယ် အဖွယ်အရာကို ကြိုက်သူ ဖြစ်သည်။ အာနန္ဒာတွင် ထိုခေတ် သဘော၊ ထိုမင်း၏ သဘောတို့ကို ကောက်ယူနိုင်လေသည်။

ရွှေစည်းခုံကို ဇရာဝတီ မြစ်ကမ်းပါး၌ တည်ထားသည်။ ရွှေ စည်းခုံကို အညာအကြေ အဝေးအလံ အရပ်မှ ဖူးမြင်နိုင်သည်။ ရွှေစည်းခုံ ခြေတော်ရင်း အရပ်လေးမျက်နှာ၌ ခြင်္သေ့ရုပ် နှစ်ရုပ်စီ အစောင့်ထား သည်။ ရွှေစည်းခုံသည် နိုင်ငံ့အင်အားကို ပြထားသည်နှင့်ပင် တူသည်။ ရဲလျှင် ထွက်ခဲ့ကြဟောဟု ကြုံးဝါးနေသည်နှင့် တူလေသည်။ အာနန္ဒာ

ကို ပုဂံမြို့ အတွင်းပိုင်း၌ တည်ထားသည်။ အာနန္ဒာကို ပုဂံမြို့သို့ ချဉ်းကပ်လာသော အခါမှာမှ ဖူးမြင်နိုင်သည်။ တံတိုင်းရံ၍ တံတိုင်းလေးမျက်နှာတွင် တံတိုင်းမုခ် ပြာသာဒ်တစ်ဆောင်စီ ဆောက်ထားသည်။ တံတိုင်း အတွင်းတွင် ဂူဘုရား သို့မဟုတ် တန်ဆောင်းမ ဟူ၍ ရှိသည်။ တန်ဆောင်းမ၏ လေးမျက်နှာတွင် အာရုံခံ မုခ်ထွက် (မဏ္ဍပ်) လေးခု ရှိသည်။ တန်ဆောင်းမ အထက်တွင် ပစ္စယာ အဆင့်ဆင့်တင်၍ စေတီပေါက်ထားသည်။ အာနန္ဒာသည် နိုင်ငံတော် ငြိမ်းချမ်းတည်တံ့နေမှု၊ မျှတမှု၊ အတင့်အတယ် အဖွယ်အရာ ရှိမှုတို့ကို ခင်းကျင်းထားသည်နှင့် တူသည်။ ချစ်သားတို့၊ လာလှည့်ကုန်၊ စားလှည့်ကုန်ဟု မြူခေါ်နေသည်နှင့်ပင် တူလေသည်။

အာနန္ဒာ တန်ဆောင်းမ အတွင်းသို့ ဝင်ကြဦးစို့။ ဝင်လျှင် အရှေ့ဘက်တံတိုင်း မုခ်ပြာသာဒ်မှသာ ကျွန်တော် ဝင်လိုသည်။ တောင်ဘက်၊ မြောက်ဘက်၊ အနောက်ဘက်တံတိုင်း မုခ်ပြာသာဒ် တစ်ခုခုမှဝင်လျှင် ကျွန်တော်၏ ဝင်ခြင်းသည် ရှေးပုဂံသားတို့၏ ဝင်ခြင်းနှင့် တူမည် မထင်။ ရှေးခေတ် ပုဂံသားတို့ ခံစားရမည် ဖြစ်သော ဘုရားဖူး အရသာမျိုးကို ခံစားရမည် မထင်။ တောင်ဘက်၊ မြောက်ဘက်၊ အနောက်ဘက်တို့တွင် တံတိုင်း မုခ်ပြာသာဒ်နှင့် တန်ဆောင်းမ၏ အာရုံမုခ်ထွက်တို့အကြား ရင်ပြင် ကွက်လပ် ဟူ၍ မရှိတော့ချေ။ မျက်မှောက်ခေတ် တိုက်စောင်းတန်း နတ်လမ်းများက ဝင်၍ ကွယ်နေကြလေပြီ။ အရှေ့ဘက် တစ်ခုတည်း၌သာလျှင် ပုဂံခေတ်မှာကဲ့သို့ ရင်ပြင်ကွက်လပ် ကျန်နေသေးသည်။ ထို့ကြောင့် အရှေ့ဘက် တံတိုင်း မုခ်ပြာသာဒ်မှသာ ကျွန်တော် ဝင်လိုခြင်း ဖြစ်သည်။

အာနန္ဒာကို တည်စဉ်က ကျန်စစ်သားမင်းကြီးသည် အာနန္ဒာ ဘုရားဖူးကို တံတိုင်း မုခ် ပြာသာဒ် တစ်ခုခုတွင် တအောင့်မျှ နေနားစေလိုဟန်တူသည်။ ထိုနောက်မှ တန်ဆောင်းမ အထက်၌ ပေါက်ထား

သော စေတီတော်ကို မော်ဖူးစေလိုဟန် တူသည်။ ထို့ကြောင့် တံတိုင်း မုခ်ပြာသာဒ်၏ မျက်နှာတူရူ၌ ရင်ပြင်ကွက်လပ်ကို ချန်ထားခြင်း ဖြစ်သည်။ ဤသို့ဖြင့် ထိုဘုရားဖူးသည် တန်ဆောင်းမ၏ အရှေ့ဘက် မျက်နှာရှိ အာရုံခံ မုခ်ထွက်ကို ရှင်းရှင်းမြင်နိုင်သည်။ ထိုအခါ ထို အမြင်သည် ထိုအာရုံခံ မုခ်ထွက်၏ အထွတ်သို့ ရောက်နိုင်သည်။ ထိုမှတစ်ဆင့် စေတီအထွတ်သို့ ရောက်နိုင်သည်။ ကျန်စစ်သားမင်းကြီးသည် အာနန္ဒာကို တည်စဉ်က ထိုသို့ပင် အလိုရှိတော်မူခဲ့ဟန် တူသည်။ ပုဂံခေတ် ပန်းရန်ပျံတို့ကလည်း မင်းကြီး အလိုရှိတော်မူခဲ့သည့်အတိုင်း ပင် မိမိတို့၏ ဉာဏ်စွမ်း လက်စွမ်းကို ပြခဲ့ဟန်တူသည်။

ထို့နောက် အာနန္ဒာ ဘုရားဖူးသည် တံတိုင်းမုခ် ပြာသာဒ်မှ ခွာ၍ တန်ဆောင်းမ အတွင်းသို့ ဝင်ဖူးရန် ရှိလေသည်။ တန်ဆောင်းမ အတွင်းတွင် အရှေ့ အနောက် တောင် မြောက် လေးမျက်နှာ၌ မတ်ရပ် ဆင်းတုတော် တစ်ဆူစီ တည်ထားလေသည်။ ဤတွင်လည်း ကျန်စစ်သား မင်းကြီးသည် ထိုဘုရားဖူးကို မတ်ရပ် ဆင်းတုတော်ဆီသို့ ဖြောင့်ဖြောင့် တန်းတန်း ရောက်စေ၍ မတ်ရပ် ဆင်းတုတော်ခြေရင်း၌ မာန်ကို လျှော့ချ စေလိုဟန် တူလေသည်။ ရတနာသုံးပါးသာလျှင် ကိုးကွယ်ရာ၊ မှီခိုရာ၊ လဲလျောင်းရာ ဖြစ်ပေသည်တကား ဟူသော သဒ္ဓါတရားကို ပွားစေ လိုဟန် တူသည်။ ထို့ကြောင့် အာရုံခံ မုခ်ထွက်၏ မျက်နှာကြက်ကို အပြန့်မပြုဘဲ ဥကင်သဖွယ် ဝဲဘက် ယာဘက်တို့သို့ နိမ့်လျှောပြုထား ခြင်း ဖြစ်သည်။ ထိုအခါ မျက်နှာကြက် ခေါင်ကြောင်းသည် ပြတ်သား ထင်ရှား၍ မုခ်ဝမှ အတွင်းဘက်သို့ တန်းလျက် ဝင်သွားသည်။ ထိုမှ တစ်ဆင့် ထိုခေါင်ကြောင်းသည် မတ်ရပ် ဆင်းတုတော်၏ မျက်နှာတူရူ သို့ ညွှန်ပြနေဘိသကဲ့သို့ ဖြစ်လာသည်။

ထိုခေါင်ကြောင်းသည် အာနန္ဒာ ဘုရားဖူး၏ မျက်စိကို ချူရန် ဖြစ်သည်။ ချူမိလျှင် ထိုမျက်စိကို မတ်ရပ်ဆင်းတုတော်၏ မျက်နှာ

တော်ဆီသို့ ပို့ပေးမည် ဖြစ်သည်။ ဤသို့ဖြင့် ထိုမျက်စိသည် မျက်နှာ တော်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်နိုင်သည်။ ရောက်လျှင် အသို့ ဖြစ်မည်နည်း။ မျက်နှာတော်တူရူတွင် အလင်းပေါက် ဖောက်ထားပြီး သည်ဖြစ်ရာ ထိုဘုရားဖူးသည် ဝန်းကျင်ဝိုးဝါးတွင် မျက်နှာတော် အဝင်း အလဲ့ကို မြင်နိုင်သည်။ တစ်ဖန် မတ်ရပ် ဆင်းတုတော်ကို တစ်ဆယ့် ရှစ်တောင် အမြင့် တည်ထားသည် ဖြစ်ရာ ထိုဘုရားဖူးသည် ခြေတော် ရင်းတွင် ကိုယ်တော်၏ အကဲအမိုးကို မြင်နိုင်သည်။ ဤသို့ဖြင့် ထို ဘုရားဖူး၌ မာန်လျှော့ခြင်း၊ သဒ္ဒါခြင်းတို့ကို ဖြစ်စေသည်။ ကျန်စစ်သား မင်းကြီးသည် အာနန္ဒာကို တည်စဉ်က ထိုသို့ပင် အလိုရှိတော်မူဟန် တူသည်။ ပုဂံခေတ် ပန်းရန်တို့ကလည်း မင်းကြီး အလိုရှိတော်မူသည့် အတိုင်းပင် မိမိတို့၏ ဉာဏ်စွမ်း လက်စွမ်းတို့ကို ပြခဲ့ဟန် တူလေသည်။

ကျွန်တော်သည် အာနန္ဒာ အရှေ့မျက်နှာ တံတိုင်း မုခ် ပြာသာဒ် မှသာ ဝင်လိုသည့်အတိုင်း ဝင်ခဲ့သည်။ ဖူးခဲ့သည်။ ရှေးပုဂံခေတ် အာနန္ဒာ ဘုရားဖူးတို့ကိုလည်း အောက်မေ့ သတိရခဲ့သည်။ ကျွန်တော်သည် အာနန္ဒာမှ သရပါ မြို့ဟောင်းတံခါးသို့ ပြေးလိုက်ချင်သေးသည်။ ထိုမှ ဗူးဘုရားသို့ ကူးလိုက်ချင်သေးသည်။ ထိုမှ ပိဋကတ်တိုက်သို့ ပြန်လာ ချင်သေးသည်။ ထိုမှ ရွှေဂူကြီး၊ သဗ္ဗညု၊ နတ်လှောင်ကျောင်း၊ ပုထိုး သများ၊ ကန်တော့ပလ္လင်တို့သို့ ခုန်လိုက်ချင်သေးသည်။ ထိုမှ မင်္ဂလာ စေတီ၊ မနူဟာ၊ ဓမ္မရံကြီး၊ စူဠာမဏိ၊ ထီးလိုမင်းလို၊ ဥပါလိသိမ်တို့သို့ လွှားလိုက်ချင်သေးသည်။ ထိုမှ အပယ်ရတနာ၊ နဂါးရုံ၊ လောကနန္ဒာ တို့သို့ ပျံလိုက်ချင်သေးသည်။ နန္ဒပညာတွင် ပန်းချီကို ကြည့်လိုက်ချင် သေးသည်။ နန်းဘုရားတွင် ပန်းတမော့ကို ကြည့်လိုက်ချင်သေးသည်။ ဂူပြောက်ကြီးတွင် ပန်းတော့ကို ကြည့်လိုက်ချင်သေးသည်။ ရွှေဖက်လိပ် ငွေဖက်လိပ်တွင် ဖုတ်မြေ စဉ့်ကွင်းတို့ကို ကြည့်လိုက်ချင်သေးသည်။ ငကျွဲနားတောင်းတွင် စဉ့်စိမ်းကို ကြည့်လိုက်ချင်သေးသည်။ မြစေတီ၌

ရာဇကုမာရ် ကျောက်စာကို ဖတ်လိုက်ချင်သေးသည်။ တစ်ခေါက်တည်းတွင် ကျွန်တော် လောဘကြီးလွန်းနေပြီ။

ပုဂံကို သိချင်လျှင် တစ်ခေါက်နှင့်လည်း မပြီးနိုင်။ နှစ်ခေါက်နှင့်လည်း မပြီးနိုင်။ အခေါက်ခေါက် အခါခါနှင့်မှ ပြီးနိုင်မည်။ ကျွန်တော်တို့၏ ဘိုးဘွားများသည် တစ်ခါ တစ်ခေတ်ကသော် နိုင်ငံ ထူထောင်ရေး၌ အလွန် စိတ်ထက်သန်ခဲ့ကြပါပေသည်။ သာသနာပွင့်လင်းရေး၌ အလွန် စိတ်ထက်သန်ခဲ့ကြပါပေသည်။ နောင်လာနောက်သားတို့ အကျိုးအတွက် အလွန် အလုပ်လုပ်ခဲ့ကြပါပေသည်။ ကျောက်အုတ်မြေအုတ်တို့ဖြင့် ပြီးသော အထုကြီး အထည်ကြီးတို့ကို ကိုင်တတ်ကြပါပေသည်။ ကျွန်တော်သည် ဤသို့ မြည်တမ်းလျက်သာ သာစုခေါ်၍ ပုဂံမြို့ဟောင်းမှ ခွာခဲ့သည်။

ပုဂံမြို့ဟောင်းမှ အပြန်တွင် ညောင်ဦးကို ဖြတ်သွားရသည်။ ညောင်ဦးကို ဖြတ်သွားရသည့်အတူတူ ဆပဒစေတီသို့ ဝင်ဖူးသွားချင်ပြန်သည်။ နောက်တစ်ခေါက်မှာမှ ဖူးလျှင်လည်း ဖြစ်ပါ၏။ သို့ရာတွင် ဆပဒသည် ညောင်ဦးဈေး တောင်ဘက် မဝေးလှသော အရပ်၌ ရှိသည်ဖြစ်ရာ သွား၍ဖူးနိုင်လျှင် ကောင်းပါသည်။

ဆပဒစေတီသည် ဆပဒမထေရ် တည်ထား ကိုးကွယ်သော စေတီ ဖြစ်သည်။ ဆပဒမထေရ်သည် ပုသိမ်ဇာတိ ဖြစ်သည်။ သီဟိုဠ်သို့ သာမဏေဘဝနှင့် ပါသွားသည်။ သီဟိုဠ်၌ သံဃာကံပြု၍ ပဉ္စင်းခံသည်။ သီဟိုဠ်၌ ဆယ်ဝါခန့် စာသင်သည်။ ထို့နောက် ပုသိမ်သို့ ပြန်လာသည်။ ထို့နောက် ပုဂံသို့တက်ကာ သီတင်းသုံးသည်။ ဆပဒမထေရ်သည် ပိဋကတ် ဆောင်နိုင်သူ ဖြစ်သည်။ နောင်အခါ ပုဂံတွင် သာသနာဂိုဏ်းသစ်ကို ထောင်သည်။ ဂိုဏ်းသစ် ထောင်လိုသဖြင့် ဆပဒစေတီကို တည်ခြင်း ဖြစ်သည်။ ထို့ကြောင့် ဆပဒစေတီ၏ ပုံတော်သည် သီဟိုဠ်ပုံ ဖြစ်လာသည်ဟု ထင်မိသည်။

ဆပဒစေတီကို ကျွန်တော် ဖူးရသောအခါ ဖူးရင်းပင် ရှေးပုဂံခေတ်က မြန်မာနိုင်ငံသားတို့၏ ကိုယ်နှုတ်နှလုံး အမူအရာတို့ကို အံ့ဩ၍မဆုံး ဖြစ်ခဲ့ရသည်။ ပုသိမ်ကျေးက နိုင်ငံသား တစ်ဦးသည် နေပြည်တော် ပုဂံတွင် ခေါင်းဆောင်တစ်ဦး ဖြစ်လာနိုင်ပါပေသည်။ ပုဂံ သာသနာ အားကြီးရာ ဒေသတွင် သီဟိုဠ် ဂိုဏ်းသစ်ကို ထောင်ရဲပါပေသည်။ ဆပဒစေတီ ကြည်လင်ပြတ်သားခြင်းသည် ထိုအကြောင်းများကြောင့် ဖြစ်တန်ရာသည်။ တစ်ဖန် ထို့ထက် အံ့ဩဖွယ် ကောင်းသည်ကား နေပြည်တော် ပုဂံက နိုင်ငံသားများကလည်း ပုသိမ်ကျေးက နိုင်ငံသားတစ်ဦး၏ ခေါင်းဆောင်မှုကို လက်ခံတတ်ကြပါပေသည်။ ဂိုဏ်းသစ်ထောင်မှုကို ကြည်သာတတ်ကြပါပေသည်။ လှေကားနှင့် မုခ်နှင့် ဆပဒစေတီ သာသာယာယာ ရှိခြင်းသည် ထိုအကြောင်းများကြောင့် ဖြစ်တန်ရာသည်။

ကျွန်တော်သည် ဆပဒစေတီကို ဖူးမြော်ပြီးသည့်နောက် ရှေးပုဂံခေတ်က မြန်မာနိုင်ငံသားတို့သည် နိုင်ငံသားစိတ် မွေးတတ်ကြပေသည် တကား။ ပြုရဲသောသတ္တိ ရှိကြပေသည် တကား။ အကြည်အသာခွင့်ပေးတတ်သော စေတနာမြတ် ထားတတ်ကြပေသည် တကားဟု မြည်တမ်း၍ ညောင်ဦးမှ ခွာခဲ့ပါသတည်း။

အိုးစည်သံ

(မင်းသုဝဏ်)

"ရှမ်းဗေထုံ၊ မီးဆာလှုံ။ မီးဆာလှုံ၊ ရှမ်းဗေထုံ" ဟု ဟစ်အော် ကြွေးကြော်ရင်း မျက်စိကို မိုးကိုမျှော်၍၊ လက်က အိုးစည်ကို ထုလျက် ကျွန်တော်တို့သည် ငယ်စဉ်အခါက ပျော်ပါးခဲ့ကြ၏။ ရွာလမ်းမတွင် ကျွန်တော်တို့၏ အိုးစည်သံနှင့် တေးသံတို့သည် သူသာ ငါနိုင် ပြိုင်ဆိုင်ခဲ့ကြ၏။ သစ်ရိပ်ကောင်းကောင်းမှနေ၍ ကျွန်တော်တို့သည် အိုးစည်သံနှင့် တေးသံတို့ဖြင့် နေမင်းကို ပူဇော်ခဲ့ကြ၏။ တလင်းပြောင်ပြောင်မှနေ၍ လမင်းကို ပူဇော်ခဲ့ကြ၏။ နေမင်း လမင်းတို့ ပေးသော ဆုတွင် ခိုလှုံလျက် ကျွန်တော်တို့သည် ခုန်ပေါက် သီ က ကာ ပျော်ပါးခဲ့ကြ၏။ ကျန်းမာခဲ့ကြ၏။ သန်စွမ်းခဲ့ကြ၏။ ထိုသို့ဖြင့် အမိနို့ရည်သည် ကျွန်တော်တို့၏ သွေးသားနှင့် ရောနှော ပေါင်းစပ်နေသကဲ့သို့ အိုးစည်သံ တေးသံတို့သည်လည်း ကျွန်တော်တို့၏ အသွေးအသားနှင့် ရောနှော ပေါင်းစပ်လျက် ရှိလေတော့သည်။

နေ့ရော ညပါ ရွာလမ်းတွင် ပျော်ပါးသော အိုးစည်ကလေး လက်သီးဆုပ်၏ အသံကို အားကျသည့်အလား ဝါလ သီတင်းအကျွတ်တွင် အိုးစည်ကြီးများ၏ အသံသည် ပေါ်ထွက်လာလေသည်။ ရွာထိပ်

မှလည်း ပေါ်ထွက်လာ၏။ ရွာတောင်မှလည်း ပေါ်ထွက်လာ၏။ ရွာမြောက်မှလည်း ပေါ်ထွက်လာ၏။ ရွာကလေးတွင် အိုးစည်သံသည် မိုးမွှန်လေပြီ။ ညဦး လရောင်အောက်တွင် ရွာကလေးကို ထုတ်ချင်းခပ်မြည်ဟိန်းသွားသော မုန့်ဆန်းထောင်း လက်ဆုံသံသည် အိုးစည်သံနှင့် သမီးမောင်နှံပမာ ဘုရားသွား ကျောင်းတက် အတူထွက်ပေါ်လာလေသည်။ အိုးစည်ကြီးတို့သည် ပလွေနှင့် လင်းကွင်း၊ လက်ခုပ်နှင့် မောင်းတို့ကိုလည်း အဖော်ခေါ်ခဲ့ကြသေး၏။ ၎င်းရဲဘော် တစ်စုတို့သည် သီတင်းကျွတ် လပြည့်နေ့၌ ပဒေသာပင်များတွင် ရံ၍ ဘုန်းကြီးကန်တော့သွားကြ၏။ သံချပ်တွေ တမြိုင်မြိုင်နှင့် အလွန် ပျော်ပါးကြလေသည်။ တန်ဆောင်မုန်း လပြည့်နေ့တွင် ကထိန်သင်္ကန်းကပ်ရန် ထွက်ကြပြန်၏။ တောင်ပိုင်း အိုးစည်နှင့် မြောက်ပိုင်း အိုးစည်၊ အရှေ့ပိုင်း အိုးစည်နှင့် အနောက်ပိုင်း အိုးစည်တို့သည် ကျောင်းပရိဝုဏ် အတွင်းတွင် ပျော်ပွဲကို ကျင်းပကြ၏။

ထိုနောက် နတ်တော် ပြာသို ၂ လတွင် အိမ်တွင်း၌ ခဏကွေးကြ၍ တပို့တွဲ လပြည့်ဆီသို့ ရောက်ပြန်သောအခါ ထွက်လာကြပြန်လေ၏။ ထိုအခါတွင်ကား ကျောင်းသို့ မသွား။ ည လသာသာ အိမ်ရှေ့တလင်းတွင်းရှိ မီးဖိုနား၌ ပျော်ပါး ကြော်ကြွေးကြလေသည်။ ထမနဲထိုးသောသူများ၊ ဝေသောသူများ၊ စားသောသူများသည် အိုးစည်သံဖြင့် ကရတော့မလိုလို၊ ခုန်ရတော့မလိုလို တရှီးရှီး တရှူရှူ ဖြစ်နေကြကုန်၏။ သီတင်းကျွတ် တန်ဆောင်မုန်းလဆီတွင် လွှတ်ခဲ့သော မီးပုံးပျံကြီးများ မှိုင်းဝသောအခါ တရှုရှု တလှုပ်လှုပ် ဖြစ်နေသည်နှင့် တူလေတော့သည်။

တပေါင်းလတွင် ခဏ အနားယူကြပြန်၏။ အားမွေးကြပြန်၏။ တန်ခူးလ သင်္ကြန်တွင်းသို့ ရောက်သောအခါ တစုတဝေးကြီး ထွက်လာကြပြန်၏။ ထိုအချိန်ကား နွေခေါင်ခေါင်တည်း။ ရေလည်း ပူ၏။

လေလည်း ပူ၏။ သစ်ပင်တို့သည်လည်း ကျိုးတိကျိုးတဲနှင့် ခပ်မွဲမွဲပင် ရှိကြ၏။ ရွာလမ်းတို့သည် ဖုတ်တထောင်းထောင်းနှင့် ဖြစ်လေသည်။ အထက်ပူ အောက်ပူ ရှေ့ပူ နောက်ပူ ဝဲယာနှစ်ဖက်လည်း ပူသော တန်ခူးလအပူထဲတွင် အိုးစည်အသံ စီညံညံသည် ရွာရိုးတွင် မြည်ဟိန်း ပြန်၏။ သကြိန်ထမင်း ကျွေးသော အိမ်ရှေ့ဆီကလည်း မြည်၏။ လှူ မျောက်ပွဲဆီကလည်း မြည်၏။ ဘေးမဲ့ နွားကြီးအတွက် အလှူခံသည့် ဆီကလည်း မြည်၏။

ဤသို့ဖြင့် ညိုသော အသားရောင်သည် မြန်မာတို့၏ အမျိုးသား အရောင် ဖြစ်သကဲ့သို့ အိုးစည်သံသည်လည်း မြန်မာတို့၏ အမျိုးသား တူရိယာသံ ဖြစ်လေသည်။ အိုးစည်သံကို ကြားရ၍ စိတ်မတုန်လှုပ်သော မြန်မာကား ရှားလေမည်။ ဤမြေမျက်နှာပေါ်တွင် အိုးစည်သံ မပျောက် သေးသမျှ မြန်မာအမျိုး တိမ်ကော ပျောက်ပျက်ရန် ခဲယဉ်းလေမည်။ "အိုးစည် အိုးစည် အိုးစည်သားဗျ။ လူရေ့၊ လူရေ၊ လူရေ ခြားစ" ဟူသော တေးသံ မဆိတ်သေးသမျှ မြန်မာတို့အတွက် ပျော်ရေးရွှင်ရေး လမ်းကြောင်းကြီးသည် ဖြူးလျက်ပင် ရှိလေဦးတော့မည်တည်း။

အလွမ်းရယ်တဲ့ ၁၂ ထွေ

(မင်းသုဝဏ်)

တစ်နေ့သော် ကျွန်တော်သည် ဆံပင်ညှပ်ဆိုင် တစ်ဆိုင်၌ ဆံပင်ညှပ်နေပါသည်။ အချိန်မှာ နံနက်ခင်း။ အပြင်တွင် နေရောင်နုကလေးသည် စိမ်းလန်းသော သစ်ပင်များပေါ်တွင် ပြေပြေကလေး တောက်ပလျက်ရှိပါသည်။ ဤသို့ သာယာသော အချိန်မျိုးတွင် လူ့စိတ်သည် များသောအားဖြင့် သာယာတတ်ပါသည်။ ထို့ကြောင့်လား မသိ။ ဆံပင်ညှပ်ဆရာသည် အသံနေ အသံထားနှင့် နွေရာသီဖွဲ့တစ်ပုဒ်ကို ဆိုပါသည်။ နွေဥတုအခါ သစ်ရွက်ကြွေပုံ၊ ရွက်နု လောင်းပုံ၊ ဥသြ တွန်ပုံ၊ မြူမင်းလွင်ဝဲပုံ၊ စာဆို၏ စိတ်တွင်း၌ ငြီးငွေ့ပုံ၊ လွမ်းဆွတ်ပုံ စသော လောက၏ အခြေအနေတို့ကို ထိုအဖွဲ့တွင် ကောင်းစွာ ကြားရပါသည်။ မြင်ရပါသည်။ ဆံပင်ညှပ် ကတ်ကြေးသံသည် တချက်ချက်နှင့် စည်းလိုက်လျက်ရှိပါသည်။ အပြင်က နေရောင်နုသည်လည်း ဤတေးသံကို တည်ငြိမ်စွာနားထောင်လျက် ရှိပါသည်။ ကျွန်တော်၏ ထထကြွကြွနှင့် လုပ်ချင်ကိုင်ချင်ရှိသော စိတ်သည်လည်း ဤပျော့ပျောင်း ငြိမ့်လေးသော တေးသံနှင့် ရော၍ မျောနေချင်ပါတော့သည်။ ထိုအခါကျမှပင် ကျောင်းနေစဉ်က သူငယ်ချင်းတစ်ဦး စာမကျက် ပေမကျက်နှင့် ကျောင်းထွက်သွားရသော အကြောင်းရင်းကို သိရပါတော့သည်။ အဆိုပါ သူငယ်ချင်းမှာ

မဂ္ဂဇင်း ဂျာနယ်များတွင် ပါသော ရာသီဖွဲ့၊ အလွမ်းဖွဲ့၊ မယ်ဖွဲ့များကို ရှာဖွေကူးယူ အလွတ်ရအောင် ကျက်မှတ်၊ ပျင်းပျင်းရှိတိုင်း ဆိုညည်းလျက် နေတတ်သည်။ ကျောင်းလွတ်၍ အားလျှင် သူ့ကို အိပ်ရာထက်၌ လှဲနေသည်ကိုသာ များသောအားဖြင့် တွေ့ရသည်။ အိပ်ရာထက်၌ တွေ့ရလျှင် သီချင်းညည်းနေသည်ကိုသာ များသောအားဖြင့် ကြားရသည်။ သူ့ကိုယ်ထဲတွင် သွေးတိုးလျက် မရှိသကဲ့သို့ပင် အမြဲငြိမ်လျက်၊ သာယာ ငြိမ့်ညောင်းလျက် မလှုပ်မယှက် နေသည်ကိုသာ တွေ့မြင်ရသည်။ သူသည် ဤပျောင်းပျော့ နွဲ့လျသာယာ အေးချမ်းလှသော တေးများကို စု၍ ကျက်၍ သာယာ၍သာ အချိန်ကို ကုန်လွန်စေရာ နှစ်ဆုံးသောအခါ၌ စာမေးပွဲ မဖြေနိုင်ခြင်း၊ အတန်း မတက်ရခြင်း အကျိုးကို ခံစားရရှာလေသည်။ သူသည် အလွမ်းဖွဲ့များကို ဆို၍ အကြောင်းမဲ့ လွမ်းနာကျနေခဲ့ပါသည်။ အဆွေးဖွဲ့များကို ညည်းလျက် အကြောင်းမဲ့ အဆွေးနာ ကျနေခဲ့ပါသည်။ သီချင်းများသည် သူ၏ ထကြွ လှုပ်ရှားသော သွေးသားကို ငြိမ်ဝပ်ပိပြားစေ၍ မလှုပ်ချင် မကိုင်ချင် ထိုင်းမှိုင်း၍သာ နေချင်အောင် ထုံဆေးထိုးပေးလျက် ရှိပါသည်။ ဤသို့ဖြင့် ခမျာမှာ ကျောင်းထွက်သွားရရှာပါသည်။

ယခုလည်း အထက်ပါ ဆံပင်ညှပ်ဆရာ၏ နွေရာသီဖွဲ့ကို ကြားရသော ကျွန်တော့်မှာ အိမ်သို့ပြန်၍ ခုတင်ထက်တွင် လျောင်းစက်ကာ အငြိမ့်သား အမြိန့်သား ပျင်း၍ နေချင်လာပါတော့သည်။ ယခုအခါ ကဲ့သို့သော နေ့နာရီ ညနာရီစပ်အောင် အလုပ်မရွေး အချိန်မရွေး လုပ်ရ ကိုင်ရ ကြိုးစားရသော ဤခေတ်အခါမျိုးတွင် အလွမ်းဖွဲ့ အဆွေးဖွဲ့ များကို ညည်း၍ ပျင်းနေသင့် မနေသင့် ဆိုသော ပြဿနာမှာ ကျွန်တော့် ဉာဏ်တွင် ပေါ်လာပါသည်။

တစ်ညသော အခါလည်း ကျွန်တော်သည် လမ်းလျှောက်နေပါသည်။ ကောင်းကင်သည် စင်ကြယ်လျက်။ လမင်းသည် ထွန်းလင်း

လျက်။ လောကသည် ဆိတ်ငြိမ်လျက်။ အလွန် သာယာသော ညအခါ ဖြစ်ပါသည်။ ထိုအခိုက် အမှတ်မထင်သော အရပ်မှ သီချင်းသံတစ်ခုကို ကြားရပါသည်။ အသံ အလွန်ကောင်းပါသည်။ အဆို အလွန်ပိုင်ပါ သည်။ စကားသား အလွန်ထိပါသည်။ သီချင်း၏ အနက်မှာ မမီသည့် ပန်းကို တုံးခုံ၍ လှမ်းရသော ဒုက္ခပင် ဖြစ်ပါသည်။ သို့သော်လည်း ဒုက္ခကို ဒုက္ခ မမှတ်။ ကြိုးစားမည်၊ အောင်မြင်ရမည် ဟူသော ဖွဲ့သံ သတ္တိသံ မပါ။ သူ သနားမှ ကိုယ် သက်သာမည် ဆိုသော အားလျှော့သံ၊ အားပျော့သံများသာ ပါသည်။ "ကိုယ် ချမ်းသာရကြောင်း ငယ်ငေါင်း နန့်နဲ့ စုတ်ပွဲသော စကားများကို မေ့မှား၍ ဆိုမိလျှင် လျှာတိုအောင် ရိတ်ချင်ရဲ့" ဆိုသော ဦးပုညတို့၏ သတ္တိမျိုးနှင့် ဖီလာ ဆန့်ကျင် ဖြစ်နေပါသည်။ ဤသတ္တိ ကင်းသော အောက်တန်းကျသော သီချင်း မျိုးသည် လူဘယ်နှယောက်အား အထက်တန်းမှ အောက်တန်းသို့ ဆွဲချခဲ့သည်ကို မသိနိုင်ပါ။ ထိုအခါ၌လည်း ဤအားပျော့သော သီချင်း မျိုးကို ယခုကဲ့သို့သော ကြံစည် ကြိုးစား ထကြွရမည့် အခါမျိုးတွင် ဆိုသင့် မဆိုသင့် ဟူသော ပြဿနာသည် ကျွန်တော့်ဉာဏ်တွင် ပေါ် လာပါသည်။

အဖြေကိုကား အများ ဖြေမှ ဖြစ်ပေမည်။ အထူးသဖြင့် စာရေး ဆရာများ၊ သီချင်းရေးဆရာများ၊ ကဗျာရေးဆရာများ၊ အသံလွှင့်ဆရာ များက ပိုမို စဉ်းစားကာ ဖြေကြားသင့်သည် ထင်မိပါသည်။

တောင်ငူဘုရင် နတ်ရှင်နောင် ကဲ့သို့ဇသာ ပုဂ္ဂိုလ်ထူးတို့အတွက် အလွမ်းဓာတ်၊ အဆွေးဓာတ်သည် ထကြွလုံ့လ ရှိစေ၍ စွန့်စားတိုက်ခိုက် သော သတ္တိထူးများ ဖြစ်သော်လည်း အလိုလို ပျင်းချင်၊ အကြောင်းမဲ့ ဆွေးချင်၊ အရမ်းမဲ့ လွမ်းချင်နေသော သူတို့အဖို့ ကောင်းမြတ်သော သတ္တိထူးများ ဖြစ်ပါ့မလား ဟူသော ပြဿနာသည်လည်း အများ ဖြေ သင့်သည့် ပြဿနာကြီးတစ်ခု ဖြစ်ပါသတည်း။

လူလည်း တထွေ ရေလည်း တခြား

(မင်းသုဝဏ်)

မီးဖိုထဲတွင် မီးလျှံတို့သည် တိုးဝှေ့ခုန်ကလျက်။ ဆောင်းလေကြမ်းသည် မှောင်ထဲတွင် ဟိုတိုက် သည်ခိုက်ကာ မီးခိုးခေါင်းတိုင်တွင်းသို့ ရောက်လာ၍ မီးခိုးမီးငွေ့တို့နှင့် သတ်လုံးလျက်။ ငါကား မီးဖိုနားတွင် အိပ်ငိုက်လျက်။

သူတို့စကားကို ကြိုးစား၍ ငါ နားထောင်၏။ နားမလည်နိုင်။ တစ်ချက်တစ်ချက် တစ်ခဏမျှ တွေးယူမှ အနည်းငယ် နားလည်သည်။ တစ်ချက်တစ်ချက် နားလည်ကျွန်ပြုကာ သူ ပြုံးလျှင် ပြုံးချင်း၊ သူ မဲ့လျှင် မဲ့ချင်း ပြုံးမဲ့လိုက်ရသည်။ အရသာ မရှိ။ ငါ့စကားကိုလည်း ထိုနည်းတူ သူတို့ မှတ်ယူအံ့။

ငါတို့ကား မိရိုးဖလာ အလိုက် ထမင်းစားပွဲတွင် လူကြီးအား ဦးချ၏။ ဦးပေါင်းကို ပေး၏။ သူတို့ကား စားမဲ့အုပ်ကို ငါ့ထံသို့ ဦးစွာ ပို့သည်။ တစ်ခါတစ်ခါ ငါ မျိုမကျ။ ငါ ရူးခပ်ပြီး အကြွင်းကို လူကြီးသူမများ စားရသည်။ ခက်စွ။

ငါတို့ကား ဟင်းရည်ကို သောက်ကာ၊ ဟင်းဖတ်ကို မြှုပ်ကာ အလုပ်အလွေး စားရိုး။ သူတို့ကား ဟင်းရည်ကို အကုန်သောက်ပြီးမှ

အသားပြုတ် စသည်တို့ကို စား၏။ ဆားလည်း မသင့်။ ဆီလည်း မသင့်။ မန်ကျည်းမှည့် အရသာကို တမ်းတမိသည်။ ထမင်းဖြူဖြူ ဟင်းပူပူကို လွမ်းတမိသည်။

ငါတို့ကား ကိုယ့်သဘောအလျောက် ဟိုပန်းကန် လှမ်းယူ။ သည်ပန်းကန် လှမ်းနှိုက်။ ကိုယ် မြိန်သလို ကောင်းနိုးရာရာ ကြံဖန် စားကြ၏။ လွတ်လပ်စွ။ သူတို့ စားပွဲတွင်ကား "ကျေးဇူးပြု၍ ဆား အနည်းငယ် ယူပါရစေ" "အခွင့်လွှတ်ပါ" "ကျေးဇူးတင်ပါ၏" တို့ကို ထပ်တလဲလဲ မပြောလျှင် ဝမ်းမဝ။ ဤလောကွတ်စကားတို့လည်း ငါ့ နှုတ်မှ အလိုအလျောက် မထွက်။ ကြိုးစား ကြံစည်၍ ပြောနိုင်မှ အထစ် ထစ် အငေါ့ငေါ့ ထွက်ကြသည်။ "ကျေးဇူးတင်ပါ၏" ဟု လုပ်၍ ပြောရ ခြင်းထက် အကြောင်းအားလျော်စွာ ပြုံး၍ ပြရခြင်းက မြတ်သလိုလို။ ငါ မဆုံးဖြတ်တတ်။

ငါ့စကားကို သူတို့စကား ဖြစ်အောင် စိတ်ထဲတွင် ဘာသာပြန် ကာ ထုတ်၍ ပြောရခြင်းသည် မလွယ်ကူ။ သူတို့စကားကို ငါ့စကား ဖြစ်အောင် ဘာသာပြန်ကာ နားလည်ရသည်လည်း ခက်စွ။ "ဘုန်းကြီး" ဆိုသော ငါ့စကားကို သူတို့ နားလည်အောင် ငါ ဘာသာမပြန်တတ်။ သူတို့ စကားတစ်လုံးကို ငါ့သဘောအလျောက် "နတ်" ဟု ဘာသာ ပြန်ကြည့်သောအခါ မမှန်သည်ကို တွေ့ရ၏။

မိုးသောက်ထမှ အိပ်ရာဝင် တိုင်အောင် သည်ကိုယ် သည်လက် သည်ခြေထောက်တို့ကို ထုပ်ကာ ပတ်ကာ ချည်နှောင်ကာ ထားရခြင်း လည်း ကျဉ်းကျပ်စွ။ ကျောတောင့် ရင်အောင့် မသက်သာ။ သိုးမွေး ထည်ကား ယားကျိကျိ။ ဆောင့်ကြောင့်လည်း မထိုင်ရ။ ခြေလည်း မဆင်းရ။ ကျောလည်း မခင်းရ။ တစ်နေ့လုံးလုံး ငုံ့ချည်မှီချည် တွန့်ကာ လိမ်ကာ နေရခြင်းသည် မချမ်းသာ။ လူကွယ်ရာတွင် တင်ပျဉ်ချိတ်ရန် ကြိုးစားပြန်လည်း ဘောင်းဘီက အခွင့်မပြု။

ဟိုအရပ် သည်အရပ် လည်ပတ်ပြန်လျှင်လည်း ကလေးများက ဝိုင်းကြည့်။ လူကြီး အချို့က အမှတ်မဲ့ပြုံး။ လူရိုးရိုး မှန်ပါလျက်နှင့် အကြည့်ခံရခြင်းသည် ဆိုးစွ။

တံခါးတွေ အလုံပိတ်ကာ အိမ်ထဲ၊ အခန်းထဲတွင် လှောင်၍ နေရခြင်းလည်း မွန်းလှ၏။

သူတို့ ဓလေ့ထုံးစံကို သတိထားပြန်လျှင် ငါ့အလုပ် လစ်ဟင်းသည်။ ငါတို့ ဓလေ့အလိုက် နေပြန်လျှင်လည်း သူတို့ အပြုံးကို ခံရ၏။ ငါတို့ ဓလေ့ကို သူတို့ ဂရုမပြု။ သူတို့ ဓလေ့ကို ငါတို့ ဂရုပြုရသည်။ ငါတို့ ဝန်ထုပ်ကား လေးလှစွ။ အဖြူလည်း အဝါ့အကြောင်း၊ အဝါလည်း အဖြူ့အကြောင်းကို နားလည်အောင် ကြိုးစားက မသင့်ပေလော။ ဆန်လည်း ဆန်အလျောက် အာဟာရကို ပေးသည်ပင်။ ဂျုံလည်း ဂျုံအလျောက် အာဟာရကို ပေးသည်ပင်။

မီးဖိုထဲတွင် မီးလည်း ဖုတ်ဖုတ် ကျလေပြီ။ ဆောင်းလေကြမ်းလည်း ငြိမ်လေပြီ။ ညဥ့်လည်း နက်လေပြီ။ ငါလည်း ရေနွေးအိတ်ကို အဖော်ပြုကာ ထူလှသော စောင်လွှာများ အောက်သို့ လျှိုးဝင်လျက် လှောင်သော အခန်းထဲတွင် အိပ်ပျော်ရန် ကြိုးစားရလေသတည်း။

ကုသိုလ်ဆက်

(နွယ်စိုး)

ကျွန်တော်၏ အိမ်ရှေ့ရှိ သနပ်ပင်ကြီးကား နှစ်ကာလ ကြာရှည်လှပြီ ဖြစ်၍ သက်ကြီးရွယ်ရင့်တို့ဘာဝ ကွေးကောက် ကိုင်းညွတ်သော ကိုယ်နှင့် ရင့်ရော်ကြမ်းခက်သော အရွက်များဖြင့် မလှသော အသွင်ကို ဆောင်တော့၏။ ဤသနပ်ပင်ကြီးကဲ့သို့ ကွေးနိုင်၊ ကောက်နိုင်၊ ကော့နိုင်၊ ကိုင်းနိုင်သည့် အပင်မျိုး ရှိမည် မထင်။

ကျွန်တော်တို့၏ အိမ်ကလေးပေါ်သို့ မိုးနိုင်အောင်ပင် မမြင့်သော်လည်း ပင်စည်ကို ဘီလူးလက်များဖြင့် ဆွဲ၍ ဆန့်လိုက်ပါမူ ယခုရှိသော အမြင့်ထက် နှစ်ဆလောက် တိုး၍ မြင့်ပေလိမ့်မည်။ ဤပင်အိုကြီးသည် ယခင်ရှေးက ပင်ပျိုပင်နု ဖြစ်ခဲ့၏။ လန်းဆန်း ဝေဆာခဲ့၏။ နွေရာသီဦး ရွက်ဟောင်း ကြွေ၍ ရွက်သစ်တွေ ဖူးသည့်အခါတွင် နုထွတ်စိမ်းဖပ်သည့် အညွန့်အရွက်ကလေးများကို ကျွန်တော်တို့ ငယ်စဉ်က နှစ်တိုင်း နှစ်တိုင်း ခူးကာ ချူကာ ချဉ်ရည်ဟင်းချက်၍ မြိန်မြိန်ရှက်ရှက်ကြီး စားသောက်ခဲ့ကြ၏။

ယခုကား ရွက်ညွန့် ရွက်သစ်များ ဝေဆာခြင်း မရှိတော့ပေ။ သိသိသာသာ ရွက်သစ်လဲခြင်း မရှိတော့ပေ။ ရှေးအခါက နေမင်းပူရှိန်

သည့် နွေခါချိန်တွင် ထူထပ် ပေါများသော အရွက်တို့၏ တန်ခိုးကြောင့် ကျယ်ဝန်း စိမ့်အေးသော အရိပ်ဖြင့် ဝင်ရောက်ခိုလှုံသူ ခရီးသည်တို့အား နှစ်သိမ့်စေခဲ့၏။ ယခုကား ကျိုးတိုးကျားတား ရှိသော အရွက်တို့ကို နေမင်း၏ ပူရှိန်သော အရောင်တို့သည် အလွယ်တကူ ထိုးဖောက်ကာ သစ်ပင်အောက်ရှိ အရိပ်ကို ကွက်တိကွက်ကျား နေအောင် ဖန်တီး၏။ ဖြတ်သန်းသွားလာသော ခရီးသည်တို့သည် ခိုလှုံရပ်နားစရာ အရိပ် ရှိသည်ဟုပင် မသိ မမှတ်ကြတော့ပေ။

ဤသနပ်ပင်ကြီးကား သဘာဝဓမ္မအတိုင်း တဖြည်းဖြည်း အိုမင်း မစွမ်း ရှိခဲ့ရသည် မဟုတ်ရာပေ။ လူတို့၏ စိတ်လိုရာကို ဖြည့်စွမ်း နိုင်စေခြင်းငှာ ဖန်တီး ကြံစည်ထားသည့် လောကဓာတ် ပညာ၏ အသိုင်းအဝန်း အစေအပါးတို့ကြောင့် ညှဉ်းဆဲခြင်း ခံခဲ့ရရှာ၏။ နှစ် တိုင်းပင် ဓာတ်ကြိုးဘက်မှ လည်းကောင်း၊ မြူနီစီပယ် ဘက်မှ လည်း ကောင်း လက်နက်အပြည့်အစုံနှင့် ကုလားများ လာ၍ ဓာတ်ကြိုးများ သွယ်ထားသော လမ်းဘက်ရှိ အရွက်အခက် ကိုင်းကြီး ကိုင်းငယ်များကို ဖြတ်တောက်ခုတ်ထစ် သုတ်သင်ပစ်ကြကုန်၏။

အပင်ကြီးကား သနားစရာ။ အိမ်ဘက်ကလည်း အလင်းရောင် မရ။ လမ်းဘက်ကလည်း ခုတ်ပစ်။ အရှေ့ဘက်ကလည်း အိမ်သို့ သွယ် ထားသော ဓာတ်ကြိုးကြောင့် အကိုင်းအခက် မထုတ်ရ။ သုံးဖက်မှ အနှိပ်စက်ကို ခံရရှာသဖြင့် ကျန်တစ်ဖက်သို့ ကိုင်းထွက်ကာ ကောက် ကွေးခြင်း ဘဝသို့ ရောက်ရရှာလေသည်။

ကျွန်တော်၏ အဘွားသည် ရေအိုးစင် တည်၍ ရေကုသိုလ်ပြု ရန် ဆုံးဖြတ်လိုက်၏။ ရေအိုးစင် ပုံပန်းသဏ္ဍာန်နှင့် ဆောက်လုပ်ပုံကို စီမံသူကား ကျွန်တော်၏ဖခင်။ လက်စိုက်၍ လုပ်ကိုင်သူကား တပည့် ကျော် မြသီး။ ကျွန်တော်ကား နံဘေးမှ ရပ်လျက် အားပေးအားမြှောက် ပြုကာ မနှောက် ဝစီကံဖြင့် ကူညီ၏။ ရေအိုးစင်ကလေး သပ်သပ်ရပ်ရပ်

ရှိပေပြီ။ ခိုင်ခိုင်ခံ့ခံ့ တည်ထားပေပြီ။ သဘော်ဆေးဖြူ သုတ်ထားသည့် အမိုးနှင့် ခြေတံတို့ကြောင့် ကျက်သရေ ပဝင်းလျက် ရေသောက်သူများ ရေမွတ်သိပ်ခြင်းကို ပြေပျောက်စေရုံသာမက စိတ်နှလုံးကိုပါ နှစ်သိမ့်စေ၏။ ရေအိုးစင်ကလေးကို သနပ်ပင်ကြီးအောက်မှ လွဲ၍ အဘယ်နေရာ၌ ထားပါအံ့နည်း။ ရေသောက်သူများကား ရေကို အားရပါးရခပ်ယူကြ၏။ သောက်၍ မကုန်နိုင်သည့်အခါ သစ်ပင်ရင်းသို့ ပက်သွန်ခဲ့ကြ၏။ ကျွန်တော်တို့၏ ကုသိုလ်ကို ပွားများစေလိုကြဟန်တူ၏။

တစ်နေ့သောအခါ သနပ်ပင်ကြီး၏ အောက်ခြေမှ သနပ်ပင်ပျိုကလေး တစ်ပင် မြေနားတွင်ကပ်လျက် ပေါက်လာ၏။ အံ့ဩဖွယ်ရာဟု ကျွန်တော်တို့ ကြည့်ကြ၏။ ဤသနပ်ပင်ကြီးကို ကျွန်တော်တို့သည် မျှော်လင့်ခြင်း ကင်းသောဘဝ၊ သစ်သစ်လွင်လွင် ဖန်တီးနိုင်ရန် ဝေးသော ဘဝသို့ ရောက်ရှိလေပြီဟု မှတ်ယူထား၏။ မည်သည့် မိုးဦးလေတိုက်ရာတွင် လဲပြိုမည်နည်းဟု စောင့်စားခဲ့၏။ မလဲပြိုစေချင်။ သို့သော် လောကသဘာဝအတိုင်း ဤတလှုပ်လှုပ် တကုပ်ကုပ်ရှိသော ပင်အိုသည် လဲပြိုခြင်း သဘောကို လွန်ဆန်နိုင်မည် မဟုတ်တော့ဟု ထင်မိခဲ့၏။ ဤ မွဲခြောက်ခြောက် ရော်ရင့်ရင့် ရှိသော အပင်သည် သက်တမ်းစေ့လုနီးပြီ ဖြစ်ရကား၊ ခက်နုကိုင်းပျို ပေါက်ရောက် ထိုးထွက်ရန် မတတ်နိုင်တော့။ အားကုန်ခဲ့ပြီဟု ကျွန်တော်တို့ မှတ်ယူခဲ့၏။

ယခုကား ဤအပင်၏ကိုယ်လုံး ပင်ခြေအရင်းနားမှ အသက်သစ်ဖြစ်သော ပင်ပျိုကိုင်းခက်ကလေး ထွက်လာ၏။ ထွက်လာရုံသာမက တစ်နေ့တခြား ကြီးထွားလာ၏။ အရွက်အခက်တို့နှင့် ပြည့်စုံလာ၏။ တစ်နေ့ထက်တစ်နေ့ မြင့်လာ၏။ ကောင်းကင်အထိ တက်ရန်ပင် တာဝန်လေးလှမည် မဟုတ် ဟူသော သဘောမျိုး ရှိလေရော့သလား မသိ။ အညွန့်တလူလူနှင့် ထောင်လွှားကာ နမာန်ပျိုးလျက် ရှိ၏။ လူ မချိုး၊ နွား မစား၊ ဆိတ် မညှဉ်းဘဲ ဝင့်ကြွကင်းလာခဲ့၏။

ယခုအခါ ဤအပင်ကလေးသည် ကျွန်တော်၏တစ်ရပ် ရှိပေပြီ။ အပင်ကလေးဟု ကျွန်တော် ဆို၏။ ပင်စည်လုံးမှ ပေါက်လာသော အကိုင်းကလေးပင် စင်စစ် ဖြစ်သော်လည်း မြေနားမှ ကပ်ပေါက်သည် တစ်ကြောင်း၊ တည့်တည့်မတ်မတ် တစ်ဟုန်တည်းထိုး၍ အပင်များကဲ့သို့ ပေါက်လာသည် တစ်ကြောင်း၊ ဤအကြောင်းတို့ကြောင့် အပင်ကလေးနှင့် တူနေ၏။

ပင်ပျိုကလေး၏ အရွက်နုကလေးများကို မြင်ရတိုင်း ကျွန်တော်၏ စိတ်သည် နုပျိုသစ်လွင်လာ၏။ မတွေးဖူးသော အကြံများ၊ မကြုံဖူးသော စိတ်ကူးများ၊ စိတ်မကူးဖူးသော မျှော်လင့်ချက်များ၊ မမျှော်လင့်ဖူးသော ဉာဏ်သစ်များသည် ပေါ်ပေါက်ဝေဆာလာ၏။

ပင်ပျိုကလေး၏ စိမ်းစိုနုဖပ်သော အဆင်သည် လောကကြီးကို တန်ဆာဆင်တော့၏။ ပင့်ပျိုကလေး၏ မကြောက်မရွံ့၊ မထိတ်မလန့်၊ မကြောင့်မကြ၊ မစိုးရိမ်သော အသွင်သည် ကျွန်တော့်အားအားပေးလျက် ရှိ၏။ ဤပင်ပျို၏ မျှော်လင့်ခြင်းသည် ကျွန်တော်၏ မျှော်လင့်ခြင်း။ ဤပင်ပျို၏ ရဲဝံ့ခြင်းသည် ကျွန်တော်၏ ရဲဝံ့ခြင်း။ ဤပင်ပျို၏ နုပျိုတောင့်တင်း ဝေဆာခြင်းသည် ကျွန်တော်၏ နုပျိုတောင့်တင်း ဝေဆာခြင်း။ ဤပင်ပျို၏ ခရီးသည် ကျွန်တော်၏ခရီး။ ဤပင်ပျိုကား ကျွန်တော်၊ ကျွန်တော်ကား ဤပင်ပျိုဟု ဆိုရမတတ် ဤပင်ပျိုသည် ကျွန်တော်၏စိတ်ကို ဖုံးလွှမ်း စိုးမိုးလေတော့သည်။

စိမ်းလန်းသော တောင်ကုန်းများ

(နွယ်စိုး)

စိမ်းလန်းစိုပြည်သော မြက်ခင်းတို့ဖြင့် ဖုံးလွှမ်းကာ ရှိသော တောင်ကုန်းတို့၏ အကြားတွင် သပ္ပာယ်လှစွာသော စေတီတော်သည် ငြိမ်ဆိမ် တိတ်ဆိတ်ခြင်း တည်းဟူသော အသရေကို ဆောင်ကာ တည်ရှိ၏။

နိမ့်ချည်တစ်ခါ မြင့်ချည်တစ်လှည့် ရှိသော တောင်ကုန်းတို့ကို ကျော်လွန်၍ ဤစေတီတော်မြတ်သို့ လာရောက်ဖူးမြင်သူများသည် ကြည်လင်သော စိတ်ထား၊ ရွှင်လန်းသော အာရုံဖြင့် ချဉ်းကပ်ကြသည် သာ ဖြစ်ပေလိမ့်မည်။ ကျွန်တော်တို့ မောင်နှမတစ်စုကား စေတီမြတ် အား ဖူးမြော်အံ့ဟု ကြေညာ၍ အိမ်မှ ထွက်လာကြသော်လည်း စင်စစ် မှာမူ လွတ်လပ်ပျော်ရွှင်စွာ မိမိတို့ချည်း သွားလာလည်ပတ်ရခြင်းကို အဓိကထားသူများ ဖြစ်ကြ၏။ နေ့လယ်စာကို အိမ်၌ မစားသောက်ဘဲ သာယာသော တစ်နေရာရာတွင် ပျော်ပွဲစားသဖွယ် ယူဆောင်၍ စား သောက်လိုကြရကား စေတီတော်မြတ်၏ ပတ်ဝန်းကျင်ရှိ ကုန်းကလေး၊ ချိုင့်ကလေး၊ မြေညီ မြက်ခင်းကလေး၊ စမ်းကလေးများ ရှိရာသို့ ကျွန် တော်တို့သည် တညီတညွတ်တည်း မျက်နှာမူကြ၏။ 'ဘုရားဖူး သွား မလို့' ဟု ပါးစပ်က ပြောကြ၏။ "တို့ ပျော်ရမှာပဲ" ဟု အားရဝမ်းသာ စိတ်ထဲက အောက်မေ့ကြ၏။

မြေညီလမ်းတွင် လျှောက်လာစဉ် ခပ်ဝေးဝေးမှ စေတီတော်မြတ်အား မြင်တွေ့ရ၏။ စိမ်းလန်းသော တောင်ကုန်းမြင့်များ၏ ခြေရင်းသို့ ရောက်သောအခါ စေတီတော်မြတ်အား မမြင်နိုင်ပေ။ ဤတောင်ကုန်းများသည် သာယာလှ၏။ ကြည်အေးသော ရေကို ငတ်မွတ်မောပန်းသော ခရီးသည်သည် မဝနိုင်၊ မတော်နိုင်၊ အားမရနိုင်အောင် နှစ်နှစ်ခြိုက်ခြိုက်ကြီး သောက်သကဲ့သို့ ဤတောင်ကုန်းများ၏ စိမ်းလန်းသော အရောင်သည် ကျွန်တော်တို့၏ မျက်စိအာရုံကို တင်းတိမ်စေခြင်းငှာ မတတ်နိုင်။ သာယာသော သဘာဝ၏ အရသာကို ကျွန်တော်တို့ မောင်နှမ တစ်စုသည် လွတ်လပ်ပျော်ရွှင်စွာ ခံစားကြ၏။ မြင့်သော တောင်ကုန်းကို ပြေးတက်ကြကုန်၏။ နိမ့်သော ချိုင့်ဝှမ်းသို့ ပြေးဆင်းကြကုန်၏။ ကျွန်တော်တို့ကား ငယ်ရွယ်၏။ သန်စွမ်း၏။ ကျန်းမာ၏။ နုပျို၏။ ငြိုငြင်ခြင်း၊ ပူပန်ခြင်း၊ စိုးရိမ်ခြင်း တည်းဟူသော စိတ်၏ အနှောင့်အယှက်များမှ လွတ်ကင်း၏။

ကျွန်တော်တို့အထဲတွင် ခင်လှကား အပျော်ဆုံးတည်း။ စိတ်အားအထက်သန်ဆုံးတည်း။ ကျွန်တော်တို့ စခန်းချမည့် စေတီတော်မြတ်ထံသို့ အလျင်အမြန်ဆုံး ရောက်ချင်သူတည်း။ ခင်လှသည် ၁၃ နှစ်အရွယ် ကျွန်တော့် ညီမကလေး ဖြစ်၏။ ကျွန်တော်တို့၏ ရှေ့ဆုံးမှ နေ၍ လွှားခနဲ၊ လွှားခနဲ နေအောင် အမြန်လျှောက်ကာ မိမိ၏ လျင်မြန်ထက်သန်သော စိတ်ကို ထင်ရှားစေ၏။ ခင်လှ၏ သန့်မာနုပျိုသော ကိုယ်လုံးကလေးသည် စိမ်းလန်းစိုပြည်နေသော မြက်ခင်းပေါ်တွင် တစ်လှမ်းစီ လျှောက်နေသည်ဟု မထင်ရ။ အားမစိုက်ရဘဲ လျင်မြန်စွာ အလိုလို ရွေ့သွားသည်ဟု ထင်ရ၏။

ခင်လှကား မိမိ သွားလိုရာ အရပ်သို့ ချက်ချင်းပင် ရောက်လို၏။ ရောက်အောင်လည်း သွား၏။ စိတ်သွားတိုင်း ကိုယ်ပါ၏။ ခင်လှကုသိုလ်ကောင်း၏။

ခင်လှသည် ရှေ့ခပ်လှမ်းလှမ်းမှ ကျွန်တော်တို့အား လှည့်ကြည့်၍ 'ကိုကိုလေးတို့က နှေးလိုက်တာ' ဟု ပြုံးလျက် အော်ပြော၏။ နောက်ကျနေသော ကျွန်တော်တို့ မောင်နှမ တစ်စုသည် ခင်လှနှင့် အမီလိုက်ရလေသည်။

ကျွန်တော်တို့ကား စိတ်၏ ပျော်ရွှင်ခြင်းကို မျိုသိပ်မထား။ သီချင်းဆိုကြ၏။ ရယ်စရာပြော၍ ရယ်ကြ၏။ ရယ်စရာ မပြောဘဲလည်း ရယ်ကြ၏။ တောင့်တင်း ကြံ့ခိုင်သော ခြေတံတို့သည် နုပျိုရွှင်လန်းသော စိတ်၏ အခိုင်းအစေကို တာဝန်ကျေပွန်စွာ ဆောင်ရွက်ပေး၏။ စေတီတော်မြတ်သို့ ကျွန်တော်တို့ ရောက်သောအခါ မည်သူမျှ မောသည့် လက္ခဏာဖြင့် ဟီးမချ။ မည်သူမျှ ပန်းသည့် လက္ခဏာဖြင့် ပစ်မလှဲချေ။ ဆူညံစွာ စားသောက်ကြ၏။ ခင်လှ၏ ပါးစပ်မှ တတွတ်တွတ် ပြောသော စကားသံတို့သည် စမ်းငယ်မှ စီးဆင်းသော ရေသံတို့ဖြင့် ရောနှောကာ လေထဲတွင် လွင့်ပါသွား၏။ စေတီတော်မြတ် အနားတွင် ကျွန်တော်တို့ စခန်းချသော်လည်း ဘုရားဝတ်ပြုရန်ကား ရုတ်တရက် သတိမရကြချေ။

'မထွေး ဘုရားကန်တော့ဦးလေ' ခင်လှအား ကျွန်တော်က သတိပေးရလေသည်။ ခင်လှအား တစ်ခါတစ်ရံ မထွေး၊ တစ်ခါတစ်ရံ အထွေးဟု ကျွန်တော်က ခေါ်လေ့ရှိ၏။ အထွေး၊ မထွေးဟု ခေါ်ခြင်းကို ကလေးဘဝတွင် ခင်လှသည် သဘောမကျ မရှိခဲ့သော်လည်း ယခုကား ၁၃ နှစ်အရွယ် ရှိပြီဖြစ်၍ မိမိကိုယ်ကို မိမိ လူကြီးဖြစ်ပြီဟု မှတ်ယူကာ သဘောမကျလှချေ။ အစ်ကိုဖြစ်သူ ကျွန်တော့်ကိုကား မခေါ်ပါနှင့် မတားမြစ်ဝံ့ချေ။ သို့သော် စကားပြောလျှင် ခင်လှ၊ ခင်လှဟု မိမိနာမည်ကို ထည့်၍ပြော၏။ အခြားသူများက "ခင်လှ" ဟု ခေါ်မှ ကြိုက်၏။

'ခင်လှ ဘာဆုတောင်းရမလဲ' ဟု ကျွန်တော့်ကို မေး၏။

မောင်နှမတစ်စု ဝိုင်းရယ်ကြ၏။ တစ်ယောက်တစ်မျိုး အကြံ

ပေးကြ၏။ ခင်လှကား နားပိတ်၍ ပြေးလေပြီ။ စေတီတော်မြတ်ရှေ့တွင် ခဏတွေဝေနေ၏။ ပုဆစ်ဒူးချလျက် ခပ်သုတ်သုတ် ဝတ်ကျေဝတ်ကို ဦးသုံးကြိမ်ချ၏။ ဦးခေါင်းမော့လျက် ဆုတောင်းဟန်ရှိ၏။

ကျွန်တော်တို့ထံ ပြန်လာသောအခါ မောင်နှမ တစ်စုက 'ခင်လှ ဘာဆုတောင်းခဲ့သလဲ' ဟု မေးကြ၏။

'ခင်လှ ဆုတောင်းတာလေ၊ ပြောမယ်၊ ခင်လှလေ၊ အသက် အရှည်ကြီး နေချင်တယ်။ အသက်ရှည်နေရတာ သိပ်ကောင်းတာပဲ နော်။ ခင်လှ ခုနက လျှောက်လာတုန်းက အော်လာတာ ကြားရလား။ ခင်လှ စိတ်ထဲမှာ သိပ်ပျော်တာပဲ။ အသက်ရှင်နေရတာ သိပ်ကျေးဇူး တင်တာပဲ။ ဒါကြောင့် ခုနက "မြေ၊ မြေ ငါ လျှောက်ဖို့ ခိုင်မာအောင် နေလို့ ကျေးဇူးတင်တယ်။ လေ၊ လေ ငါ့ကို အေးအောင်တိုက်လို့ ကျေးဇူးတင်တယ်။ မြက်ခင်း၊ မြက်ခင်း ငါ့ကို ပျော်အောင် စိမ်းစိမ်း ကလေး နေလို့ ကျေးဇူးတင်တယ်" လို့ အော်လာတယ်။ ဒါကြောင့် ဘုရားမှာ ခင်လှ စဉ်းစားပြီးတော့ တပည့်တော်မ အသက်အရှည်ကြီး နေရပါစေ ဘုရား။ လူ့ပြည် နေလို့ သိပ်ကောင်းတာပဲလို့ ဆုတောင်းပြီး ပြောခဲ့တယ်' ဟု စိတ်ပါလက်ပါ ပြောပြလေရာ ကျွန်တော်တို့ မောင် နှမ တစ်စုမှာ များစွာ သဘောကျကြလေသည်။

ကျွန်တော်တို့သည် စားသောက်ပြီးကြသောအခါ အသွားတုန်းက ကဲ့သို့ပင် သွက်လက်ပျော်ရွှင်စွာ ပြန်လာကြ၏။ စေတီတော်မြတ်အား စောင်းငဲ့၍မျှ မကြည့်ခဲ့ပေ။ နပျိုငယ်ရွယ်သူတို့၏ ထုံးစံအတိုင်း ကျွန် တော်တို့မှာ ရှေ့ကိုသာ ဇောစိုက်လျက် သွားကြ၏။ စေတီတော်မြတ် အား ကျောခိုင်း၍ မျက်ကွယ်သွားသည့်အခါ သတိမရကြတော့ချေ။ ဤသို့ဖြင့် တောင်ကုန်းများကို သွက်လက်စွာ ကျော်လွှန်၍လာကြရာ အဆုံးစွန်သော တောင်ကုန်း၏ ခြေရင်းတွင် လူကြီးတစ်ယောက်ကို ကျွန်တော်တို့ တွေ့မြင်ရလေသည်။

ထိုသူမှာ အသက် ၆၀ ကျော်ကျော် ရှိပေလိမ့်မည်။ ထိုသူသည် ယခင်အခါက ခံ့ညားသန်မာသော ရုပ်ကြွန် သဏ္ဌာန် ရှိခဲ့ပေလိမ့်မည်။ ယခုအခါမူကား အသက်ကြီး အရွယ်ရင့်၍လော၊ ရောဂါဘယကြောင့်လော မသိ။ သန်သန်မာမာ မဟုတ်ကြောင်းကို "ကျ" နေသော မျက်နှာက သက်သေခံလျက် ရှိ၏။ တဘက်တစ်ခုကို လောဘက်ထိုး၍ စိမ်းလန်းသော တောင်ကုန်း၏ ခြေရင်းတွင် ခြေစုံရပ်ကာ စေတီတော်မြတ်ရှိရာ အရပ်သို့ မျက်နှာမူလျက် တည်ကြည်ငြိမ်သက်စွာ ဘုရားအာရုံပြုနေသည်ကို ကျွန်တော်တို့ မောင်နှမတစ်စု တွေ့မြင်ရ၏။

ရှေ့ဆုံးမှ ခင်လှသည် ရပ်တန့်လျက် ဘုရားအာရုံပြုသူ လူကြီးအား ငေးစိုက်၍ ကြည့်၏။ အော်ဟစ် ကျယ်လောင်စွာ ပြောခဲ့သော ကျွန်တော်တို့၏ စကားသံ၊ ရယ်မောသံသည် အလိုအလျောက် တိတ်ဆိတ်သွား၏။ ထိုသူ၏ နောက်ဘက်ရှိ မြေညီလမ်းနှင့် ရှေ့ဘက်ရှိ တောင်ကုန်းများသည် ထိုသူ၏ အခြေအနေကို ထင်ရှားစွာ ပြ၏။ ထိုသူကား စေတီတော်မြတ်ကို ဖူးမြော်လို၍ လာသူ ဖြစ်၏။

မြေညီလမ်း အဆုံးတွင် ထိုလူကြီးသည် မောလေပြီ။ တောင်ကုန်းများကို ဖြတ်ကျော်သွားခြင်းငှာ မတတ်နိုင်တော့ချေ။ ကျွန်တော်တို့အဖို့ စိမ်းလန်းသာယာသော တောင်ကုန်းများသည် ထိုလူကြီးအဖို့ကား ကာကွယ်ပိတ်ဆီးသော အနှောင့်အယှက်များတည်း။ ထိုလူကြီး ငယ်ရွယ်စဉ်က ကျွန်တော်တို့ကဲ့သို့ပင် လွှားခနဲ၊ လွှားခနဲဖြင့် တောင်ကုန်းများကို ကျော်လွှားခဲ့ပေလိမ့်မည်။ ထိုလူကြီး ငယ်ရွယ်စဉ်က စေတီတော်မြတ်အား အရေးတကြီး ဂရုမစိုက်ဘဲ ခပ်ပေါ့ပေါ့ပင် နေခဲ့ပေလိမ့်မည်။ စေတီတော်နားမှ ဖြတ်သန်း၍ သွားသော်လည်း ငဲ့၍မျှ မကြည့်၊ စိတ်ထဲကမျှ အမှတ်မရဘဲ သွားလာခဲ့ပေလိမ့်မည်။ ယခုကား ထိုလူကြီး အိုပြီ။ စိမ်းလန်းသော တောင်ကုန်းများကို ကျော်မတက်နိုင်တော့ပြီ။ မောခြင်း ဟူသော ဒုက္ခကပ် စွဲနေချေပြီ။ ကျွန်တော်တို့ကော။

ယခုမူကား ထိုလူကြီးသည် တောင်ကုန်း၏ ခြေရင်းမှပင် ဘုရားကို အာရုံပြုနေရရှာ၏။ ငယ်ရွယ်စဉ်က မည်သည့်ကုသိုလ် အကုသိုလ်များကို ပြုခဲ့ပါသနည်း။ နောင်ဘဝအတွက် စဉ်းစားရမည့် ယခုအရွယ်တွင် စေတီတော်မြတ်ထံသို့ ချဉ်းကပ်ခြင်းငှာ မတတ်နိုင်တော့ပြီ။ ကျွန်တော်တို့ကော။

ဘုရားကို တကယ်ပင် ချဉ်းကပ်ရန်၊ မြင်မြင်ထင်ထင် ဖူးမြော်ရန် လိုလားရသည့် အရွယ်၌ ဤစိမ်းလန်းသော တောင်ကုန်းများသည် စေတီတော်မြတ်အား ကွယ်ထားလေပြီ။ ဤစိမ်းလန်းသော တောင်ကုန်းများ၏ ခြေရင်းမှ စေတီတော်မြတ်အား မမြင်ရ။ စိတ်၌သာ အာရုံပြုနိုင်တော့သည်။ ကျွန်တော်တို့ကော။

ကျွန်တော်တို့သည် တစ်မိနစ်ခန့်မျှ ထိုလူကြီးအား ငေးစိုက်လျက် ကြည့်မိ၏။ ခင်လှသည် ကျွန်တော့်ထံသို့ ဖြည်းညင်းစွာ လာလျက် 'ကိုကိုလေး၊ ခင်လှ ဘုရားကို ပြန်သွားချင်တယ်' ဟု လေသံဖြင့် ပြောလေ၏။ မောင်နှမတစ်စု တိတ်ဆိတ်စွာ စေတီတော်မြတ် ရှိရာသို့ ပြန်လှည့်သွားကြ၏။ လမ်းတွင် ခင်လှသည် တစ်လှမ်းချင်း လှမ်း၍ ဖြည်းလေးစွာ သွား၏။ မောင်နှမ တစ်စုမှာ စကားတစ်လုံးမျှ မပြောကြချေ။

စေတီတော်မြတ်သို့ ရောက်သောအခါ ကျွန်တော်တို့အားလုံး ငြိမ်သက်စွာ ရှိခိုးကြ၏။ ခင်လှသည် လေးနက်သော အာရုံဖြင့် ကြာရှည်စွာ ရှိခိုးပူဇော်၏။ ဘုရားရှိခိုး အပြီးတွင် ခင်လှ၏ ရှိုက်သံကို ကြား၍ ကြည့်လိုက်ရာ မျက်နှာပြင်ပေါ်တွင် မျက်ရည်အသွယ်သွယ် ကျ၍ ပါးစပ်မှ 'အရှင်ဘုရား၊ တပည့်တော်မ ခုနက ဆုတောင်းတာ ပြင်ပါရစေဦး ဘုရား။ အသက်တော့ ရှည်ချင်ပါတယ်။ နို့ပေမဲ့၊ နို့ပေမဲ့ အိုရင် ဒီတောင်ကုန်းတွေကို ဖြတ်လာနိုင်အောင် သန်သန်မာမာ ရှိပါရစေ။ အို၊ ခင်လှ မအိုချင်ဘူး။ အရှင်ဘုရားကို တောင်ကုန်းတွေ

ကွယ်ပြီးနေရင် ခင်လှ အိုရမှာ ကြောက်တယ်။ အို ဘုရား၊ ခင်လှ ဒီလိုပဲ အိုရမှာလား ဘုရား။ ဒီမြက်ခင်းတွေ၊ တောင်ကုန်းတွေ စိမ်းနေတာ ဘာလုပ်ဖို့လဲ။ အရှင်ဘုရားကို ခင်လှ တစ်သက်လုံး မြင်ချင်ပါတယ် ဘုရား' ဟု တစ်လုံးစီ လှိုက်လှိုက်လှဲလှဲ ဆုတောင်းသည်ကို ကြားရပါသည်။ ကျွန်တော်မှာ စကားမပြောနိုင်ဘဲ ညီမလေး၏ လက်ကို ကိုင်ကာ စေတီတော်မြတ်အား မော့၍ မော့၍ ငေးနေမိတော့သတည်း။

သုခုမ

(တိုက်စိုး)

ဤမှာမြေပြင်
မြစိမ်းဆင်လျက်
ကောင်းကင်မိုးဝယ်
နီလာခြယ်နှင့်
အိုဘယ်လူသား
နှစ်ရောင်ကြားဝယ်
ခံ့ညားပေစွ၊ ခန့်ပေစွ။

ဤကဗျာ တစ်ပိုင်းတစ်စနှင့် ကျွန်တော် နိဒါန်းပျိုးလိုပါသည်။ ဤကဗျာ တစ်ပိုင်းတစ်စနှင့်ပင် ကျွန်တော် နိဂုံးချုပ်ရပါမည်။ လိုရင်းအနက်သည် ရှင်းပါ၏။ မြေပြင်သည် စိမ်းစိုလျက် ရှိသည်။ ကောင်းကင်သည် ပြာလဲ့လျက် ရှိသည်။ ထိုနှစ်ခု အကြားတွင် ကျက်စားနေသော လူသား၏ အဖြစ်ကား ခံ့ညားလှပေ၏ ဟူလို။

မြေပြင်နှင့် ကောင်းကင်၏ အကြားတွင် လူသားအပြင် အခြားအခြားသော သတ္တဝါများ ရှိကြလေသည်။ တိရစ္ဆာန် အများအပြားပင် ရှိကြလေသည်။ ထိုသို့ ရှိကြသည့်အထဲတွင် ဘယ့်ကြောင့် လူသားကိုမှ ကဗျာစာဆိုက တမင်ရွေးကောက်၍ ခံ့ညားသည်ဟု ဆိုရလေသနည်း။

ဤမေးခွန်းကို မဖြေခင် ကျွန်တော်၏ ကိုယ်တွေ့တစ်ရပ်ကို တင်ပြရဦးမည်။ တစ်နေ့က ကျွန်တော့်မိန်းမသည် ဧည့်ခန်းပစ္စည်း တစ်ခုကို ဝယ်လာလေသည်။ ပိုက်ဆံ ချွေတာတတ်သော ကျွန်တော်က အပြစ်တင်သံဖြင့် 'ဘာလုပ်ဖို့လဲ' ဟု မေးပါသည်။ 'တီတိရီကော်တာ တင်ဖို့' ဟု သူက ပြန်ဖြေရင်း ထိုပစ္စည်း၏ အလားအလာကို ရှင်းပြပါတော့သည်။ သူ့ရှင်းပြချက်ကို ကျွန်တော် နားလည်သမျှ ဆိုရလျှင် ထိုပစ္စည်း၏ အောက်နားတွင် ဗီရိုပုကလေး ပါသည်။ တိတ်ကြိုးခွေများကို ဗီရိုထဲတွင် ထည့်ထားနိုင်သည်။ ဗီရို၏ အထက်ပိုင်းမှာ ခြေလေးချောင်းထောက်၍ အမိုး လေးထောင့်စပ်စပ်ကလေး လုပ်ထားသဖြင့် စားပွဲတိုကလေး ဖြစ်နေပြန်သည်။ စားပွဲအောက်တွင် ဆေးလိပ်ပြာခွက် တင်ထားနိုင်သည်။ စားပွဲပေါ်တွင် တိတ်ရီကော်တာ တင်ထားနိုင်သည်။ ထိုဗီရိုတွဲ စားပွဲသည် အမြင့် သုံးပေ ရှိ၍ မီးခလုတ်နှင့်လည်း နီးသည်။ အထားရလည်း လွယ်သည်။ တစ်ဖန်တုံ၊ ပစ္စည်းတစ်ခုလုံးကို ဆေးရောင် ပျော့ပျော့ကလေး သုတ်ထား၍ ကြွန္ဓြေရသည်။ ပုံပန်းသည်လည်း ကျနသည်။ သည်ပစ္စည်းသည် အရောင်ရော ပုံပန်းပါ ဧည့်ခန်းနှင့် လည်းကောင်း၊ ဧည့်ခန်းရှိ စားပွဲ ကုလားထိုင် စာအုပ်စင်နှင့် လည်းကောင်း ညီညွတ်သည်။ ပြေပြစ်သည်။

ကျွန်တော် နားဝေတိမ်တောင် ဖြစ်နေသည် ထင်၍လား မသိ။ သူက စကားဆက်ပြန်သည်မှာ အိမ်တွင် တိတ်ရီကော်တာ တင်နိုင်သည့် အခြားစားပွဲများ ရှိပါသည်။ ယခုပစ္စည်း အသုံးဝင်သကဲ့သို့ အခြားစားပွဲများကလည်း အသုံးဝင်သည်ဟုပင် ထားပါဦး။ သူတို့၏ ပုံပန်းနှင့် ဧည့်ခန်း အနေအထားသည် မလိုက်ဖက်ပါ။ အံမဝင်ပါ။ ဤသို့ဖြစ်သော် ဧည့်ခန်းသည် ဧည့်ခန်းနှင့် မတူပါ။ တိုလီမိုလီ အခန်းနှင့်သာ တူပါတော့သည်။ တိုလီမိုလီ အခန်းသည် လူနေရာ မဟုတ်ဟူ၍ ဖြစ်ပါသည်။ စကားအဆုံးသတ်တွင် 'ကြင်တတ်မှ ရသတဲ့၊ ဆင်တတ်မှ လှသတဲ့ တော်ရေ့' ဟူ၍ပင် အဆစ်ထည့်လိုက်လေသေးသည်။

ဟုတ်ပါ၏။ လူ ဆိုသည်မှာ အတန်းအစား မရွေး အလှအပ၊ အယဉ်အကြော့၊ အခံ့အသန့်ကို မြင်တတ် ကြားတတ် ကြိုက်တတ်သောစိတ် ရှိသည်။ လှပေ့၊ ယဉ်ပေ့၊ ကြော့ပေ့၊ ခံ့ပေ့၊ သန့်ပေ့ ဆိုသည့် အရာများကိုလည်း ဖန်တီးချင်စိတ် ရှိသည်။ သည်စိတ်အလိုဖြည့်နိုင်မှ လူဖြစ်ကျိုးနပ်သည်။ လူ့ဘောင်သည် ခင်စရာ၊ မြတ်နိုးစရာဖြစ်သည်ဟု သူတို့ ယုံမှတ်သည်။ ကျောက်စာထဲက သာဓက ပေးရမည်ဆိုလျှင် ပုဂံသား ဒါယကာတစ်ဦးသည် အလှူအတန်းပြု၍ "ဘုရားမဖြစ်သောကြား၊ ပဥ္စင်္ဂတုရ မည်သော စည်ငြင်းဖြင့် နိုးထထသော စည်းစိမ် ခံစားရပါလို၏" ဟူ၍ ဆုတောင်းခဲ့ဖူးပါသည်။ ထို့ပြင်လည်း ရန်ကုန်မြို့တွင်း အိမ်ခန်းကျဉ်းကျဉ်းကျပ်ကျပ်တွင် နေရသည့် လူများကို ကြည့်ပါ။ သူတို့၏ ညှော်ခန်းတွင် ခေတ်ပေါ် ခန်းဆီးများအပြင် ပန်းစိုက်အိုးကလေးများကို တွေ့ရပါလိမ့်မည်။ ခန်းဆီးကလေးများမှာ အလင်းရောင် အလွန်ကြီး မဝင်ရအောင်၊ အပြင်က အတွင်းသို့ မမြင်ရအောင် ကာကွယ်သည့် သဘောဖြင့် ထားသည် (ဝါ) အသုံးဝင်၍ ထားသည်ဟု ဆိုကြပါစို့။ သို့ဖြစ်လျှင် "တိုက်ရိုက်" အသုံးမဝင်လှသော ပန်းစိုက်အိုးကလေးကိုမူ ဘာ့ကြောင့် ထားရလေသနည်း။ လူအများသည် အလုပ်အဆင်သင့်၍ လည်းကောင်း၊ ခြံနှင့်ဝင်းကို မတတ်နိုင်၍ လည်းကောင်း မြို့လယ်ကောင်တွင် နေထိုင်ကြရသော်လည်း အလှကို မြတ်နိုး ခင်တွယ်သောစိတ်ကား ပကတိအတိုင်းပင် ရှိနေလေသည်။ ရှိနေ၍ သစ်ပင် ပန်းမန်၏ အရိပ်အယောင်ကို မရသာ ရသာအောင် ကြံကြရလေသည်။ မည်မျှပင် အလုပ်ပင်ပန်း၍ အိမ်ပြန်လာသည် ဖြစ်စေ၊ မိမိ၏ အိမ်ခန်းက စားပွဲ ကုလားထိုင် အစီအရီ အကြား၌ ပန်းစိုက်အိုးကို မြင်လိုက်ရ၍ မွှေးကြိုင်သော ရနံ့ကို ရှူရှိုက်ရသူသည် လန်းရွှင်လာလေသည်။ အမောပြေလာလေသည်။ နှင်းဆီကလေး၏ မခို့တရို့ နေပုံမှ နှစ်သက်သောပီတိ ဖြစ်ပေါ်လာလေသည်။

ဖန်တီးတတ်သည့်အပိုင်းကို ကြည့်လေဦး။ သစ်လုံးဆွဲ ဆင်ရုပ်ထုနေသော ပန်းပုသမားသည် သူ၏ စိတ်မျက်စိတွင် ရှိနေသော အရုပ်ကို ပကတိ မျက်စိတွင် ပေါ်လာအောင် အားထုတ်သည်။ အားထုတ်ရင်း ခြေအနေအထား၊ ဦးခေါင်း အနေအထား၊ သစ်လုံး၏ အနေအထား၊ သစ်လုံးနှင့် နှာမောင်းတို့၏ အနေအထား စသည်တို့ သူ့နေရာနှင့်သူ အကွက်ကျလာသည်နှင့် အမျှ၊ အရာထင်လာသည်နှင့် အမျှ၊ ဆင်၏ အင်အားသည် ရုပ်တုတွင် ခိုင်ခိုင်မာ ဖြစ်လာသည်နှင့် အမျှ ကျေနပ်နှစ်သိမ့်မှုလည်း ဖန်တီးသူ၌ တစိမ့်စိမ့် ဖြစ်ပေါ်လာလေသည်။ ထိုနည်းအတူပင် အကသင် မိန်းကလေး အဖို့လည်း စည်းနှင့် ဝါးနှင့်အညီ ခါးအချိုး၊ လက်အပစ်၊ ခေါင်းအလှည့်၊ ခြေအထုတ်ကို ကျနရလေအောင် လေ့ကျင့်ရသည်။ လေ့ကျင့်ရာက ကိုယ်လက်အင်္ဂါ အစိတ်အပိုင်းတို့၏ အလှုပ်အရှား အဝင်အထွက် အပြောင်းအနွဲ့သည် စုပေါင်းအလှ ရုပ်သဏ္ဌာန် ထင်သည်နှင့် တစ်ပြိုင်နက် ကျေနပ်နှစ်သိမ့်မှုလည်း လေ့ကျင့်ရသူ၌ တစိမ့်စိမ့် ဖြစ်ပေါ်လာလေသည်။

ထိုသို့ အလှအပ၊ အယဉ်အကြော့၊ အခံ့အသန့်ကို ပေးသူက ပေးနိုင်၍ လည်းကောင်း၊ ခံယူသူက ခံယူနိုင်၍ လည်းကောင်း အရသာ ယူတတ်ခြင်းသည် လူသား၏ ထူးခြားချက်၊ လူ့ဘဝနှင့် တိရစ္ဆာန်ဘဝ ကတ္တားခြားချက်ဟု ကျွန်တော် ဆိုချင်သည်။ လူကဲ့သို့ပင် တိရစ္ဆာန်တို့သည် သူတို့အတွက် အသုံးဝင်မည့် ကိစ္စရပ်များ၌ ကျွမ်းကျင်ကြပါသည်။ ဝမ်းစာ ရှာတတ်ကြပါသည်။ မိုးဥတုအတွက် အစာကို သိုလှောင်ထားတတ်ကြပါသည်။ အစုအဝေး၌နေလျှင် အင်အားရှိသည် ဟူသော အဖြစ်ကို သိတတ်ကြပါသည်။ အကာအကွယ် ယူတတ်ကြပါသည်။ မိမိ နေထိုင်ရာ အသိုက်အအုံအတွက် မည်သည့်ပစ္စည်းဖြင့် ဆောက်လုပ်ရမည်ကို သိတတ်ကြပါသည်။

သို့ရာတွင် တိရစ္ဆာန်တို့၏ အသိပညာသည် ဤမျှနှင့်ပင် အဆုံး

သတ်တော့သည်။ သူတို့၏ ဝီရိယဟူသမျှကို ဘဝတည်မြဲရေးနှင့် မျိုးဆက် ပြန့်ပွားရေး၌သာ အသုံးချနေရသည်။ ဤဘောင်အတွင်း၌သာ သူတို့ ကျင်လည်နေကြရသည်။ လူကား ဤသို့ မဟုတ်။ အသုံးဝင်ရာရာ အပြင် လောက၏ နှစ်သက်စရာ၊ မြတ်နိုးစရာကို မြင်တတ် ကြားတတ် သည်။ လောက၏ နှစ်သက်စရာ၊ မြတ်နိုးစရာကို ဖန်တီးတတ်သည်။ မြေပြင်နှင့် ကောင်းကင် အကြားတွင် ကျက်စားနေကြသော သတ္တဝါ တို့တွင် ဤသို့ဖြင့် အထူးခြားဆုံး ဖြစ်လေသည်။ ထို့ကြောင့်ပင် လူ သား၏ အဖြစ်သည် ခဲ့ညားလှပေစွ ဟူ၍ ကဗျာစာဆိုက သီကျူးခဲ့ခြင်း ဖြစ်လေသည်။

ဇော်ဂျီနှင့် နတ်ခမ်းဆိုးဆေး

(တိုက်စိုး)

ဤအဖြစ်မျိုးကို ကျွန်တော် ကြုံသလို အများလည်း ကြုံဖူးကြလိမ့်မည်။ အများကပင် စာမဖွဲ့လောက်သည့် အရေးရယ်ဟု ပေါ့ပေါ့တန်တန် သဘောပိုက်လိမ့်မည်လား မဆိုနိုင်။ ကျွန်တော့်မှာမူ ဤအရေးမှနေ၍ အတွေးမျှင် တတန်းတန်း ဖြစ်လာရပုံကို ပြောပြရပေဦးမည်။ ဖြစ်ပုံမှာ ရိုးရိုးကလေးပါ။ တစ်ခုသော ညနေခင်းတွင် ကျွန်တော် အိမ်ပြန်ရန် မှတ်တိုင်၌ ကားစောင့်နေပါသည်။ မကြာမီ ဘတ်စကား ထိုးဆိုက်၍ ကျွန်တော် လှမ်းတက်သည်။ ထိုခဏ၌ အတွင်းမှ 'မြန်မြန် ဦးလေး' ဟူသော အသံကို ကြားလိုက်ရသည်နှင့် ခုံသို့ ဝင်အထိုင်၊ အသံလာရာ ဘက်သို့ ကျွန်တော် ကြည့်လိုက်သည်။ အသံပြုသူ စပယ်ယာ၏ မျက်လုံး၊ ထိုမျက်လုံးအနီးမှ ကျွန်တော့်ဘက်သို့ အမူမဲ့ အမှတ်မဲ့ လှမ်းကြည့်နေသော မိန်းမပျိုနှစ်ဦး၏ မျက်လုံးတို့နှင့် ဆုံမိ၍ ကျွန်တော် ဖိန်းသလို ရှိန်းသလို ဖြစ်သွားလေသည်။ မြန်မာ့ထုံးစံတွင် အစ်ကို တန်လျှင် အစ်ကို၊ အစ်မ တန်လျှင် အစ်မ တစ်ဦးနှင့်တစ်ဦး ယဉ်ကျေးဖွယ်ရာ နှုတ်ဆက်ရိုး ရှိသည်။ ယခု စပယ်ယာနှင့် ကျွန်တော်သည်လည်း တူအရွယ်၊ သားအရွယ် ဖြစ်၍ သူ ဤသို့ ခေါ်လိုက်သည်မှာ မမှားပါ။

မမှားသော်လည်း တစ်ခဏသော် ကျွန်တော် နားအဝင် ခက်မိသည်။ ကျွန်တော်နှင့် အရွယ်တူ အခြားသူတို့သည်လည်း ဤသို့ ကြုံလျှင် ဤနည်းတူ ဖြစ်ကြမည်ဟု ထင်မိပါသည်။ ထိုနောက်ကား မေ့မေ့ပျောက်ပျောက် ဖြစ်သွားကြပေလိမ့်မည်။

ကျွန်တော့်အဖို့မူ မေ့၍ မရနိုင်။ မေ့၍ မရနိုင်သဖြင့် ကိုယ့်ကိုယ်ကို မေးခွန်းထုတ်မိပါသည်။ မိန်းကလေးတွေကို ငါ စိတ်ကစားမိလေသလား။ မိန်းကလေးများရှေ့တွင် ဦးလေးဟု အခေါ်ခံလိုက်ရသည် ဖြစ်ရာ အသက်အရွယ် ကွာသည် ဟူသော သဘော သက်ရောက်သဖြင့် ရှက်အမ်းအမ်း ဖြစ်သွားမိသလား။ မည်သို့ဖြစ်စေ မိမိ အသက်ကြီးသည်၊ အရွယ်ဟိုင်းသည် ဟူသော အဖြစ်ကို သူစိမ်းတစ်ရံဆံရှေ့၊ အထူးသဖြင့် ငယ်ရွယ်သူများရှေ့တွင် အသိမပေးလို။ ကိုယ်ကိုယ်တိုင်လည်း မေ့မေ့လျော့လျော့သာ နေလိုသည်။ ဤအဖြေသာ ကျွန်တော် ရသည်။ အရွယ်ကြီးသည်။ ရင့်သည်။ ဟုတ်ပြီ။ နည်းနည်းကလေး ပိုတွေးလျှင် ထိုအရွယ်သည် အိုခြင်း၊ နာခြင်းဘက်သို့ တရွေ့ရွေ့ သွားနေသည်ဟု အဓိပ္ပာယ်ပေါက်သည်။ မည်သူ နှစ်သက်နိုင်ပါမည်နည်း။

ဤသည်တို့နှင့် ဝေးရာဘက်သို့သာ ရောက်လိုကြသည်မှာ လူ့ဓမ္မတာပေ။ အိုခြင်း၏ ဆန့်ကျင်ဘက်ကား မအိုခြင်း၊ ဝါ၊ နုပျိုခြင်း။ နာခြင်း၏ ဆန့်ကျင်ဘက်ကား မနာခြင်း၊ ဝါ၊ တောင့်တင်း ဖျတ်လတ်ခြင်း။ အိုခြင်း၊ နာခြင်းကား အသက်ဓာတ် ယုတ်လျော့မှုတည်း။ နုပျိုခြင်း၊ တောင့်တင်း ဖျတ်လတ်ခြင်းကား အသက်ဓာတ် အပြည့်ရှိမှုတည်း။ ဤသဘော၏ ရှေ့ပြေးကို ကျွန်တော် စာရေးနေရင်း မိုးတစိမ့်စိမ့် ရွာနေသော အပြင်ဘက်ရှုခင်းတွင် မြင်နေရပါသည်။ ပထဝီမြေကြီးသည် အသက်ဓာတ်ဖြင့် လှုပ်ရှား လန်းရွှင်နေသည်ဟု ဆိုရလေမည်။ နွေကာလ အပူဒဏ်ကြောင့် ပြောင်တလင်း ဖြစ်ခဲ့သော၊ ခြောက်ကပ် သွေ့ယောင်းခဲ့သော မြေပြင်သည် ယခုအခါ စိမ်းစိုသော မြက်ခင်းတို့ဖြင့်

ပြည့်နေလေသည်။ သစ်ပင် ပန်းပင်တို့သည် မိုးရေ ဝ ကာ ကားကား စွင့်စွင့် ရှိနေကြသည်။ အညွန့် အညှောက်တို့သည်လည်း ဟိုဘက် သည်ဘက်တွင် ပွားတိုး ကြွရွလျက်သာ ရှိကြသည်။ ဤသို့လျှင် လန်း လန်း ဆန်းဆန်း၊ ထူထူထောင်ထောင် ရှိနေသော သဘာဝရှုခင်းသည် မြင်သူတို့အတွက် နှစ်လိုဖွယ်ရာ ဖြစ်လေသည်။

မိုးနှုးပန်း သစ်ပင်တို့၏ အမူအရာနှင့် အနီးဆုံး တူအောင် ကြိုးပမ်းနေကြသူတို့တွင် မြို့သူသည် အထင်ရှားဆုံး ဖြစ်လေသည်။ ဆင်းဆင်းရဲရဲ တောသူသည် ကြိတ်ထိုး၊ မောင်းထောင်း၊ နွားကျောင်း၊ ကောက်စိုက်၊ ထင်းပေါက်၊ ရေခပ်နေရ၍ သဘာဝနှင့် ညီညွတ်သည်။ ညီညွတ်၍ ကျန်းမာသည်။ ကျန်းမာသည့် ကိုယ်ကာယသည် ပေါ့ပါး သည်။ စိုပြည်သည်။ သွေးရောင်လျှမ်းသည်။ မျက်လုံး၌ အရောင် တောက်သည်။ ဤသဘာဝကို မြို့တွင် ကြီးရ၍ ကျန်းမာရေးနှင့် ဗီလာ ဖြစ်သော မြို့အလုပ်ကို လုပ်နေရသည့် မြို့သူသည် အပြည့်မရရှာ။ မရသော်လည်း ပကတိ ကျန်းမာရေးမှ ထွက်လာသော အသွင်အပြင်၊ အရည်အသွေးတို့ကို တောင့်တရှာလေသည်။ အိုသဏ္ဍာန်ကို တစ်နည်း နည်းဖြင့် တားလိုက်ချင်သည်။ ထို့ကြောင့် ဖြူဖျော့ဖျော့ ဖြစ်နေသော နှုတ်ခမ်းကို ဆေးဆိုးလေသည်။ ကောက်ကြောင်းလှအောင် ရင်ကို ဘရာစီယာဖြင့် ပင့်ရလေသည်။ တင်ကားအောင် ခုံမြင့်စီးကာ ပေါ့ပါး မြူးပျံသည့်အသွင် ဖန်တီးရလေသည်။ သူသာလျှင် မဟုတ်သေး။ အရေတွန့်ခြင်း၊ အရောင်မှေးခြင်း၊ ကိုယ်လက်လေးလံခြင်း ဟူသော အိုခြင်း လက္ခဏာကို အထင်အရှား ပြနေသော အမယ်အိုသည်ပင် နှုအောင်၊ ပျိုအောင် ပရိယာယ် ဆင်ချင်ရှာသေးသည်။ အိမ်အိုက ကျားကန်၊ လူအိုက ပန်းပန် ဟူသော ဆိုထုံးကို ကြည့်။

ဤသို့လျှင် သွားမကျိုး ဆံမဖြူ၊ ငယ်မူ ငယ်သွေး ထွက်အောင် မြို့သူက သူ့နည်းနှင့်သူ အားထုတ်သည်။ သူနှင့် ဘဝတူဟု ဆိုရမည်

ဖြစ်သော အင်္ဂလိပ်သမား အဘိုးအိုကလည်း ထာဝစဉ် နုပျိုအောင် သူ့နည်းနှင့်သူ အားထုတ်သည်။ သူသည် မိုးလင်းမှ မိုးချုပ်သည့်တိုင် ငွေကုန်ခံ၊ အညောင်းခံ၍ လုပ်ရတ်ကျမ်းတို့နှင့်အညီ ဖိုထိုးသည်။ ငွေကုန်၍ မယားဆူသည်။ ဆူစေတော့။ ညောင်းညာ၍ ဒူလာစွဲသည်။ စွဲစေတော့။ သို့သော် ထိုအရာတို့သည် တစ်ခဏမျှသာတည်း။ မကြာမီနာ အစရှိသော ဓာတ်မ ကိုးပါး၊ ကန့် ကျောက်ချဉ် အစရှိသော ဓာတ်ဖို တစ်ဆယ့်နှစ်ပါးတို့၏ သဘာဝကို မုချ သိမြင်၍ သိဒ္ဓိပေါက်သော် ပြဒါးရှင်လုံး ရတော့အံ့။ မြန်မာဓာတ်ပွဲတို့တွင် ကောင်းကင်ပျံကာ၊ မြေလျှိုးကာနှင့် ရွှင်မြူးနေသော ဇော်ဂျီကို မြင်ဖူးကြသည် မဟုတ်လော။ ထွက်ရပ်လမ်း ပေါက်သောသူသည်လည်း ဝိဇ္ဇာ ဇော်ဂျီ အဖြစ်သို့ ကူးပြောင်းလေတော့အံ့။ ထိုအခါ၌ အဆိုပါ သိဒ္ဓိတို့အပြင် မဟောမပန်းခြင်း၊ အမြဲနုပျိုခြင်း၊ ဘုရားတစ်ဆူနှင့်တစ်ဆူ အကြား တိုင်အောင် အသက်ရှည်ခြင်း ဟူသော သိဒ္ဓိများ ရရှိတော့အံ့။

တရားတော်က သင်္ခါရ အနိစ္စာဟု ဆိုသည်။ အင်္ဂလိပ် အဘိုးအိုနှင့် မြို့သူ မိန်းမပျိုတို့ကား မအိုရ၊ မနာရသည့်နည်းကို မမောမပန်း ရှာဖွေကြတုန်းပင် ဖြစ်လေသည်။

နေဝင်မြင်သည့် ဝ ရှေပြည်
(တိုက်စိုး)

ကျွန်တော်တို့အဖွဲ့သည် လူနည်းနည်းနှင့် စုံလှပေ၏။ ထိုအထဲတွင် အမတ် ပါသည်။ ပန်းချီဆရာများ ပါသည်။ ကျောက်စာသမား ပါသည်။ ငေးတတ် တွေးတတ်သူ ပါသည်။ ပါဝင်သူတို့သည် တစ်ဦးနှင့် တစ်ဦး အလုပ်မတူ၊ စရိုက်မတူ ဖြစ်သော်လည်း အင်းဝမြို့ဟောင်းကို မြင်လိုသော စိတ်တွင်မူ အားလုံး အတူတူပင် ဖြစ်လေသည်။ အင်းဝမြို့တည်နှစ်သည် ခြောက်ရာနီးနီး ရှိခဲ့ပြီ ဖြစ်၏။ ထို့အပြင် မြန်မာမင်းတို့သည် ကိန်းခန်းအရ မင်းနေပြည်ကို တစ်နေရာမှ တစ်နေရာသို့ ရွှေ့တတ်ကြသော်လည်း အင်းဝကား လေးကြိမ်တိုင်တိုင် မင်းနေပြည် အဖြစ် ရပ်တည်ခဲ့လေသည်။ သို့ဖြင့် ထည်ဝါသော ထိုအမည်ကို နားတွင် စွဲနေကြသော ကျွန်တော်တို့သည် တစ်ခုသော ညနေခင်း၌ ခေတ္တခဏ တည်းခိုနေသော မန္တလေးမှ ဂျစ်ကားတစ်စီးဖြင့် ထွက်ခွာခဲ့ကြလေသည်။

ကားသည် အမရပူရကို ဖြတ်၍ သွားရလေသည်။ ထိုမှအလွန် လက်ပံပင် အတန်းလိုက်စီ၍ ပေါက်နေသော လမ်းအတိုင်း လာခဲ့ရာ ကွမ်းတစ်ယာညက်ခန့် အကြာတွင် အင်းဝတံတား အစကို ကျွန်တော်

တို့ မြင်ရလေတော့သည်။ တံတားသည် ရောဝတီကို ခွ၍ စစ်ကိုင်းဘက်သို့ ဦးတည်ထားလေသည်။ ရောဝတီနှင့် မြစ်ငယ် ဆုံတွေ့ရာသည် အင်းဝတည်း။ "ရွှေဝ ဝ နေတည် မယ်တို့ပြည် သာသည်ကျွန်းထိပ်တက်" ဟူသော ယမက သံပေါက်သည် အင်းဝတည်နေဟန် ပြသည့်အညွှန်းတည်း။ ကားသည် တံတားသို့ မရောက်ခင် ဘယ်ဘက် သဲသောင်ပြင်သို့ ကွေ့ဆင်းကာ သောင်စပ်အထိ သွားရ၏။ ထိုမှ တစ်ဆင့် ကူးတို့ဖြင့် တစ်ဖက်သို့ ကူးရလေသည်။ တစ်ဖက်ကမ်းသို့ရောက်ချိန်၌ နေအတော်စောင်းလေပြီ။ ကျွန်တော်တို့ လှုသိုက်လည်း လာလမ်းကို ပြန်လှည့်ကြည့်မိ၏။ ကျန်ခဲ့သည့် သောင်စပ်တွင် ထီးမယိုင့် တယိုင်၊ ထုံးမဖြူ့ တဖြူနှင့် မြေစိုက်စေတီနှစ်ဆူ ရှိသည်။ နောက်နားကျကျတွင် ကျောင်းအိုအိုနှင့် ထန်းပင် ရှိသည်။ ရှေ့ ရေစပ်တွင် ငှက် (သမ္ဘန်) ကလေးများ ကပ်လျက် ထားရှိသည်။ ရေပေါ်တွင် ငှက်တစ်စင်းနှစ်စင်း တကျိုကျိုနှင့် လှော်ခပ် သွားလာနေကြသည်။ ဤသည်တို့ကို နောက်က နေရောင်ရိုက်နေသည့် ရှုခင်း၌ ကျွန်တော်တို့ ငေးနေမိကြသည်။ အတန်ကြာမှ ကျွန်တော်တို့အထဲရှိ ပန်းချီဆရာများ လှုပ်လှုပ်ရွရွ ဖြစ်ကာ ပန်းချီဆွဲရန် သူတို့ နေရစ်မည်ဟု ဆိုလေသည်။ ကျန်လူတို့လည်း နေလုံး မပျောက်ခင် အင်းဝနန်းတော်ရာသို့ ရောက်အောင်ဟု ခရီးဆက်ကြပြန်လေသည်။

နန်းတော်ရာဟု ကျွန်တော် ဆိုလိုက်သည်။ ဆိုလိုက်ရခြင်းမှာ အင်းဝသည် ရာဇဝင်သက်တွင် အလွန် ကြာညောင်းခဲ့သော်လည်း မြို့လက္ခဏာ ဟူ၍ အလွန် ရှားပါးသောကြောင့် ဖြစ်လေသည်။ လှည်းလမ်းကြောင်းအတိုင်း ကား တဖြည်းဖြည်း မောင်းရင်းက ကျွန်တော်တို့၏ မျက်စိဝန်းသို့ ဝင်လာသော ကျုံးအို၊ မြို့ရိုးအို၊ မျှော်စင်အို၊ အုတ်ကျောင်းအိုတို့သည်သာလျှင် မင်းနေပြည် ဟူ၍ ထွန်းကားခဲ့ကြောင်း အမှတ်အသား ဖြစ်လေတော့သည်။ ကျုံးမှာလည်း ရေကင်းလေပြီ။

မြို့ရိုးမှာလည်း မြေဒွန့် ပေါ်တချို့ မြုပ်တချို့ ဖြစ်ပြီ။ မျှော်စင်မှာလည်း လျောင်ဒဏ်ဖြင့် တစ်ဖက်ယိုင်နေပြီ။ အုတ်ကျောင်းမှာလည်း သံဃာ ဟူ၍ မရှိပြီ။

သတိရမိပါသေး၏။ သတိုးမင်းဖျားသည် အင်းဝကို မင်းနေပြည် အဖြစ် စတင် ရွေးချယ်ခဲ့လေသည်။ ကြံဆကြည့်လျှင် မြစ်ရေ ဝိုင်းရံ နေသည့် အခြင်းအရာသည် ထိုခေတ် ထိုအခါအတွက် သဘာဝ အကာ အကွယ်သဘော ရောက်သောကြောင့်လည်း ဖြစ်တန်ရာ၏။ ဥတုရာသီ လည်း ကောင်း၍၊ ဆန်ရေစပါး လှိုင်သည့် လယ်ကွင်း တစ်ဆယ့် တစ်ခရိုင်နှင့် စပ်နေသောကြောင့်လည်း ဖြစ်တန်ရာ၏။ မြေကောင်း ရေကောင်းကို အမှီ ရထားသော မင်းအဆက်ဆက်တို့သည် အင်းဝမြို့ ကို ပြုပြုပြင်ပြင် လုပ်ခဲ့ကြလေသည်။ လုပ်ဆောင်ခဲ့သည့်အတိုင်း မြို့ပြ တန်ဆောင်းလည်း ပြည့်စုံလာသည်။ မျိုးရိက္ခာလည်း ဖြိုးခိုင်လာသည်။ ပျို အို မရွေး ပါဝင်ပျော်ရွှင်သော ရာသီပွဲတွေလည်း အစဉ်အလာ ရှိလာသည်။ စာဟော၊ စာပြော၊ စာပြိုင်၊ စာနိုင် လုပ်ကြသော အခြင်း အရာတို့လည်း နန်းတွင်း နန်းပြင် နံ့လာသည်။ အလှအပ အယဉ် အကျေးလည်း အဘက်ဘက်က တိုးပွားလာသည်။ ဤသို့သော အလုပ် အဆောင် အစီအရင်တို့တွင် သတိုးမင်းဖျား၏ အနွယ် ရွှေနန်းကြော့ရှင် နရပတိ ဆောက်ခဲ့သည့် နန်းတော်လည်း ပါလေသည်။ ထိုမင်း နန်း တည်ခဲ့ပုံကို ယခုထက်တိုင် အုတ်ကျောင်းတံတိုင်း အပြင်ဘက်တွင် ရှိနေသော ရွှေနန်းတည် ကျောက်စာကပင် သက်သေခံလျက် ရှိပေ သည်။ ထိုကျောက်စာကို ရှေးဟောင်း သုတေသနဌာနက စောင့်ရှောက် ထားလေသည်။ ကျောက်စာကား အတန်ပင် ပျက်စီးခဲ့ပြီ။ ကျောက် အလွှာလွှာ ကွာကျကာ စာလုံးအများပင် မထင်တော့ပြီ။ ကျောက်စာသမား လည်း ကြိုးစား၍ ဖတ်ပါလေ၏။ ဖတ်၍ရသော နန်းတည် အစီအရင် တွင် နတ်ပူဇော်၍၊ ပရိတ်ရည်ဖျန်း၍၊ နွားချေး၊ နွားနို့၊ ထောပတ်၊

တင်လဲ စသည်ဖြင့် မြေကိုကျုံ၍၊ ငြမ်းဆင်၍၊ တံပိုး ခရာ သံလွင် တီးမှုတ်၍၊ ရွှေကနက် ငွေကနက် နက်စေခဲ့သည် ဟူ၍သာ အမြွက်မျှ သိရလေသည်။

အုတ်ကျောင်းဝင်းသို့ ကျွန်တော်တို့ ဝင်ခဲ့ပြန်၏။ ကျောင်းအစ်မ ကား မိဖုရားခေါင်ကြီး မယ်နု ဖြစ်လေသည်။ ကျောင်းကား ငလျင် ဒဏ်ကိုလည်း ခံခဲ့ရသည်။ ရာသီဥတု ဒဏ်ကိုလည်း ခံခဲ့ရသည်။ သို့ ပင်လည်း မုခ်ဦး ပြာသာဒ်မှ မျှော်ကြည့်သော် မန်ကျည်းပင်တွေ အကြား၌ ဘုံသုံးဆင့်နှင့် ပုံပန်းမပျက်ဘဲ ရှိနေသေးသည်ကို မြင်ရလေ သည်။ အဆော်၊ စိုင်ပေါင်၊ တုရင်၊ စုလစ် စသည့် အလုပ်အဆောင် များနှင့်တကွ ခံ့ခံ့ထည်ထည် ရှိနေသေးသည်ကို မြင်ရလေသည်။ ပမာ ဆိုရသော် ပျို့ရွယ်စဉ်အခါက အလုံးအရပ် ကောင်းခဲ့သူ၊ အသရေရှိခဲ့သူ တစ်ဦးကို အိုဆင်းရဲ နာဆင်းရဲ လူမှုဆင်းရဲတို့ ကြုံခဲ့ရပြီးသည့်နောက် တွင် မြင်တွေ့ရသည့်အခါ ငယ်ရိပ် ငယ်ယောင် ကျန်နေသေးသကဲ့သို့ ပင်တည်း။

ကျွန်တော်တို့လည်း ရှေ့နောက်မကျန် လှည့်ပတ်ကြည့်ရှုကြ သည်။ ကျွန်တော်တို့နှင့် အတူပါသော အမတ်မင်းလည်း ခေါင်းတညိတ် ညိတ်နှင့် 'လူထုအားကို အများကြီး သုံးခဲ့ရမှာပဲ' ဟု ထင်မြင်ချက် စ၍ ပေးလေသည်။ သူ့ထင်မြင်ချက်ကို ဆက်ရသော် ဤသို့ ဖြစ်၏။ ရှေးမင်းတို့သည် မင်းထိုက်စိုးတန် ရွှေနန်း အဆောင်ဆောင်လည်း တည်ခဲ့ကြသည်။ အလှူဒါန အကြီးအကျယ်လည်း ပြုခဲ့ကြသည်။ တစ် ဖန် အင်းဝ၏ အာဏာစက်သည် နယ်ကျဉ်းကျဉ်းမျှသာ ပြန့်ခဲ့သည့် အခါလည်း ရှိ၏။ ထိုအခါ၌သော် ပြည်တိုင်းကား ချဲ့ထွင်ရင်း အနီး အစပ် ပြည်များ၊ မင်းများနှင့် စစ်မက်ဖြစ်ပွားခဲ့လေသည်။ အင်းဝ၏ အာဏာစက်သည် မြန်မာနိုင်ငံ တစ်ဝန်းလုံးကို လွှမ်းမိုးခဲ့သည့်အခါ လည်း ရှိ၏။ ထိုအခါ၌သော် အင်းဝ နန်းပလ္လင်ကို အရယူသူ အများ

ပေါ်ပေါက်ခဲ့လေသည်။ ထိုပလ္လင်ပေါ်တွင် မြန်မာလည်း ထိုင်ခဲ့၏။ ရှမ်းလည်း ထိုင်ခဲ့၏။ ထိုသို့သော ကိစ္စအဝဝတို့၌ ရွှေနန်းသခင်တို့သည် လူထု၊ ဝါ၊ တောသူတောင်သားတို့၏ အားအပေါ် အလွန် အမှီသဟဲ ပြုခဲ့မည် ဟူသတည်း။

ဟုတ်၏။ ကျွန်တော်တို့ ရပ်နေရာမှ လှမ်းမျှော်ကြည့်လျှင် ချုံပုတ်၊ ညောင်ပင်တို့ကို လည်းကောင်း၊ ပဲခင်း၊ ပြောင်းခင်း၊ ငရုတ်ခင်းတို့ကို လည်းကောင်း၊ သက်ငယ်မိုး၊ ဝါးထရံကာနှင့် အိမ်စုကလေးများကို လည်းကောင်း မြင်ရလေသည်။ ထိုမှလွန်သော် ထန်းတော၊ ယာတော၊ လယ်တောများကို ရေးရေးမြင်ရပြန်လေသည်။ ထိုလုပ်ခင်းတို့တွင် မှီတင်းနေထိုင်ကြသူများကား တောသူ တောင်သားတို့သာတည်း။ ထိုသူတို့၏ ဘေးဘိုးတို့သည်လည်း တောသူတောင်သားတို့ပင် ဖြစ်လေသည်။ သူတို့သည် ဤရေမြေ၌ ပေါက်ဖွားကာ ဤရေမြေ၌ လယ်ထွန်၍ လည်းကောင်း၊ ထန်းတက်၍ လည်းကောင်း၊ လှေဖြင့် ဆား ငါးပိ တင်ကာ ကုန်သွယ်၍ လည်းကောင်း ဝမ်းစာရှာခဲ့ကြလေသည်။ ရှာရသမျှမှ စည်းကြပ်သည့်အလိုက် အခွန်သွင်းခဲ့ရ၏။ ထို့အပြင် အသည် (လူလွတ်) ဖြစ်ခဲ့မူ တစ်ဆယ့်နှစ်မူမင်းတိုင်း ဟူသော တမာစေး၊ လျှော်၊ အုံတုံခေါက်၊ ဥသျှစ် စသည်ကို ဆက်ရ၏။ အစုသား ဖြစ်ခဲ့မူ တာဝန်ခွဲဝေသည့်အလိုက် ကိုယ့်အစုနှင့်ကိုယ် မင်းမှုထမ်းရ၏။ ထိုအသည်၊ ထိုအစုသားတို့၏ လုပ်အားဖြင့် အင်းဝ နန်းမြေသည် ထည်ဝါခဲ့လေသည်။ သူတို့၏ အရောင်ကြောင့် အင်းဝမြို့သားတို့သည် ပါးပြောင်ခဲ့လေသည်။

အမှောင်ရိပ်လည်း သမ်းလာလေပြီ။ စစ်ကိုင်းတောင်ရိုးဘက်၌လည်း မီးတလက်လက် ရှိလေပြီ။ လာလမ်းအတိုင်း ကျွန်တော်တို့ ပြန်ခဲ့ကြရာ သောင်စပ်တွင် ပန်းချီဆရာများ အလုပ်လက်စသိမ်းနေသည်ကို တွေ့ရလေသည်။ သူတို့သည် သူတို့၏ ကသိုဏ်းဝန်းထဲသို့

ဝင်ခဲ့သော ရှုခင်းကို ပိတ်ကားပေါ်သို့ အမိဖမ်း၍ တင်လိုက်နိုင်သည့်အတွက် ဝမ်းသာ၍မဆုံး ရှိနေကြသည်။ သူတို့သည် နန်းတော်ရာသို့ မရောက်ခဲ့ရသည်ကို နမြောတသခြင်း ဖြစ်ပုံမရ။ အင်းဝနန်း ပြောင်လက်ခဲ့သည် ဖြစ်စေ၊ အင်းဝနန်း မှေးမှိန်ခဲ့သည် ဖြစ်စေ ပြည်ထဲရေး အပြောင်းအလဲ၌ သူတို့၏အာရုံသည် မရောက်။ ဆောင်းရာသီ ညနေစောင်း ညနေစောင်းတို့တွင် ထာဝရ မြင်နေရမည့် ဤရှုခင်း၊ နလုံးမွေ့လျော်စရာ ဤသဘာဝ၌သာ သူတို့၏ အာရုံသည် ကျက်စားခဲ့သတည်း။

တစ်နှစ် တစ်ခါ

(မင်းယုဝေ)

မိုးကုန်လေပြီ။ သစ်ပင်တို့သည် အရောင်တောက်လာကြပြီ။ နေခြည်လည်း ဝင်းထိန်လာပြီ။ ကောင်းကင်လည်း ပြာလာပြီ။ တိမ်ဖြူလိပ်ကြီးတို့သည် ကောင်းကင်ပြာဝယ် တရွေ့ရွေ့ လှုပ်ရှား သွားလာလျက် ရှိသည်။ မြစ်ပြင်ကျယ်ကျယ်တွင် ဘောက်တူကြီးများ ရွက်ကုန်ဖွင့်၍ တရွေ့ရွေ့ သွားနေသည်နှင့် တူနေသည်။ သာယာလှပေသည်တကား။

သည်လို သာယာသော အချိန်မျိုးဝယ် ကျွန်တော်တို့ ရပ်ကွက်တွင် ဆွမ်းကြီးလောင်းပွဲ ကျင်းပလေသည်။ ကျွန်တော်တို့ရပ်ကွက်ရှိ ဘုန်းတော်ကြီးကျောင်း အသီးသီးမှ သံဃာတော်တို့သည် တစ်နှစ် တစ်ကြိမ် ဆွမ်းဆန်ထွက်၍ အလှူခံကြသည်။ ယခုလည်း ဆွမ်းဆန် အလှူခံရန် ကြွချီလာကြဦးတော့မည်။

ရှေးအခါက တော၌ တရားအားထုတ်လျက်ရှိသော ရသေ့ ရဟန်းတို့သည် ချဉ်ဆား အလို့ငှာ ရွာနိဂုံးများသို့ တစ်ခါတစ်ရံ ကြွရောက်အလှူခံတတ်ကြသည် ဟူ၍ ဇာတ်နိပါတ်တို့တွင် ပါရှိသည်ကို ကျွန်တော်သည် ပြန်လည် အမှတ်ရမိ၏။

ကျွန်တော်တို့ ရပ်ကွက်သားများသည် ဆွမ်းကြီးလောင်းရန်

ကိုယ်စီကိုယ်င ပြင်ဆင်ကြသည်။ ဆွမ်းဆန်သာမက အခြား လှူဖွယ် ပစ္စည်းတို့ကိုပါ လှူဒါန်းရန်လည်း စီစဉ်ကြသည်။ အချို့ကိစ္စများ၌ ကျွန်တော်တို့တွင် မညီမညွတ်သော ကိစ္စများ ရှိကောင်းရှိမည် ဖြစ်သော်လည်း သည်ကိစ္စတွင်ကား တညီတညွတ်တည်း ရှိလှပေသည်။

ရပ်ကွက်ကိုသာမက ကျွန်တော်တို့ အိမ်ကိုလည်း ကြည့်ပါဦး။ အမေက 'သန်ဘက်ခါ ဆွမ်းတော်ကြီးလောင်းပွဲ ရှိတယ်ဟေ့' ဟု ဆိုလိုက်သောအခါ တစ်အိမ်သားလုံး လှုပ်လှုပ်ရွရွ ဖြစ်သွားကြသည်။ လှူဖွယ်ပစ္စည်းဝယ်ရန် မိမိတို့ ကိုယ်ပိုင်ငွေကလေးထဲမှ သဒ္ဓါတတ်အား ရှိသရွေ့ အလှူငွေ ထည့်ဝင်ကြသည်။

'ရော့ အမေ၊ ဒါ ကျွန်တော့်အလှူ'

'ရော့ အမေ၊ ဒါ ကျွန်မအလှူ'

သည်အတိုင်းပင် ကိုယ်စီကိုယ်င ထည့်ဝင် လှူဒါန်းကြသည်။ အိမ်၌ စေးနဲသည်ဟု နာမည်ကြီးလှသော ဒေါ်လေးကပင် သေတ္တာထဲတွင် ဝှက်ထားသော သူ့စုငွေထဲမှ တစ်ဆယ်တန် စက္ကူတစ်ချပ်ကို ရက်ရောစွာထုတ်၍ လှူလေသည်။ ဒေါ်လေးသာမက အသက် ၁၃ နှစ် အရွယ်ရှိ အိမ်ဖော်မကလေး မခွေးကလည်း ငွေတစ်ကျပ်ကို ထုတ်၍ ပေးလှူနေလေပြီ။

အမေသည် ငွေများဖြင့် ဆွမ်းဆန်ကိုလည်း ဝယ်သည်။ ရေတ်ကြက်သွန်များကိုလည်း ဝယ်သည်။ သည်ပစ္စည်းတို့ကို တစ်အိမ်သားလုံးပင် ဝိုင်းဝန်း၍ သံဃာ တစ်ပါးစာစီအတွက် အထုပ်ငယ်များ ထုပ်ကြသည်။ ပြင်ဆင်ကြသည်။ ပျော်စရာပင်။

သည်လိုနှင့်ပင် ဆွမ်းတော်ကြီး လောင်းမည့်နေ့သို့ ရောက်လာလေသည်။

အချိန်မှာ ညနေစောင်း ဖြစ်သည်။ နေမင်းသည် အနောက်သို့ ယွန်းစပြုနေပြီ။ အပူလျော့စပြု၍ အအေးသို့ ကူးစ အချိန်တည်း။ ကျွန်

တော်တို့ ရပ်သားများလည်း လှူဖွယ်ပစ္စည်းများကို အသင့်ပြင်လျက် လမ်းသို့ထွက်ကာ သံဃာတော်တို့ ကြွချီအလာကို ငံ့မျှော်နေကြသည်။

'ဟော သံဃာတွေ ကြွလာပြီ'

မရှေးမနှောင်းပင် ကြေးစည်သံ လွင်လွင်ကို ကြားရသည်။ ဝတ်ရွတ် အဖွဲ့မှ ပရိတ်သံ သာသာကိုလည်း ကြားရသည်။ သံဃာများလည်း စီတန်း ကြွချီလာလေပြီ။ စုစုပေါင်း သံဃာအပါး ၂၀၀ ခန့် ရှိမည်။ ကိုရင်ငယ်မှ အစ ဆရာတော်အထိ သက်တော် အမျိုးမျိုး၊ ဝါအမျိုးမျိုး ပါဝင်သည်။ သူတို့သည် ငုံ့အပ်သော ဦးပြည်း၊ တည်ငြိမ်သော ဣန္ဒြေ တို့ဖြင့် ကြွချီလာသည်။ ကြည်ညိုဖွယ် ကောင်းလေစွ။ ဝင်လုဆဲ နေခြည် တွင် သင်္ကန်းဝါထိန်ထိန်မှာ တင့်တယ်ပေစွ။

ကျွန်တော်တို့သည် ဝမ်းမြောက်ဝမ်းသာပင် မိမိတို့၏ လှူဖွယ် ပစ္စည်းတို့ကို ပေးလှူကြသည်။ လှူဖွယ်ပစ္စည်းတို့ကား အမျိုးစုံလှ သည်။ ဆန်လည်း ပါသည်။ ငရုတ် ကြက်သွန်လည်း ပါသည်။ သစ်သီး သစ်နှံလည်း ပါသည်။ ထန်းလျက် သကြားလည်း ပါသည်။ မီးခြစ် ဖယောင်းတိုင်လည်း ပါသည်။ ကွမ်းဆေး၊ လက်ဖက်လည်း ပါသည်။ ဆေးဝါးလည်း ပါသည်။ မိမိတို့ တတ်စွမ်းသမျှ ကောင်းနိုးရာရာ ပစ္စည်း တို့ကို လှူဒါန်းခြင်း ဖြစ်ပေသည်။

ပစ္စည်းတို့ စုံလင်သကဲ့သို့ အလှူရှင်လည်း စုံလှသည်။ အလှူရှင် တို့တွင် သူဌေးလည်း ပါသည်။ သူဆင်းရဲလည်း ပါသည်။ လခစား လည်း ပါသည်။ ကုန်သည်လည်း ပါသည်။ သူတို့အား အခြားနေရာ တို့တွင် သည်လို တစ်စိတ်တည်း တစ်ဝမ်းတည်း တစေတနာတည်း ရှိနေသည်ကို မြင်နိုင်ရန် ခဲယဉ်းပါဘိ။ မနှစ်က သူဌေးကြီး ဦးချမ်းသာ ၏ ဆွမ်းကျွေးတွင် ပဲပြုတ်သည် ဒေါ်စာဥကို မတွေ့ရ။ ဒေါ်စာဥ၏ သား ရှင်ပြုတွင်လည်း ဦးချမ်းသာကို မတွေ့ရ။ ယခုကား သူတို့အားလုံး တစ်ခုတည်းသော စေတနာကိုထား၍ ဝမ်းမြောက်ဝမ်းသာ ပေးလှူနေ သည်ကို တွေ့ရလေပြီ။

ကျွန်တော်သည် အလှူရှင်တို့ထဲတွင် ကိုဖိုးဘကို မြင်လိုက်ရသောအခါ အံ့သြမဆုံး ဖြစ်သွားသည်။ ကိုဖိုးဘမှာ ယစ်ထုပ်ကြီး ဖြစ်သည်။ ညနေတိုင်း ပုလင်းထောင်ကာ လူမှန်းမသိအောင် မူးတတ်သူ ဖြစ်သည်။ ယခုမူ သူ့ကို ကောင်းကောင်းမွန်မွန် တွေ့နေရပြီ။ သူသည် ဝတ်ကောင်းစားလှကို ဝတ်လျက် သူ့ဇနီးနှင့်အတူ ဆွမ်းဆန်များကို ဝမ်းမြောက်ဝမ်းသာ လှူဒါန်းလျက် ရှိနေသည်။

သူတို့နှင့် မလှမ်းမကမ်းတွင် မခင်မြကိုလည်း တွေ့ရသည်။ မခင်မြမှာ အလွန် ဆင်းရဲရှာသည်။ ဆေးလိပ်ကလေး လိပ်ကာ အဘွားအိုကို စောင့်ရှောက်လျက် ဝမ်းရေးကို အနိုင်နိုင် ထိန်းကျောင်းနေရသူ ဖြစ်သည်။ သူသည် ဆေးလိပ်များကို လှူဒါန်းနေသည်။

ကျွန်တော်သည် လမ်းတစ်ဖက်သို့ ကြည့်လိုက်သောအခါ မလှသွယ်ကို တွေ့ရပြန်သည်။ မလှသွယ်မှာ မုဆိုးမကလေး ဖြစ်သည်။ မနှစ်ကပင် သူ့ခင်ပွန်းသည် သစ်တောအရာရှိကလေးမှာ ငှက်ဖျားရောဂါဖြင့် ကွယ်လွန်ခဲ့ရှာသည်။ သူသည် သံဃာတော်တို့အား ဆေးဝါးများ လှူဒါန်းနေသည်။ ကွယ်လွန်သူ ခင်ပွန်းသည်အား ရည်စူး၍ လှူဒါန်းဟန် တူလေသည်။

တစ်ခဏအတွင်းပင် သံဃာတော်တို့၏ သပိတ်များမှာ လှူဖွယ်ပစ္စည်းများဖြင့် ပြည့်မောက်သွားသည်။ သံဃာတော်တို့သည် ကျွန်တော်တို့ထံပါးမှ တစ်လှမ်းချင်း ထွက်ခွာသွားလေပြီ။ ကြေးစည်သံ ပရိတ်သံတို့လည်း ဝေးသထက် ဝေးသွားလေပြီ။ ကျွန်တော်တို့သည် သံဃာတော်တို့အား မျက်စိတစ်ဆုံး ရှုမျှော်ကြည့်ပြီး ကျန်ရစ်ခဲ့ကြသည်။ ကျွန်တော်တို့ မျက်နှာမှာ ကြည်နူးခြင်း၊ ချမ်းမြေ့ခြင်းတို့ ဖုံးလွှမ်းနေ၏။

တစ်နှစ်တစ်ခါပင် ကျွန်တော်တို့ ရပ်ကွက်သားတို့သည် သည်လို ကြည်နူးခြင်း၊ ချမ်းမြေ့ခြင်းကို အဆင့်အတန်းမရွေး တစ်ပြိုင်တည်း ခံစားကြရပေသည် တကား။

ပိုင်ဆိုင်ခြင်း

(မင်းယုဝေ)

ကျွန်တော်တို့အိမ်နှင့် မနီးမဝေးတွင် ခြံငယ်တစ်ခု ရှိသည်။ ခြံထဲတွင် ပိုင်ရှင် မနေ။ ဦးဘသာ ဆိုသူ ပန်းရန်ဆရာကြီး တစ်ဦးသာ နေသည်။ ခြံပိုင်ရှင်သည် တစ်မြို့တစ်ရွာတွင် နေသည်။ ဦးဘသာမှာ ခြံပိုင်ရှင်နှင့် ဆွေမျိုးနီးစပ် တော်သည်ဟု ကြားရသည်။ တစ်ကိုယ်ရေတစ်ကာယ ဖြစ်သည်။ ခြံထဲတွင် တဲငယ်တစ်လုံး ထိုးလျက် တစ်ယောက်တည်း အထီးကျန်နေသည်။ နေ့အချိန်တွင် တစ်နေကုန် ထွက်၍ အလုပ် လုပ်တတ်သည်။ နေဝင်ဖျိုးဖျ အချိန်သို့ရောက်မှ အိမ်သို့ ပြန်လာတတ်သည်။

ဤတွင် နေ့လယ်နေ့ခင်းအခါ၌ ခြံမှာ လူသူကင်းမဲ့ နေတတ်သည်။ ခြံသည် မကျယ်ဝန်းလှ။ သို့သော် အုန်းပင်၊ မရန်းပင်၊ ဒန့်သလွန်ပင်၊ သဘော်ပင်တို့နှင့် ဝေဝေဆာဆာ မြိုင်မြိုင်ဆိုင်ဆိုင် ရှိသည်။ စိုစိုပြည်ပြည် စိမ်းစိမ်းလန်းလန်း ရှိသည်။ အထူးသဖြင့် မရန်းပင်တို့ ပေါပေါလိုင်လိုင် ရှိသည်။

ဆောင်းရာသီ ကုန်လုလု အချိန်သို့ ရောက်ပြီဆိုလျှင် မရန်းပင်တို့ အပြိုင်အဆိုင် သီးကြသည်။ အခိုင်လိုက် အပြွတ်လိုက် သီးကြ

သည်မှာ အားလည်း အားရစရာ။ ခူးလည်း ခူးချင်စရာ။ သည်လို မရန်းသီးပေါ်ချိန် ရောက်လျှင် ဤခြံမှာ အနီးအပါးမှ ကလေးသူငယ် တို့ဖြင့် စည်စည်ကားကား ရှိလေတော့သည်။ ဦးဘသာ အလုပ်ခွင်သို့ သွားချိန်တွင် ကလေးသူငယ်တို့သည် မရန်းသီးများကို လာ၍ ခူးကြ သည်။ အချို့က အပင်ပေါ်တက်၍ ခူးကြသည်။ အချို့က အပင်အောက်မှ တံချူဖြင့် ချူကြသည်။ အချို့က တုတ်သိမ်းများ၊ ခဲများဖြင့် ပစ်ခြွေ ကြသည်။ အစေ့မယုက်မီ အကင်းအရွယ်မှ စ၍ ခူးကြသည်မှာ မှည့်ရွှမ်း သည် အထိပင် ဖြစ်သည်။ တစ်လ၊ နှစ်လ၊ သုံးလ အချိန်အထိပင် ဖြစ်သည်။ သူတို့ မည်သို့ပင်ခူးခူး အသီးတို့မှာ တုံး၍မသွား။ ကုန်၍ မသွား။ မှည့်ရွှမ်းသည့် အချိန်တိုင် ကြွင်းကျန်ရှိခဲ့လေသည်။ သူတို့ မရန်းသီးများ ခူးကြသည်ကို ကြည့်ရသည်မှာ ပျော်စရာ အားကျစရာပင်။ သူတို့ကိုကြည့်ကာ တစ်ခါတစ်ရံ ကျွန်တော်တို့ ငယ်စဉ်က သည်လို မရန်းသီး ခူးခဲ့ကြ၊ သရက်သီး ခူးခဲ့ကြသည်ကို ပြန်ပြောင်း သတိရမိ လေသည်။ တစ်ခါတစ်ရံတွင်မူ သူတို့အနီးသို့သွားကာ သူတို့နှင့်အတူ ဝင်ရောက် ဆွတ်ခူးမိသည်။ ဆွတ်ခူးရခဲ့သည်တို့ကို အိမ်သို့ယူလာ၍ အမေ့ကိုပေးရာ အမေက အချို့ကို ပုစွန်ခြောက်နိုင်နိုင်၊ ရေတ်သီးစပ်စပ် ဖြင့် သုပ်ကျွေးသည်။ အချို့ကို ငါးပိဖြင့် ထောင်းကျွေးသည်။ ထမင်း အလွန် မြိန်လှသည်။ အစ်မကြီးက အချို့ကို ဆားစိမ်သည်။ အချို့ကို အခြောက်လှန်းပြီး သိမ်းဆည်းသည်။ နောင်အခါ ဝက်သားဖြင့် လည်း ကောင်း၊ ငါးမြင်းရင်းဖြင့် လည်းကောင်း ရောချက်ရန် ဖြစ်သည်။

လွန်ခဲ့သည့် သုံးနှစ်ခန့်ကမူ အဖေက ဤခြံကို ဝယ်လိုက်လေ သည်။ ဝယ်သာ ဝယ်ရသော်လည်း ကျွန်တော်တို့ကား ပြောင်းရွှေ့မနေ ကြ။ လက်ရှိ အိမ်မှာပင် နေ၍ ဤခြံတွင် ဦးဘသာကို ဆက်လက် ထားလေသည်။

ဤခြံကို ဝယ်ပြီးသောအခါ ကျွန်တော်တို့ အိမ်သားများမှာ

အတော်ပင် အလုပ်များလိုက်ကြသည်။ ကျွန်တော်တို့သည် ရှုပ်ထွေးနေသော မြက်ပင်၊ ပေါင်းပင်တို့ကို ရှင်းလင်းရသည်။ မလုံမလဲ ဖြစ်သော ခြံစည်းရိုးတို့ကို ကာရံကြရသည်။ ရေဝပ်နေသော မြောင်းတို့ကို ဖောက်ပေးရသည်။ ခြံထဲရှိ ရေတွင်းပျက်ကြီးကို ဖော်ပေးရသည်။ ဤမျှကား ကျွန်တော်တို့ မမှုကြ။ ကိုယ်ကျန်းမာသည် ဆိုကာ ရွှင်လန်းဝမ်းမြောက်ခြင်းပင် ဖြစ်ကြသည်။ သို့သော် မရန်းသီးပေါ်ချိန် ရောက်သောအခါတွင်ကား ကျွန်တော်တို့ စိတ်အနှောင့်အယှက် ဖြစ်ရလေပြီ။

ယခင်က မရန်းသီးများကို ကလေးသူငယ်များ ခူးကြသည်ကို တွေ့သောအခါ စိတ်ထဲ၌ မည်သို့မျှ မထူးခြားကြ။ တစ်ခါတစ်ရံ သူတို့ကို ကြည့်လျက် ပျော်ရွှင် အားရခြင်းပင် ဖြစ်မိသေးသည်။ ယခုကား ထိုသို့ မဟုတ်တော့ပြီ။ စိတ်ပြောင်းလေပြီ။ ကလေးတို့ ဆွတ်ခူးကြသည်ကို မကြည်ဖြူနိုင်တော့ပြီ။ မိမိတို့ ပိုင်ဆိုင်သော အရာတို့ကို ယူကြလေပြီတကား ဟူသော အသိဝင်ကာ နှမြောစိတ်တို့ ဝင်လာသည်။ တွန့်တိုစိတ်တို့ ဝင်လာသည်။ ထိုမှတစ်ဆင့်တက်၍ ဒေါသစိတ်များပင် ဝင်ခဲ့လေသည်။

ထို့ကြောင့် သူငယ်တို့အား မရန်းသီးတို့ကို မခူးရန် ပြောရသည်။ တားမြစ်ရသည်။ ကလေးတို့က နှစ်စဉ်နှစ်တိုင်း ခူးဆွတ်နေကျ ဖြစ်သည်ကို ယခု လာ၍ တားမြစ်သောအခါ မကျေမနပ် ဖြစ်ကြသည်။ ပေကတ်ကတ် လုပ်ကြသည်။ ထိုအခါ ကျွန်တော်တို့က မောင်းမဲလွှတ်ကြရသည်။ အော်ငေါက်လွှတ်ကြရသည်။ မရလျှင် ရိုက်မောင်း ပုတ်မောင်းပင် လုပ်လွှတ်ရသည်။

သူငယ်တို့သည် ကျွန်တော်တို့ကို ကြောက်ရွံ့သဖြင့် ကျွန်တော်တို့ရှေ့တွင် မခူးဆွတ်ကြ။ သို့သော် ကျွန်တော်တို့ မျက်ကွယ်ပြုမိသောအခါ ခြံတွင်းသို့ တိတ်တဆိတ်ဝင်၍ ဆွတ်ခူးကြသည်။ ထိုအခါ ကျွန်တော်တို့မှာ အလုပ်တစ်ခု တိုးလာသည်။ မကြာခဏ ခြံကို တစေ့

တစောင်း သွားကြည့်ရသည်။ အလစ်ခိုးသူတို့ကို ချောင်းဖမ်းပြီး မောင်းနှင် လွှတ်ရသည်။ အဖေလည်း အငြိမ်မနေရ။ အမေလည်း အငြိမ်မနေရ။ အစ်မကြီးလည်း အငြိမ်မနေရ။ ကျွန်တော်လည်း အငြိမ်မနေရ။ တစ်ခါ တစ်ရံ သူက ပေါ့လျော့သည်၊ ငါက ပေါ့လျော့သည် စသည်ဖြင့်လည်း တစ်ဦးကိုတစ်ဦး အပြစ်တင်မိကြသည်။

တစ်ခါတစ်ရံ ဦးဘသာအပေါ် ငြိုငြင်မိကြသည်။ ခြံတွင် နေ ဖော်သာ ရသည်။ စောင့်ဖော်မရ။ သူ့ကို ဆက်ထားရသည်မှာ အကျိုး မထူး။ သူ့အစား ခြံစောင့် တစ်ယောက်ယောက်ကို လဲပြောင်းထားရ သော် သင့်၏။ သို့သော် မဖြစ်သေး။ ခြံစောင့်ထားလျှင် အခကြေးငွေ ပေးနေရမည်။ ခြံအတွက် ဝင်ငွေမရပါဘဲလျက် အစောင့်အတွက် သက် သက် ပေးနေရမည်မှာ နေရာမကျသေး။ ဤသို့ဖြင့် ကျွန်တော်တို့ အိမ်သားများသည် ခြံအတွက် မအေးမချမ်း ဖြစ်ခဲ့ရလေသည်။

မရန်းသီးများ တုံးသွားသော အခါတွင်လည်း မအေးငြိမ်းရ။ အုန်းသီးများ၊ ဒန့်သလွန်သီးများ၊ သဘော်သီးများကို သူခိုး သူဝှက်များ ခိုးဝှက် ခူးဆွတ်ကြမည်လား စသည်ဖြင့် ပူပန်ရသည်မှာလည်း အမော ပင်။ ဤခြံကို ပိုင်ဆိုင်သည်မှ စ၍ ကျွန်တော်တို့မှာ စိတ်အနှောင့် အယှက် ဖြစ်ခဲ့ရသည်။ မငြိမ်းမချမ်း ဖြစ်ခဲ့ရသည်။

ထို့ကြောင့် ....

ထို့ကြောင့် သည်နှစ်တွင် ကျွန်တော်တို့ အိမ်သားများ အညီ အညွတ် သဘောတူ ဤခြံကို ရောင်းပစ်လိုက်လေသည်။ ထိုနေ့မှ စ၍ ကျွန်တော်တို့ ဤခြံနှင့် ပတ်သက်၍ စိတ်အနှောင့်အယှက် ကင်းရ၏။ ကျွန်တော်တို့ထံမှ ဤခြံကို ဝယ်ယူသူတို့ကား မည်သို့ ဖြစ်ရှာကြဦး မည် မသိပါတကား။

ဦးရာကျော် ကောင်းမှု

(မင်းယုဝေ)

တံခွန်တိုင် ရွာအဝင် လမ်းဘေးတွင် ပင်စည် ထွားထွား၊ အရွက် ဖားဖား၊ အမြစ်ပျဉ်း အခွေခွေနှင့်ရှိသော ညောင်ညိုပင်ကြီးတစ်ပင် ရှိလေသည်။ ထိုညောင်ညိုပင်ကြီး အောက်တွင် ခရီးသည်တို့ အပန်းဖြေ ထိုင်နားရန် အုတ်ခုံရှည်တစ်လုံးလည်း ရှိလေသည်။ အုတ်ခုံရှည်မှာ နောက်မှီ လက်တန်း အပြည့်အစုံနှင့် သက်သောင့်သက်သာ ထိုင်ချင်စဖွယ် ဖြစ်သည်။ အောက်ခြေကား အပိတ်ဖြစ်၍ အုတ်ဂူသဖွယ် လုပ်ထားပေသည်။

လွန်ခဲ့သည့် ၅ နှစ်ခန့်က ကျွန်တော်သည် ဤအုတ်ခုံပေါ်တွင် အချိန်အတန်ကြာအောင် အပန်းဖြေ ထိုင်နားဖူးလေသည်။ တံခွန်တိုင်ရွာသို့ အလုပ်ကိစ္စအတွက် လာခဲ့ရာမှာ ဝန်စည်စလယ်တို့ဖြင့် နောက်ကျန်နေရစ်ခဲ့သော အဖော်တို့ကို ရှေ့မှ သွားနှင့်သူ ကျွန်တော်က ဤနေရာမှ အပန်းဖြေလျက် ထိုင်စောင့်ဖူးလေသည်။

ထိုအချိန်မှာ ညနေစောင်းအချိန် ဖြစ်သည်။ ကောင်းကင်မှာ တိမ်တောက်နေသည်။ စပါးရိတ်ပြီးစ ဖြစ်သော လယ်ကွင်းပြင်မှာ တိမ်ရောင် သမ်းနေသည်။ လေချိုအေးကလေးသည် ညင်းညှံ့ညှံ့ သွေးနေသည်။ လေအသွဲ့တွင် ညောင်ရွက်တို့ ယိမ်းနွဲ့သွားကြသည်။ ခပ်လှမ်း

လှမ်း သရက်ပင်အုပ်ဆီမှ ချိုးကူသံ သဲ့သဲ့ကို ကြားရလေသည်။ ဤနေရာတွင် ထိုင်လျက် မိခင်သဘာဝအလှ ရင်ခွင်တွင် နားခိုရင်း အပန်းဖြေရသည်မှာ ကြည်နူးဖွယ် ကောင်းလှသည်တကား။

ထိုစဉ် မြေးအဘွားနှစ်ဦးသည် အုတ်ခုံသို့ နားခိုလာကြသည်။ သူတို့သည် ကျွန်တော့်ဘေးတွင် လာထိုင်ကြသည်။ အဘွားအိုမှာ အသက် ၆၀ ကျော် အရွယ်ခန့် ရှိပုံရသည်။ ဆံပင်ဖြူဖြူ၊ ပါးရေ အလိပ်လိပ်၊ ခါးကိုင်းကိုင်း၊ မျက်စိသီဝေဝေနှင့်။ လည်တွင် အုန်းပုတီးကြီးကို ဆွဲလျက်။ လက်တစ်ဖက်ကလည်း တောင်ဝှေးကို ကိုင်ထားသည်။ မြေးမကလေးမှာမူ အသက် ၁၂ နှစ်၊ ၁၃ နှစ်ရွယ် အပျိုဘော်ဝင်စကလေးဖြစ်သည်။ အသားအရေ စိုစိုပြည်ပြည်၊ ဆံရစ်ဝိုင်းကလေးနှင့်။ ချစ်စရာ။ သူ့လက်တွင်ကား ဆွမ်းအုပ်နီနီကို ကိုင်ထားသည်။ သူတို့သည် မလှမ်းမကမ်းရှိ ရွာဖျား ဘုန်းတော်ကြီးကျောင်းမှအပြန် ဤနေရာတွင် နားခိုလာခြင်း ဖြစ်ပေသည်။ အဘွားအိုက ကျွန်တော့်ကို သူ၏ ကောင်းမှုကုသိုလ်အတွက် အမျှပေးဝေသဖြင့် ဤနေရာမှပင် ကျွန်တော်သည် ကြည်နူးစွာ သာဓုခေါ်ခဲ့ရသေးသည်။ ဤအုတ်ခုံကား ဘုရားတရားမွေ့သူတို့ အပန်းဖြေရာ နေရာလည်း ဖြစ်သည်။ ကုသိုလ်ရှင်တို့ အမျှဝေရာ နေရာလည်း ဖြစ်သည်။ ခရီးသည်တို့ သာဓုခေါ်ရာ နေရာလည်း ဖြစ်သည်။

အတန်ကြာသောအခါ မြေးအဘွား နှစ်ဦးသည် ကျွန်တော့်ကို နှုတ်ဆက်ပြီးလျှင် တံခွန်တိုင် ရွာထဲသို့ တလှုပ်လှုပ် ဝင်သွားကြလေသည်။

ကျွန်တော်ကား အဖော်တို့ကို စောင့်ဆဲပင်။ မကြာမီ သန်မာထွားကျိုင်းလှသော ယောကျာ်းကြီးတစ်ယောက် တောင်းတစ်လုံးကို ပခုံး၌ထမ်းလျက် ဤအုတ်ခုံသို့ ရောက်လာပြန်သည်။ သူ့တောင်းမှာ ဘူးသီးအပြည့်နှင့်။ အနီးအနားရှိ ရွာတစ်ရွာမှ ဘူးသီးများကို ယူဆောင်လာခြင်း ဖြစ်သည်။ သူ့မှာ အင်္ကျီ မပါ။ ပခုံးတွင် လုံချည်အပိုတစ်ခု

ခြံသိုင်းထားသည်။ တစ်ကိုယ်လုံး ချွေးတို့ရွဲလျက်။ အပြိုင်းပြိုင်း ထနေသော ကြွက်သားတို့မှာ ပိုမိုပေါ်လွင်နေသည်။ သူသည် ကျွန်တော့်ဘေးခုံပေါ်တွင် တောင်းကို ချထားလျက် ခြေပစ် လက်ပစ် ထိုင်ချလိုက်သည်။ ကိုယ်မှ အဝတ်ဖြင့် ချွေးတို့ကို သုတ်လေသည်။ ကျွန်တော်သည် သူ့ကိုကြည့်ကာ ဤအုတ်ခုံ၏ တန်ဖိုးကို ပိုမို မြင်လာလေသည်။ ဤအုတ်ခုံသည် ကျွန်တော်တို့ကဲ့သို့ ခရီးသွားများအတွက်သာမက ဘုန်းတော်ကြီးကျောင်းမှ ပြန်လာသော သူတော်စင်တို့ အတွက် လည်းကောင်း၊ ဈေးသွား ပခုံးထမ်း အလုပ်သမားများအတွက် လည်းကောင်း အကျိုးပြုပေသည်တကား ဟူ၍ တွေးတော ဝမ်းမြောက်မိလေသည်။

ထိုယောက်ျားကြီးသည် အပန်းဖြေပြီးနောက် ကျွန်တော့်ကို နှုတ်ဆက်၍ ရွာထဲသို့ ထွက်ခွာသွားပြန်၏။ ကျွန်တော်သည် အဖော်တို့ကို စောင့်ရင်း ဤအုတ်ခုံ ထားရှိခြင်း၏ ကျေးဇူးတရားကို တစိမ့်စိမ့် အောက်မေ့မိသည်။ ထိုမှ တစ်ဆင့်တက်၍ အုတ်ခုံအလှူရှင်ကိုလည်း သတိရလာသည်။ သူ့ကောင်းမှုနှင့် သူ့စေတနာကို ချီးကျူးမိသည်။ လေးစား ကြည်ညိုမိသည်။

ဤသို့ လေးစားကြည်ညိုရာမှလည်း အလှူရှင်ကို သိလိုသော ဆန္ဒတို့ ပေါ်လာသည်။ ဘယ်သူများပါလိမ့်။ သူချမ်းသာလော၊ သူဆင်းရဲလော။ ယောက်ျားလော၊ မိန်းမလော။

မြန်မာတို့သည် ကောင်းမှုပြုရာတွင် ကမ္ပည်းထိုးလေ့ ရှိကြသည်။ ဘုရားတည်၊ ကျောင်းဆောက် စသော ကောင်းမှုကြီးတို့ကို မဆိုထားနှင့်။ ရေချမ်းစင်ကလေး တည်လျှင်ပင် ဝမ်းမြောက်ဝမ်းသာ ကမ္ပည်းတင်တတ်ကြသည်။ သည်အုတ်ခုံတွင်လည်း အလှူရှင် အမည်ကို ကမ္ပည်းတင်ထားမည် မလွဲဟု တွေးမိသည်။ ထို့ကြောင့် အလှူရှင် အမည်ကို အုတ်ခုံ ဘေးပတ်လည်တွင် ရှာကြည့်သည်။ အုတ်ခုံမှာ နှစ်ပရိစ္ဆေဒ ကြာမြင့်စွာက တည်ထားခြင်း ဖြစ်သဖြင့် လွန်စွာပင် ဟောင်းနွမ်းနေပြီ။

ရေညှိတို့ တက်လျက်။ အချို့နေရာတို့တွင် အင်္ဂတေများမှာ ကွာ၍ပင် ကျနေပြီ။ ကျွန်တော်သည် ရေညှိတို့ကို ပွတ်တိုက်လျက် သေချာစွာ ရှာဖွေကြည့်သည်။ အတန်ကြာသောအခါမှ အလှူရှင့်အမည်ကို မထင် မရှား တွေ့ရသည်။ တွေ့ရပြန်တော့လည်း အံ့ဩမဆုံး ဖြစ်ရပြန်သည်။

အလှူရှင်ကား ကွယ်လွန်သူ ဦးရာကျော် ဆိုသူတည်း။ သည် အုတ်ခုံကား အုတ်ခုံသက်သက် မည်ကာမတ္တ မဟုတ်။ ဦးရာကျော်၏ အလောင်းကို မြှုပ်နှံရာ သင်္ချိုင်းဂူပင်တည်း။

"ဦးရာကျော်

အသက် ၆၅ နှစ်

၁၂၇၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်သည်" ဟူသော ဟောင်းနွမ်း ပျက်စီးနေပြီ ဖြစ် သည့် ကမ္ပည်းစာသည် ကျွန်တော့်ကို ညို့ထားသကဲ့သို့ ရှိနေလေပြီ။

ဦးရာကျော် ကွယ်လွန်သောအခါ ကျန်ရစ်သူတို့သည် ဤနေရာ တွင် လူအများ အပန်းဖြေ ထိုင်နားရန် နှိမ့်ချစွာဖြင့် အုတ်ခုံတည်ကာ ဦးရာကျော်အတွက် ကောင်းမှုပြုကြခြင်း ဖြစ်သည်။ စိတ်ကူး ကောင်း လေစွ။ စေတနာ ကြီးမားလေစွ။ အံ့ဩချီးကျူးဖွယ် ကောင်းလေစွ။

မကြာမီ အဖော်တို့ ရောက်လာသဖြင့် ကျွန်တော်သည် ဤ အုတ်ခုံမှ ဖယ်ခွာခဲ့ရသည်။ သို့ဖယ်ခွာခဲ့ရငြားလည်း ဤထူးခြားမွန်မြတ် လှသော ကောင်းမှုကိုကား မကြာခဏပင် သတိရနေမိသည်။ သတိ ရတိုင်းလည်း ဝမ်းသာကြည်နူးခြင်း ဖြစ်မိလေသည်။

လူအများ အပန်းဖြေ ထိုင်နားရန်အတွက် သင်္ချိုင်းဂူကို အုတ်ခုံ သဖွယ်ပြုသော ကောင်းမှုမျိုးမှာ တံခွန်တိုင်ရွာ တစ်ရွာ၌သာ မဟုတ်။ အချို့သော မြန်မာရွာများ၊ မြို့ငယ်များ၌လည်း ရှိသည်ကို နောင်အခါ ထပ်မံ မြင်တွေ့လာရသည်။ ယင်းသို့ မြင်တွေ့တိုင်းလည်း ကျွန်တော် သည် ကြည်နူးခြင်း ဖြစ်ခဲ့ရပေသည်။

အနီး အဝေး

(အောင်သင်း)

သာမန် မျက်စိကောင်းသူများသည် စာဖတ်သောအခါ စာအုပ်နှင့် မျက်စိ ဆယ့်သုံးလက်မခန့် ခွာ၍ ဖတ်သင့်သည်ဟု ကျွန်တော် မှတ်သားခဲ့ဖူး ပါသည်။ ဆယ့်သုံးလက်မထက် ပို၍ နီးလာလျှင် ဝါး၍ ဝါး၍ လာတတ် ပါသည်။

ကျွန်တော်တို့သည် ဝေးလွန်း၍ မမြင်ရခြင်းကိုကား သတိပြုမိ ကြသည် ဖြစ်၏။ နီးလွန်း၍ မမြင်ရခြင်းလည်း ရှိပါပေသေး၏။

ကျွန်တော် တစ်ခါက အိန္ဒိယ ရုပ်ရှင်ကား တစ်ကားကို သွား၍ ကြည့်ခဲ့ဖူးပါသည်။ အိန္ဒိယ ရုပ်ရှင်မင်းသမီးချော မဒူဘာလာကို ကျွန် တော် အလွန်ချစ်သည်။ ရုပ်ရှင်ကြည့်မည် ဟူသော အစီအစဉ်ဖြင့် သွား၍ကြည့်ခြင်း မဟုတ်ပါ။ သွားရင်းဟန်လွဲ အသည်းစွဲ မဒူဘာလာ ပါဝင်သော ရုပ်ရှင်ကားကို အသင့်တွေ့နေသောကြောင့်သာ ဝင်ကြည့် ခြင်း ဖြစ်ပါသည်။ ရုပ်ရှင်ပြချိန်ကလည်း နီးလှပြီ။ တစ်ကျပ်ခွဲတန်း လက်မှတ် ကုန်ပြီ။ နှစ်ကျပ်တန်းမှ ဝင်ကြည့်လျှင်လည်း ကျွန်တော့် အပြန်စရိတ် မကျန်နိုင်။ သုံးမတ်တန်းကပင် ဝင်ကြည့်သည်။ သုံးမတ် တန်းတွင်လည်း လူကျပ်သောကြောင့် ရှေ့ဆုံးတန်းတွင်သာ နေရာ

ရတော့သည်။ လက်မှတ်ယူ၍ ရုံထဲဝင်ပြီး နေရာတကျ ထိုင်မိမှ မော့ကြည့်လိုက်သည်။ ကျွန်တော့်ရှေ့တွင် ပိတ်ကား။ ပိတ်ကားရှေ့က ကပ်လျက် ကျွန်တော်။

ရုပ်ရှင် စပြသောအခါ နီးကပ်လွန်းသောကြောင့် မော့ကြည့်နေရသည်။ လူက ပိတ်ကားထဲသို့ ဝင်ရောက်နေရဘိသကဲ့သို့ ဖြစ်လေရာ မျက်စိ ချိန်သားကိုက်အောင် မနည်း အားထုတ်ကြိုးပမ်းနေရသည်။ သည်ကြားထဲတွင် ဓာတ်ပုံဆရာကလည်း မဒူဘာလာ၏ အလှကို ကြွားဝင့်လိုသည်ထင့်။ မကြာခဏ အနီးကပ် ရိုက်ကူးပြသလေသောကြောင့် ပိတ်ကားတစ်ခုလုံးမှာ မရွှေချော၏ မျက်နှာကြီးဖြင့် ပြည့်နေလေ့ရှိသည်။ သီချင်းလေး တဟင့်ဟင့် ဆို၍ ပြုံးရွှင် ရယ်မောပြန်လျှင်လည်း သွားတစ်ချောင်း တစ်ချောင်း ဆန်ကောငယ်လောက် ရှိသည်ကို မြင်ရပါသည်။ ရွှန်းစိုကြည်လဲ့သော မျက်လုံးအစုံမှာလည်း တစ်လုံးနှင့်တစ်လုံး ဆယ့်ငါးပေလောက် ကွာသည်။ ကျွန်တော့်မှာ စီရရီ ဖွေးနေသော ရောမ သွားကြီးတွေကို ကြည့်လိုက်၊ ဟိုဘက်ကမျက်လုံး ကြည့်လိုက်၊ ဒီဘက်က မျက်လုံးဆီ လှမ်းကြည့်လိုက်နှင့် မဇ္ဈိမတိုင်းသူ၏ အလှကို တောင်ကြည့် မြောက်ကြည့်၊ ကျီးကန်းတောင်းမှောက် ခံစားနေရပါသည်။

မဒူဘာလာ၏ အလှကို အာရုံခံစားလိုသဖြင့် ရုပ်ရှင်ကြည့်မိပါသော်လည်း မျက်စိထဲသို့ အလှက မဝင်၊ အလှထဲသို့ မျက်စိက ဝင်နေသဖြင့် အလှကို မမြင်ရဘဲ ရှိခဲ့ပါတော့သည်။ ပိတ်ကားကလည်း နီးလွန်းလှသည်။ ရွှေမင်းသမီး၏ မျက်နှာကလည်း ကြီးလွန်းလှသည်။

ဝေးလွန်းမှသာ မမြင်ရသည် မဟုတ်။ သေးလွန်းမှသာ မမြင်ရသည် မဟုတ်။ နီးလွန်းလျှင်လည်း မမြင်သာ ဖြစ်တတ်ချေသည်။ ကြီးလွန်းလျှင်လည်း မမြင်သာ ဖြစ်တတ်ချေသည်။

လျှပ်စစ်ဓာတ်မီးကို စတင် တီထွင်ခဲ့သော အယ်ဒီဆင် ဆိုသူ အမေရိကန် သိပ္ပံပညာရှင်ကြီး ကွယ်လွန်သည့်နေ့တွင် နယူးယောက်မြို့

တစ်မြို့လုံး ခေတ္တ မှောင်ချ၍ ပညာရှင်ကြီးကို အလေးပြုခဲ့ကြသည်။ မှောင်မိုက်နေသော အခါတွင်မှ အလင်းရောင်၏ ကျေးဇူးကို ပိုမို ဆင်ခြင်မိနိုင်ဖွယ် ဖြစ်သည်။ ဤသို့သော မှောင်မိုက်ကို တိုက်ဖျက် ပေးခဲ့ရှာသည့် အယ်ဒီဆင်၏ ကျေးဇူးကား ကြီးပေစွဟု ဆင်ခြင်မိနိုင် ဖွယ်လည်း ဖြစ်သည်။

အမေရိကန် ပြည်သူပြည်သားတို့သာမက တစ်ကမ္ဘာလုံးရှိ လူ အများကလည်း အမှောင်ခွင်း၍ အလင်းဆောင်ခဲ့သည့် ဤသိပ္ပံပညာရှင် ကြီးကို ကျေးဇူးတင်ကြရကောင်းမှန်း သိပါသည်။ သို့သော် ...

သို့သော် ကျွန်တော်တို့သည် နေမင်း၏ ကျေးဇူးကို ဘယ်နှခါ များ လေးလေးနက်နက် ဆင်ခြင်ဖူးပါသနည်း။ နေမင်း၏ အလင်း ရောင်ကြောင့် ချစ်သူ၏မျက်နှာကို မြင်ကြရသည်။ သစ်ပင် သတ္တဝါတို့ အသက်ရှင်ကြရ၏။ လောကကြီး ရပ်တည်နေနိုင်ခဲ့ပေ၏။ နေမင်း၏ ကျေးဇူးကား ပြော၍မပြီး၊ ရေး၍ မကုန်နိုင်အောင် ကြီးလှစွာ၏။ သို့ သော်လည်း သူ၏ကျေးဇူးမှာ ကြီးလွန်းလှသည် ဖြစ်သောကြောင့် သူ့ အကြောင်းကို ထွေထွေထူးထူး အဆန်းလုပ်၍ တွေးမနေကြတော့ပြီ။

ကျွန်တော်တို့သည် ညဥ့်ကာလတွင် တဖျတ်ဖျတ် တောက်ပနေ သော ကြယ်ပွင့်တို့၏ အလှကို မြင်မိကြသည်။ တရွန်းလဲ့လဲ့လင်း သော လမင်း၏ အေးငြိမ့်သော အလှကိုလည်း မြင်မိကြသည်။ သို့ သော်လည်း ဂြိုဟ်ကြီး ကိုးလုံးတွင် အပါအဝင် ဖြစ်သည့် ကျွန်တော် တို့ မှီတင်းနေထိုင်ရာ ဤကမ္ဘာမြေကြီး၏ အလှကို ဘယ်နှခါ မြင်ဖူး ကြသနည်း။ နီးလွန်းသောကြောင့် မမြင်နိုင်ကြလေပြီ။ မကြာမီက တီထွင်လိုက်သော ဂြိုဟ်တုနှင့် လိုက်ပါသွားကြသူတို့မှာမူကား ဤ ကမ္ဘာမြေကြီး၏ အလှကို တအံ့တဩ တွေ့မြင်ခဲ့ကြရသည်ဟု ဆိုကြ သည်။ အလှကို မြင်နိုင်ရန် ခပ်ဝေးဝေးသို့ ခွာတန်လျှင်လည်း ခွာပေး ရပြန်သည်။

ကျွန်တော်တို့ မျက်စိများသာ မဟုတ်။ ကျွန်တော်တို့၏ စိတ်များကလည်း နီးလွန်းလျှင် မမြင်၊ ကြီးလွန်းလျှင် မထင် ရှိတတ်သည်ဟု ကျွန်တော် တွေးမိသည်။

တစ်ခါတစ်ရံ ငွေကြေး ကျပ်တည်းနေသောအခါ ငါးဆယ်မျိုး၊ တစ်ရာမျိုး ပေးမချေးဌားဖူးသော သူတို့၏ ကျေးဇူးကို "သူ့ကျေးဇူး ရှိပေသည်" ဟု တသသ ဆင်ခြင် သတိရမိတတ်ကြသော်လည်း တစ်သက်လုံး ကျွေးမွေး စောင့်ရှောက်လာခဲ့သော မိဘ၏ ကျေးဇူးကို လေးလေးနက်နက် ဆင်ခြင်မိခဲလှသည်ဟု ကျွန်တော် ထင်မိသည်။

မိမိအား တစ်စုံတစ်ခုသော အသက်ဘေးမှ ကယ်တင်လိုက်သောသူကို အသက်သခင် ကျေးဇူးရှင်ဟု ထပ်တလဲလဲ ချီးမွမ်း သတိရလေ့ ရှိကြသော်လည်း၊ ထိုအသက်ကို စတင် ပေါ်ပေါက်စေ၍ ကျွေးမွေး စောင့်ရှောက်ခဲ့သော အမိ၏ ကျေးဇူးကို လှိုက်လှဲစွာ ဆင်ခြင်ရန် သတိရချင်မှ ရတတ်ပါသည်။

မဂ္ဂဇင်းတိုက် တစ်ခုတွင် မတော်တဆ ခဏကြုံတွေ့လိုက်စဉ် ကဗျာရေးနည်း ညွှန်ကြားလိုက်လေဖူးသော စာရေးဆရာကြီး တစ်ဦး၏ ကျေးဇူးကို မကြာခဏ ထုတ်ဖော် ပြောပြတတ်ပါသော်လည်း၊ ကျောင်းစာသင်ခန်းတွင် မိမိအား နေ့စဉ် သင်ကြားပို့ချနေသည့် ဆရာ၏ကျေးဇူးကိုကား အမှတ်မထင် ဖြစ်နေတတ်ပါသည်။

ကျွန်တော်သည် ရန်ကုန်က စာပေ ပညာရှင်ကြီး တစ်ဦးနှင့် ဆုံတွေ့ခဲ့ပါသည်။ ယခင်ကမူ ခြောက်လမှ တစ်ခါ၊ တစ်နှစ်မှ တစ်ခါ ဆိုသလိုသာ ဆုံတွေ့ခွင့်ရခဲ့သည်။ တွေ့ခွင့်ရသမျှသော အချိန်တွင်လည်း ထိုပုဂ္ဂိုလ်ကြီး၏ နှုတ်ဖျားမှ ယိုစီးကျလာသမျှ သြဝါဒများကို တစ်လုံးမကျန် မှတ်သား နာယူလေ့ရှိခဲ့သည်။ ထိုသြဝါဒများကြောင့်ပင် ကျွန်တော်၏ အတွေးအကြံမှာလည်း တစ်ဖုံသစ်၍ တဖြစ် ပြောင်းခဲ့သည်ဟု ယုံကြည်မိခဲ့ပါသည်။ ထို့ကြောင့် ယင်းပညာရှင်ကြီး၏ ကျေးဇူးကို မကြာခဏ လှိုက်လှဲစွာ ဆင်ခြင်မိဖူးပါသည်။

ယခု ကျွန်တော် ရန်ကုန် ရောက်လာသော အခါတွင်ကား ကျွန်တော်၏ ကျေးဇူးရှင် ဆရာကြီးနှင့် နေ့စဉ်လိုလို တွေ့နေရသည်။ သူ့ဩဝါဒကိုလည်း မပြတ် ကြားနာနေရသည်။ သူ့ကျေးဇူးမှာလည်း ပို၍ ပို၍ ကြီးလာပါတော့သည်။ သို့သော် ...

သို့သော် ယခုလက်ရှိ ကျွန်တော်၏စိတ်ကို သတိပြု ဆင်ခြင် ကြည့်သောအခါ ထိုပုဂ္ဂိုလ်ကြီးကို ကျေးဇူးတင်ပုံမှာ ပေါ့ဆဆ ဖြစ်လာ သကဲ့သို့ ထင်ရပါသည်။ ကျေးဇူးကိုကား ဆင်ခြင်မိပါ၏။ သို့သော် လည်း ယခင်ကကဲ့သို့ ရင်ထဲတွင် ရှိန်းလာလောက်အောင် ကျေးဇူး တင်ပုံမျိုး မဟုတ်တော့ပါ။ "ကြွေးများတော့ မပူ၊ သန်းထူတော့ မယား" ဆိုသော စကားကဲ့သို့ တစ်စတစ်စ ကျေးဇူး ကြီးလွန်းလာသောကြောင့် မမြင်သလိုလို ဖြစ်လာခြင်းပေလောဟု အထင်ရောက်မိပါသည်။ ထို့ ကြောင့် နီးလွန်း ကြီးလွန်းသော သူ၏ ကျေးဇူးကို မျက်ခြည်မပြတ် ဆင်ခြင်မိပါလေအောင် အားထုတ်နေရပါသည်။

ထို့အတူ ဗုဒ္ဓမြတ်ရှင်၊ ခရစ်တော် စသော ပုဂ္ဂိုလ်မြတ်တို့၏ ကျေးဇူးတော်များကိုလည်း ကြီးလွန်း၍ မကွယ်လေအောင်၊ နီးလွန်း၍ မကွယ်လေအောင် အားထုတ်ရပါဦးမည်။

ကြီးလွန်းသောကြောင့်၊ နီးလွန်းသောကြောင့် မမြင်သာသည့် ကျေးဇူးများ ရှိတတ်သည်ကား မှန်ပေပြီ။

ကြီးလွန်းသောကြောင့်၊ နီးလွန်းသောကြောင့် မမြင်သာသော ဘေးအန္တရာယ်များကော မရှိနိုင်ဘူးလား။

ဝေးလွန်းမှ မမြင်သာသည် မဟုတ်။ သေးလွန်းမှ မမြင်သာ သည် မဟုတ်။ နီးလွန်းလျှင်လည်း မမြင်သာပါတကား။ ကြီးလွန်းလျှင် လည်း မမြင်သာပါတကား။

ချိုတကူးနှင့် ဂုဏ်ရည်မတူ

(အောင်သင်း)

အတုနှင့် အစစ်၊ အစစ်ကို ပို၍ မြတ်နိုးသင့်ကြပေသည်။ သို့သော် ...

ကျွန်တော်တို့မြို့တွင် ချိုတကူးဟု ခေါ်ကြသော ကုလားလေး တစ်ယောက် ရှိသည်။ သူ့ဘဝ၏ တစ်ပိုင်းတစ်စကို တင်ပြချင်ပါသည်။ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားစဉ်အခါက ချိုတကူးသည် ဆယ့်သုံးနှစ်သားမျှသာ ရှိသေးသည်။ သူ၏ဖခင်သည် ဆံပင်ညှပ်သော အလုပ်ကို လုပ်၍ သူ့မိသားစုကို ရပ်တည်အောင် ဆောင်ရွက်သူ ဖြစ်သည်။ သူတို့မိသားစုတွင် သူ့ဖခင်၊ သူ့မိခင် အပြင် အစ်ကိုတစ်ယောက်၊ အစ်မတစ်ယောက်နှင့် သူပါ ဆိုလျှင် မိသားစု၌ ငါးယောက် ရှိသည်။ ချိုတကူးတို့သည် ဟိန္ဒူလူမျိုးများ ဖြစ်ကြသည်။

စစ်ကြီး ဖြစ်၍ အိန္ဒိယလူမျိုးများ အိန္ဒိယသို့ ပြန်သောအခါ သူတို့ မိသားစုသည်လည်း ကယောင်ကတမ်းနှင့် အိန္ဒိယသို့ ပြန်ကြရန် ဧရာဝတီ မြစ်ကြောင်းမှ သင်္ဘောဖြင့် ဆန်တက်လိုက်ပါသွားကြသည်။ သူတို့ ခရီးစဉ်မှာ သင်္ဘောဖြင့် ဆန်တက်၍ မြန်မာပြည် အထက်ပိုင်း ရောက်မှ အိန္ဒိယပြည်ဘက်သို့ ကုန်းကြောင်း ကူးကြရန် ဖြစ်သည်။

သူတို့ လိုက်ပါသွားသော သင်္ဘောသည် နောက်ဆုံးသင်္ဘော

ဖြစ်၍ စစ်မိန့် လွှမ်းမိုးသော သင်္ဘောလည်း ဖြစ်သည်။ အထက်မြန်မာ ပြည် မြို့ကြီးတစ်မြို့ အရောက်တွင် သင်္ဘော ခေတ္တ ဆိုက်ကပ်နားနေ သည်။ ချိုတကူး၊ သူ့ဖခင်နှင့် သူ့အစ်ကို၊ သားအဖ သုံးယောက်သည် မြို့ပေါ်သို့ ခေတ္တ တက်ရောက်လည်ပတ်ပြီးလျှင် လိုအပ်သမျှ စားစရာ ကလေးများကို ဝယ်ခြမ်းကြသည်။ သင်္ဘောဥသြသံ ကြားရ၍ သင်္ဘော ဆိပ်သို့ ဒရောသောပါး ပြန်ပြေးလာကြသည်။ သူတို့ ကမ်းနဖူး ရောက် သောအခါ သင်္ဘော ရေလယ်သို့ ရောက်နေပြီ။ သင်္ဘောသည် စစ်မိန့်ဖြင့် အရေးတကြီး ထွက်ခွာသွားရလေပြီ။ သင်္ဘောပေါ်တွင် သမီးနှင့် မိခင်။ ကမ်းပေါ်တွင် သားအဖ သုံးယောက်။ ချိုတကူးတို့သည် ရုတ်တရက် အခြေအနေကို နားမလည်ဘိသကဲ့သို့ ကြောင်နေကြသည်။ ဤသို့ဖြင့် သမီးနှင့် မိခင်တို့သည် အိန္ဒိယသို့ ပါသွား၍၊ သားအဖ သုံးယောက် သည် မြန်မာပြည်တွင် အူလည်လည် ကျန်ရစ်ရရှာသည်။ တစ်ဖက်နှင့် တစ်ဖက် စစ်မီးလျှံအတွင်း မည်သို့ ဖြစ်ကြလေမည်ကို မတွေးဝံ့အောင် ပင် ဖြစ်ကြရသည်။

သို့သော်လည်း မတတ်နိုင်ကြလေပြီ။ သားအဖ သုံးယောက် သည် စိတ်ပျက်လက်ပျက်နှင့် မြေလတ်ပိုင်း မူလနေထိုင်ရာ မြို့ကလေး ဆီသို့ ပြန်လာကြသည်။ လမ်းတစ်လျှောက်လုံးတွင် အိန္ဒိယ တိုင်းရင်း သား စစ်တပ်များ ရှိကြသေး၍ တစ်တပ်ဝင်၊ တစ်တပ်ထွက်နှင့် ဆံပင် ညှပ်ကာ အသက်ဆက်ခဲ့ကြရသည်။ ဤသို့ဖြင့် မြို့ကလေးသို့ ပြန်လည် ဆိုက်ရောက်လာကြသည်။

ဂျပန်ခေတ်တွင်လည်း ဆံပင်ညှပ်၍ပင် အသက်မွေးကြရသည်။ သို့သော် ဝမ်းရောဂါ တစ်ချီ ဖြစ်လိုက်ရာ ချိုတကူး၏ ဖခင်နှင့် အစ်ကို တို့သည် ရှေ့ဆင့်နောက်ဆင့် ကိစ္စချောသွားကြပြန်သည်။ ယခုကား ချိုတကူး တစ်ယောက်တည်း။

ချိုတကူးသည် ကြာရှည် စိတ်ညစ်တတ်သူ မဟုတ်။ ဖြစ်သမျှ၊

ကြံ့သမျှတို့ကို ထမင်းစားသကဲ့သို့၊ ရေသောက်သကဲ့သို့ ရယ်ကာမောကာ ပြန်ပြောတတ်သည်။ ဇရာမ လောကဓံကြီးကို ကြုံရသည်ဟုလည်း သူ မသိ။ မသိသောကြောင့် သူ မတွေး။ မတွေးသောကြောင့် သူ မဆင်ခြင်။ မဆင်ခြင်သောကြောင့် လောကဓံကို သူ မမြင်။ ထို့ကြောင့် ဘုရားပွဲ၊ ပျော်ပွဲရွှင်ပွဲ လုပ်လျှင် ဘယ်သူကမှ သူ့ကို မဖိတ်ကြားရဘဲ သူ ရောက်လာတတ်သည်။ ဘယ်နေရာမှာပင် သုံးသုံး၊ ကိုချိုတကူးက မငြင်း။ မျောက်လုပ်၍လည်း က သည်။ မြေလျှောက်မင်းသား လုပ်၍လည်း က သည်။ ပျော်ပျော်ပဲ။

ထို့ကြောင့်ပင်လား မသိ။ အိမ်နီးချင်းများသည် သူ့အဖြစ်အပျက်ကို ကြားရသောအခါ သနားတော့ သနားကြပါ၏။ သို့သော်လည်း စုတ်သပ်ရုံမျှသာ ဖြစ်သည်။ မျက်ရည်စို့လောက်အောင်ကား ထိခိုက်ခြင်း မရှိကြ။

သည်ကိစ္စကို ထားဦးတော့။

စာရေးဆရာ ဒါရိုက်တာ သုခ၏ "ဂုဏ်ရည်မတူ" ဇာတ်ကားပြသောအခါ ရုပ်ရှင်ရုံတွင် ချိုတကူးနှင့် အမှတ်မထင် ဆုံတွေ့ရသည်။ ချိုတကူးနှင့် သူ့အိမ်နီးချင်း မိန်းမကြီး လေးငါးယောက်နှင့်အတူ တစ်ခုံတည်း ထိုင်မိလျက်သား ဖြစ်နေသည်။ ရုပ်ရှင်ဇာတ်လမ်း နောက်ပိုင်း မေသစ် အပူခန်းသို့ ရောက်သောအခါ မိန်းမကြီးများသည် မေသစ်ကို သနားလွန်း၍ မျက်ရည်မဆည်နိုင်အောင် ဖြစ်ကြရသည်။ ချိုတကူးလည်း မျက်ရည်ဝေ့နေသည်ဟု ထင်ပါသည်။ ကျွန်တော်လည်း မျက်ရည်မကျစေကာမူ နှာပိတ်ချင်သလိုလို ဖြစ်လာပါသည်။

ရုပ်ရှင်ပြီး၍ ထွက်လာကြသောအခါ အမျိုးသမီးကြီးများမှာ မျက်ခွံနီနေသည်။ ချိုတကူးလည်း 'ကောင်းထားတာကွာ၊ ငါဖြင့် မျက်ရည်တောင် ကျမိသေးတယ်' ဟု ရယ်မော၍ ပြောပါသည်။

ဖြစ်ရာဘဝတွင် ပျော်ပျော်ကြီး နေတတ်၍ ကိုယ့်ကိုယ်ကိုပင်

သနားရမှန်း မသိသော ကိုချိုတကူးက မေသစ်ကို သနားနေပါသည်။ အဒေါ်ကြီးများကလည်း ချိုတကူး၏ ဖြစ်တော်ပေါင်းအတွက် မျက်ရည် စမ်းစမ်းမျှပင် မဖြစ်ခဲ့ဖူးပါလျက် မေသစ်ကျမှ မျက်ရည်အိုင်ကြရသည်။

ချိုတကူး၏ အဖြစ်သည် တကယ်ဖြစ်၊ အဟုတ်ဖြစ်၊ စစ်စစ် စစ်စစ် မြည်နေသော အဖြစ်စစ် ဖြစ်သည်။ မေသစ်၏ အဖြစ်သည် ပိတ်ကားပေါ်က ဘဝဖြစ်စဉ်မျှသာ ဖြစ်သည်။ ချိုတကူး၏ ရာဇဝင် သည် အစစ်။ မေသစ်၏ ရာဇဝင်သည် အတု။ သူတို့သည် အစစ်ထက် အတုကို ပို၍ ကရုဏာသက်နေကြသည်။

ကျွန်တော့်စိတ်တွင် မကျေမနပ် ဖြစ်နေမိသည်။ ကျွန်တော့် ကိုယ်ကိုလည်း ကျွန်တော် မကျေနပ်ပါ။ ကျွန်တော်လည်း သူတို့နှင်နှင် သာ ဖြစ်သည်။ အတုကို မြတ်နိုးနေသည်။

အစစ်နှင့် အတု၊ အတုနှင့် အစစ် ပြဿနာသည် ကျွန်တော်၏ ရင်တွင် ပို၍ ရှုပ်ထွေးလာပါသည်။ အစစ်နှင့် အတုကို နှိုင်းယှဉ်၍ ကြည့်ချင်တတ်လာပါသည်။ သတိပြုလာပါသည်။

ပန်းချီစာစောင် တစ်ခုကို တောင်လှန် မြောက်လှန် ကြည့်နေရင်း ပန်းချီကားတစ်ချပ်ကို တွေ့သည်။ ဒေါ်လာထောင်ချီ၍ ပေးဝယ်သွား သော ပန်းချီကားတစ်ချပ် ဖြစ်သည်။ သပျစ်သီး တစ်ခိုင်၊ ပန်းသီး တစ်စိတ်၊ ဓားတစ်ချောင်း၊ ဖန်ချိုင့်တစ်ခု၊ နောက်ခံ ကန့်လန့်ကာ တစ်ပိုင်းတစ်စ ဖြစ်သည်။ ဤပစ္စည်းများကို စားသောက်ရန် ဈေးထဲ သွားဝယ်လျှင် ငွေတစ်ဆယ်ဖိုးထက် ကုန်မည် မဟုတ်ပါ။ သို့သော် အစစ်ကို မမက်မော၊ အတုမျှသာ ဖြစ်သော ပန်းချီကားကို ဒေါ်လာ ထောင်ချီ၍ ပေးဝယ်ကြသည်။ အတုကို အစစ်ထက် တန်ဖိုးထားကြ သည်။

ကျွန်တော့်စိတ်ထဲတွင် အစစ်ထက် အတုကို မြတ်နိုးလေးစား ကြသော လောကကို ကျွန်တော် မကျေနပ်ချင်ပါ။ အစစ်ကိုသာ တန်ဖိုး

ထားစေချင်သည်။ သို့သော် ကျွန်တော်ကိုယ်တိုင်က အတုကို ဩဘာပေးနေသည်။ မေသစ်ကို ပိုသနား၍ ပန်းချီကားကို ပိုချစ်နေသည်။

ဤသို့တွေးရင်း ချိုတကူး၏ အဖြစ်အပျက်ကို ဆရာသုခလို ဒါရိုက်တာမျိုးနှင့် ရုပ်ရှင်ရိုက်ရသော်ဟု တွေးမိပါသည်။ ချိုတကူးကိုယ်တိုင် တစ်ကိုယ်လုံး မျက်ရည်ဖြစ်ပြီး မျောသွားမလား မသိပါ။

ကျွန်တော်၏စိတ်တွင် လျှပ်ပြက်သကဲ့သို့ တစ်ချက် ဝင်းခနဲဖြစ်သွားပါသည်။ အလှမယ်၏ မျက်နှာကို လွှမ်းထားသော ဓာပဝါ ပြုတ်ကျသည့်အခိုက်၊ အလှမယ်၏ မျက်နှာကို ခေတ္တမျှ မြင်လိုက်ရသကဲ့သို့ "အနုပညာ" ၏ မျက်နှာကို ရိပ်ခနဲ မြင်လိုက်ရသလိုလို ထင်မိပါသည်။

ရွှေယုန်နှင့် ရွှေကျား
(အောင်သင်း)

ရွှေယုန်နှင့် ရွှေကျား သက်ငယ်ရိတ် သွားသော ပုံပြင်သည် ကျွန်တော်တို့ မြန်မာလူမျိုးများအဖို့ မရိုးနိုင်သော ပုံပြင် ဖြစ်ပါသည်။ ဤပုံပြင်ကို မည်သူက စ၍ ပြောခဲ့သည်၊ မည်သည့်ခေတ်က ပေါ်ခဲ့သည်ကို မည်သူမျှ မပြောနိုင်တော့ပြီ။ ဤမိဘမဲ့ ပုံပြင်ကို ကျွန်တော်တို့ ယုယစွာ ထိန်းသိမ်း စောင့်ရှောက်ခဲ့သည်။ သူ၏သက်တမ်း ရှည်လှပေပြီ။ နောင်ကိုလည်း တမေ့တမောကြီး နေလိမ့်ဦးမည်။ အခြား လူမျိုးတိုင်းတွင်လည်း ဤသို့သော အသက်ရှည်လှသည့် မိဘမဲ့ ပုံပြင်များ ရှိကြပေလိမ့်မည်။

ရွှေယုန်နှင့် ရွှေကျားကို အဘယ်ကြောင့် ကျွန်တော်တို့ ချစ်ခင်စွာ ထိန်းသိမ်းမွေးမြူကြသနည်း။ ကျွန်တော် ယူဆသည်မှာ လူသားတို့အတွက် အသုံးမဝင်တော့သော လူလုပ်ပစ္စည်းများသည် တဖြည်းဖြည်းတိမ်ကော ပပျောက်ကွယ်သွားလေ့ ရှိကြပါသည်။ ရွှေယုန်နှင့် ရွှေကျားသည် လူလုပ်ပစ္စည်း ဖြစ်သည်။ ယခုထက်တိုင် မတိမ်ကောပါ။ ထိုပုံပြင်သည် လူ့လောကကို မုချ အကျိုးပြုနေသည်ဟု ယူဆပါသည်။ မည်သို့ အကျိုးပြုလေသနည်း။ ကျွန်တော် စဉ်းစားချင်ပါသည်။

ကျွန်တော်တို့ ငယ်စဉ်ဘဝ၊ မိခင်၏ ရင်ခွင်တွင် ခေါင်းမှေး၍ ဤပုံပြင်ကို နားထောင်စဉ်က ကျွန်တော်တို့သည် လှည့်ဖြား၍ နှိပ်စက်တတ်သော ရွှေယုန်ကိုလည်း မြင်ယောင်ပါသည်။ အကောင်အထည် ကြီးသော်လည်း ယုန်သငယ်၏ လှည့်ဖြားနှိပ်စက်ခြင်းကို ခံရရှာသော ရွှေကျားကြီးကိုလည်း မြင်ယောင်ပါသည်။

ရွှေကျားခမျာ မီးလောင်ဒဏ်ရာနှင့် သဲဆပ်ပြာကျင်းတွင် လူး ရသောအခါ တဖျဉ်းဖျဉ်း စပ်ရှာမည်ကိုလည်း တွေး၍ သနားမိပါသည်။ ရွှေယုန်သည် အကောင်ငယ်ကလေး ဖြစ်သောကြောင့် သူ့ကို ချစ်စနိုး ရှိပါသော်လည်း လှည့်ဖြားတတ်သောကြောင့် စိတ်ပျက်ရ မလိုလို၊ စက်ဆုပ်ရ မလိုလို ဖြစ်လာပါသည်။ လူလည်လုပ်လွန်းသောကြောင့် မုန်းရ မလိုလိုလည်း ဖြစ်မိပါသည်။

ကျွန်တော်တို့သည် ရွှေယုန်ကို နှာခေါင်းရှုံ့၍၊ ရွှေကျားအတွက် စုတ်သပ်မိပါသည်။ အကယ်စင်စစ်သော်ကား နှာခေါင်းရှုံ့ခြင်းသည် အပြစ်ပေးခြင်း ဖြစ်၍၊ စုတ်သပ်ခြင်းသည် စောင်မခြင်း ဖြစ်ပေသည်။ မကောင်းသူကို ပယ်၍၊ ကောင်းသူကို ကယ်ခြင်းလည်း ဖြစ်သည်။ ရွှေယုန်သည် ကျူးကျော်ထိပါးသူ ဖြစ်၍၊ ရွှေကျားသည် ကျူးကျော် ထိပါးခြင်း ခံရသူ ဖြစ်သည်ဟု ဆိုလိုခြင်းလည်း ဖြစ်သည်။ တစ်ဖန် ဤသို့သောသူသည် စက်ဆုပ်ဖွယ် ဖြစ်၏။ ဤသို့သောသူသည် ကြင်နာ ဖွယ် ဖြစ်၏။ ဤသို့သော အမှုသည် စက်ဆုပ်ဖွယ် ဖြစ်၏။ ဤသို့ သော အမှုသည် ကြင်နာဖွယ် ဖြစ်၏ စသည်ဖြင့် ဆုံးဖြတ်ခြင်းလည်း ဖြစ်၏။ ကျွန်တော်တို့သည် မိခင်၏ရင်ခွင် တရားပလ္လင်ထက်ဝယ် တင့်တယ်စွာ စံပယ်၍၊ ရွှေယုန်နှင့် ရွှေကျားတို့ အမှုကို ဤသို့လျှင် စီရင်ချက် ချခဲ့ကြဖူးလေပြီ။

သိပ္ပံပညာတွင် မူသေနည်း ရှိသောကြောင့် အမှားအမှန်ကို လက်တွေ့ စမ်းသပ်၍ မှတ်သားနာယူရန် လွယ်ကူသည်ဟု ကျွန်တော်

ထင်မိပါသည်။ ဝိဇ္ဇာပညာတွင်ကား မူသေနည်း မရှိသောကြောင့် အမှား အမှန်ကို လက်တွေ့စမ်းသပ်၍ မှတ်သားနာယူရန် မလွယ်ကူလှပါ။ သိပ္ပံပညာတွင် တစ်ခုသော အရည်ကို ငရဲမီး ဟုတ် မဟုတ် ဓာတ်ခွဲခန်း စမ်းသပ်ဖန်ပြွန်တွင် ထည့်၍ စူးစမ်းနိုင်ပါသည်။ ဝိဇ္ဇာ ပညာရပ်များ ဖြစ်သော မြင့်မြတ်သည်၊ ယုတ်မာသည်၊ လှသည်၊ အကျည်းတန်သည် ဟူသော သဘောတရားတို့ကို စမ်းသပ်ဖန်ပြွန်တွင် ထည့်သွင်း၍ စူးစမ်းခြင်းကို မပြုနိုင်ပါ။ ထိုသဘောတရားများ ဟုတ် မဟုတ်၊ မှန် မမှန်ကို စူးစမ်းရာတွင် ရွှေယုန်နှင့် ရွှေကျား ကဲ့သို့သော ပုံပြင်များကို သရုပ်ပြ ကိရိယာများသဖွယ် အသုံးပြုနိုင်သည်ဟု ကျွန်တော် ထင်ပါသည်။

ဗုဒ္ဓမြတ်ရှင်၏ ဒေသနာတော် အဘိဓမ္မာ သဘောများသည် အလွန်နက်နဲလှသည်ဟု အများက လက်ခံ ယူဆကြပါသည်။ သို့ရာတွင် ပင်မ အခြေခံ သဘောတရားကြီးများ ဖြစ်ကြသော သံသရာ သဘော၊ ကံ၊ ကံ၏အကျိုးသဘော စသည်တို့ကို ကျွန်တော်တို့ ငယ်စဉ် ကပင် ယုံကြည်ခဲ့ကြပါသည်။ ယင်းသို့ ယုံကြည်ခြင်းမှာ အဘိဓမ္မာကို လေ့လာဖူးသောကြောင့်လည်း မဟုတ်ပါ။ သင်္ဂြိုဟ်ကိုးပိုင်းကို ညက်ညက် ကျေအောင် နားလည်သောကြောင့်လည်း မဟုတ်ပါ။ လယ်တီဆရာ တော်၏ ပဋ္ဌိစ္စသမုပ္ပါဒ ဒီပနီကို ဖတ်ဖူးသောကြောင့်လည်း မဟုတ်ပါ။ ငါးရာ့ငါးဆယ် ဇာတ်ဝတ္ထုများကြောင့်၊ ဓမ္မပဒ ဝတ္ထုများကြောင့်၊ ဇိနတ္ထ ဝတ္ထုများကြောင့်သာ ဖြစ်ပါသည်။

ဤဝတ္ထုများသည် မှန်ပြောင်းငယ်နှင့် တူသည်။ မှန်ပြောင်းငယ် ဖြင့် ကြည့်သောအခါ အပြောကျယ်လှသော တောတောင် ရေမြေတို့ကို နီးကပ်စွာ မြင်ရဘိသကဲ့သို့ ဤဝတ္ထုများမှတစ်ဆင့် ဗုဒ္ဓမြတ်ရှင်၏ ဒေသနာတော် အခြေခံ သဘောတရားကြီးများကို မြင်ခဲ့ကြရသည်ဟု ကျွန်တော် ဆိုချင်ပါသည်။

ဗုဒ္ဓမြတ်ရှင်၏ အဘိဓမ္မာ ကျမ်းရင်း သဘောတရားကြီးများနှင့်

မရင်းနှီးဖူးသူပင် ဖြစ်လင့်ကစား ဤဝတ္ထုများကို ကြားနာ မှတ်သား ဖူးပါလျှင် ဗုဒ္ဓအလိုတော်ကျ နေထိုင်ကျင့်ဆောင်နိုင်သည်ဟု ကျွန်တော် ထင်မိပါသည်။

ရွှေယုန် ရွှေကျားနှင့် စပျစ်သီးချဉ်သော ပုံပြင်များသည် လူ့ဘဝ နှင့်လည်း ဟပ်မိသည်။ လူ့ဘဝ၏ တစ်ပိုင်းတစ်စကိုလည်း ဖော်ပြ သည်ဟု ထင်မိပါသည်။ စပျစ်သီးချဉ်သည် ဟူသော မြေခွေးလို လူစား မျိုးသည် ယခုထက်တိုင် ရှိနေပါသေးသည်။ ထို့ကြောင့် ဤပုံပြင်သည် မရိုးနိုင်ပါ။ ဤပုံပြင်သည် တကယ့် အဖြစ်အပျက်၌ အခြေခံရှိသော ပုံပြင် ဖြစ်ကောင်း ဖြစ်ပါလိမ့်မည်။

"ဤဝတ္ထုတွင် ဖော်ပြထားသော အဖြစ်အပျက်များသည် အမည်၊ နာမ၊ နေရပ်တို့ကို ပြောင်းလဲထားသည်မှအပ တကယ့် အဖြစ်အပျက် ဖြစ်ပါကြောင်း" ဟု ပလ္လင်ခံ၍ ရေးသားထားသော ဝတ္ထုများကို ဖတ်ဖူး ကြပါလိမ့်မည်။ ဤမြေခွေးပုံပြင်သည်လည်း ဤသို့ ဖြစ်နိုင်ပါသည်။ ကာယကံရှင်များကို မထိခိုက်စေလို၍ အမည် နာမ နေရပ်တို့ကို ပြောင်းလဲ ထားခြင်း ဖြစ်ပါလိမ့်မည်။

ကမ္ဘာ့ဂန္ထဝင် ဝတ္ထုကြီးများသည် လူတို့၏ စိတ်နေစရိုက် အကျင့် အမူကို ဖော်ပြပါသည်။ စပျစ်သီးချဉ်သော မြေခွေး၏ ပုံပြင်သည်လည်း ထို့အတူပင် ဖြစ်ပါသည်။ ဂန္ထဝင် ဝတ္ထုကြီးများက ခမ်းနားပါသည်။ မြေခွေးပုံပြင်ငယ်က မခမ်းနားပါ။ ဤမျှသာ ခြားနားချက် ရှိပါသည်။

မခမ်းနားသောကြောင့် ဤပုံပြင်ကို အသုံးမဝင်ဟု မပြောသင့် ပါ။ ခမ်းနားသောကြောင့် ပို၍ အသုံးကျသည်ဟုလည်း မဆိုသာပါ။ ဆင်ကိုချည်သော ထူးနှင့် ကြက်ကို ချည်၍ မရသကဲ့သို့ ခမ်းနားလွန်း သောကြောင့် သုံးမရသည့် အခါလည်း ရှိပါသည်။

ကလေးငယ်တို့သည် ပါရမီတော်ခန်းပျို့ထက် ရွှေယုန်နှင့် ရွှေ

ကျားကို ပို၍ နှစ်သက်ကြပါသည်။ ထို့ကြောင့် ရွှေယုန်နှင့် ရွှေကျား သည် ကလေးတို့အတွက် ပို၍ အမြတ်ထွက်ပါလိမ့်မည်။

ယနေ့ ကျင့်သုံးလိုက်နာကြသော လူ့ကျင့်ဝတ်များကို အထပ်ထပ် ပြန်လည် စစ်ဆေးသောအခါ ရွှေပြည်စိုး ဦးလတ်၏ သွန်သင်ချက်၊ တော်စတွိုင်း၏ သွန်သင်ချက်တို့ထက် အလောင်းတော်နှင့် ဒေဝဒတ် တို့၏ သွန်သင်ချက်က ပို၍ များနေသည်ဟု ထင်မိပါသည်။

နိပါတ်တော် ဇာတ်ဝတ္ထုများ၏ ဇာတ်လိုက် ဖြစ်သော အလောင်း တော်၏ ကျေးဇူးကား ကြီးလှပါသည်။ ထို့အတူ ဒေဝဒတ်၏ ကျေးဇူး လည်း ကြီးလှပါသည်။ ဒေဝဒတ်သည် ငရဲကျီးခံ၍၊ မြေမျိုခံ၍ အမှားကို ပြရှာပေသည်။ ထို့ကြောင့် ကျွန်တော်တို့သည် အမှားကို မြင်ခဲ့ရသည်။ အမှားကို သိခဲ့ရသည်။ အမှားကို မြင်ခြင်းသည် အမှန်ကို မြင်ရာရောက် သည်။ အမှားကို သိခြင်းသည် အမှန်ကို သိရာ ရောက်ပါသည်။ ထို့ ကြောင့် ဒေဝဒတ်၏ ကျေးဇူးကို ချီးမွမ်းခဲ့ခြင်း ဖြစ်ပါသည်။

ယခုလည်း ကျွန်တော်သည် ဂန္ထဝင် ဝတ္ထုကြီးများကို လေးစား ချစ်ခင်စွာ ဖတ်ဆဲပင် ဖြစ်ပါသည်။ လူ့အကြောင်းကို သိမ်မွေ့စွာ ဖော် ထုတ်ထားသော ထိုဝတ္ထုကြီးများ၏ သွန်သင်ချက်ဖြင့် ကျွန်တော့်ကိုယ် ကို မေတ္တာ ကရုဏာ စိတ်ကောင်း မွေးလာအောင် အားထုတ်နေရပါ သည်။ သို့သော် ကျွန်တော် အရိုးမရင့်မီကာလက ပုံကြမ်း လောင်းပေး ခဲ့သော ရွှေယုန်နှင့် ရွှေကျားတို့ကို မမေ့နိုင်ပါ။ သူတို့သည် မှား၏၊ မှန်၏၊ သင့်၏၊ မသင့်၏၊ လျော်ကန်၏၊ မလျော်ကန်၏ စသော ပြဿနာများကို လက်မွန် ဦးစွာ တင်ပြခဲ့သောကြောင့် ဖြစ်ပါသည်။ ရွှေယုန်နှင့် ရွှေကျားသည် ကျွန်တော်၏ ချိန်ခွက်ထက်သို့ တစ်ဖက် တစ်ကောင်စီ တက်၍ အမှားနှင့် အမှန်၊ အကောင်းနှင့် အဆိုး နှိုင်းယှဉ် သင်ကြားခဲ့ဖူးပါသည်။

ကျွန်တော် ကြီးပြင်းလာပါပြီ။ ကျွန်တော်၏ သား မြေးများ

ချိန်ခွင်သို့ သင်းတို့နှစ်ကောင်ကို တင်ပြပေးရပါလိမ့်ဦးမည်။ ကျွန်တော့် ဘဝ အစမှ အဆုံးထိ သုံးစွဲနေရသော ပုံပြင် ဖြစ်၍၊ ရွှေယုန်နှင့် ရွှေကျား ကို မြတ်နိုးရပါသည်။

ဗမာစွန်

(တက္ကသိုလ် ဝင်းမွန်)

ဆောင်းဦး ညနေခင်း ဖြစ်သည်။ နေခြည်သည် တဖြည်းဖြည်း ဖျော့မှိန် လျက် ရှိသည်။ ဟိုတစ်စု သည်တစ်စု လွင့်မျောနေသော တိမ်မျှင်ဖွေးဖွေး တို့သည် ပြာလဲ့ ကြည်လင်သော ကောင်းကင်ကို အသရေတိုးအောင် အလှခြယ်လျက် ရှိသည်။ လေပြည်အေးအေးသည် ဖြည်းဖြည်းသာသာ မြူးရွှင်လျက် ရှိသည်။

ကျွန်တော်သည် အိမ်ရှေ့ ဝရန်တာတွင် စာအုပ်ကို စိတ်အေး လက်အေးဖြင့် ဖတ်လျက်ရှိသည်။ သည်စာကို ဖတ်နေသည်မှာ ကြာလှ ပြီ။ စာမှာလည်း နက်သထက် နက်လာသည်။ မျက်ကြောကိုက်လာ သည်။ ဇက်ကြော တင်းလာသည်။ ထို့ကြောင့် စာအုပ်ကို ခဏချထား လိုက်သည်။ ခေါင်းကို ဘယ်ပြန်ညာပြန် ချိုးရင်း၊ ခါးကို ဆန့်ကာ အဝေးသို့ မျှော်လိုက်မိသည်။

ဟိုအဝေး ကောင်းကင်မြင့်တွင် လေဟုန်စီးနေသော ဗမာစွန် တစ်ကောင်ကို မြင်ရသည်။ စွန်မှာ လှလည်း လှသည်။ ခံ့လည်း ခံ့ သည်။ သူ၏ ကိုယ်ပိုင်ဟန် ဖြစ်သော အေးချမ်း တည်ငြိမ်ခြင်းကိုလည်း ဆောင်လျက် ရှိသည်။

သည့်နေပြည်တော် ရန်ကုန်ကဲ့သို့ ဒေသတွင် ဗမာစွန်ကို တွေ့ရမည် မထင်ခဲ့။ ဗမာစွန်ကို ကျွန်တော်သည် ကျောင်းသားအရွယ် လူမမည်က ကျေးတောရွာတွင် အကျွမ်းဝင်ခဲ့ဖူးသည်။ ထိုစဉ်ကပင် ဗမာစွန်သည် ကုလားစွန်ကို နေရာဖယ်ပေးနေရပေပြီ။ ဗမာစွန် အနည်းအကျဉ်း တစ်ကောင်စ၊ နှစ်ကောင်စသာ လွတ်ကြတော့သည်။ ကျွန်တော်ပင် အလုပ်နှင့် အကိုင်နှင့် ဖြစ်နေပြီ။ နှစ်လည်း ကြာခဲ့ပြီ။ သည်ဗမာစွန်ကို တွေ့မြင်ရအံ့ မထင်မှ ရုတ်တရက် တွေ့မြင်ရသောအခါ ကျွန်တော်၌ အံ့ညြခြင်းလည်း ဖြစ်ရသည်။ ဝမ်းမြောက်ခြင်းလည်း ဖြစ်ရသည်။ အောက်မေ့တသခြင်းလည်း ဖြစ်ရသည်။ ကျွန်တော်သည် ဗမာစွန်ကို မြတ်မြတ်နိုးနိုး ချစ်ချစ်ကြင်ကြင် ငေး၍ စိုက်၍ ကြည့်မိသည်။ ထိုခဏ၌ ကျွန်တော်၏ စိတ်အစဉ်သည် ဗမာစွန်နှင့် စတင်အကြောင်းဆုံသည့် ကာလသို့ တရိပ်ရိပ် ပြေးလေပြီ။

ဗမာစွန်နှင့် ကျွန်တော်သည် ငယ်ပေါင်း၊ သည်ငယ်ပေါင်းနှင့်ကျွန်တော်သည် ဆောင်းဦးတွင်ပင် အကြောင်းဆုံခဲ့ရသည်။ ဆောင်းဦးတွင်ပင် ကွေကွင်းခဲ့ရသည်ကို ကျွန်တော် အမှတ်ရလျက် ရှိသည်။

ထိုစဉ်က ကျွန်တော်သည် ကမာစဲ ကျေးတောရွာရှိ ဦးပညာစာသင်ကျောင်းတွင် "ဘဦး ရေကူးနေသည်။ ဆေးကု၍ မရပါ" ဟူသောစာများကို သောသောညံအောင် အသံတစာစာဖြင့် စာအံရသောကျောင်းသား လူမမည်အရွယ် ဖြစ်သည်။ ခွေလိုမ့်ခြင်း၊ ကျောက်ဒိုးရိုက်ခြင်း၊ ဂျင်ပေါက်ခြင်း စသည်တို့၌ အကစားမင်လှသည်။ သည်လိုဆောင်းဦးကာလ လူကြီး လူရွယ် လူငယ်တို့ သူ့ထက်ငါ စွန်လွှတ်နေကြသည့် အခါများတွင် ကျွန်တော်သည် ခွေလိုမ့်ရာ၊ ကျောက်ဒိုးရိုက်ရာ၊ ဂျင်ပေါက်ရာမှ နေ၍ ကောင်းကင်တွင် တလွှားလွှား မြူးထူးနေသော စွန်များကို မျက်လုံးကလေး ကလယ်လယ်ဖြင့် တမေ့တမော ကြည့်ရင်း စွန်လွှတ်လိုသော ချင်ခြင်းများ တဖွားဖွား ပေါ်လာမိခဲ့သည်။

အစ်ကိုတော်များ ပုလင်းကွဲ၊ ခွတ်ပြားကွဲများ ထုထောင်း၍ ကျွဲကော်နှင့် မှန်စာကျိုသည့်အခါ၊ ကျောက်ဆူးတံဆိပ်ကြိုးကို မြနေအောင် မှန်စာတိုက်၍ မှန်စာလှန်းသည့်အခါ၊ စွန်လွှတ်ရန် ရစ်လုံးပြင်သည့်အခါ၊ ထို့နောက် စွန်လွှတ်ထွက်သည့်အခါ၊ သည်အခါများတွင် ကျွန်တော်သည် သူတို့အနား၌ အမြဲ ယောင်လည်ယောင်လည်နှင့် ငေးမော ကြည့်ရှုနေတတ်လေ့ ရှိသည်။ သူတို့က "ရှုပ်ရန်ကော" ဟု မာန်ကြမဲကြ၊ ငေါက်ကြငမ်းကြသော်လည်း ကျွန်တော် မဖြုံ။ မထုံတက်သေးဖြင့် ဖွတ်ပေကတတ်လျက် တပ်တပ်မက်မက် ကြည့်ရှုနေလေ့ရှိသည်။

အစ်ကိုတော်များ အလစ်တွင် ကျွန်တော်သည် သူတို့ စွန်များကို ခိုး၍ ခိုး၍ လွှတ်လေ့ရှိသည်။ သူတို့စွန်များလည်း အလွန် အထိန်းရအသိမ်းရခက်သော ကုလားစွန်။ သူတို့ ရစ်လုံးကလည်း ဧရာမ။ ကျွန်တော့်အရွယ်ကလည်း ငယ်ငယ်။ စွန်လွှတ်ရာ၌လည်း နိုင်နိုင်နင်းနင်း မရှိသေး။ ကျွန်တော် ခိုးလွှတ်တိုင်း စွန်မှာ ချောချောမောမော ကောင်းကင်တွင် မစံပယ်။ မြေမှာ စံပယ်သည်။ ကုက္ကိုပင်ဖျား၊ မန်ကျည်းကိုင်းကြား၊ ခေါင်မိုးစွန်း တံစက်မြိတ်များတွင်သာ စံပယ်သည်။ ထို့ကြောင့် ကျွန်တော် စွန်ခိုးလွှတ်တိုင်း ခိုးလွှတ်တိုင်း အစ်ကိုတော်များ သိသည်။

သူတို့ သိတိုင်းလည်း "သူတို့စွန်ကို ဖျက်ဆီးသည်။ မှန်စာကြိုးများ တုံးအောင်ပြုသည်" ဟု တရှူးရှူး တရားရား ဒေါမာန်ပွားတတ်သည်။ ကျွန်တော့်ကိုလည်း ခေါင်းခေါက်တတ်သည်။ သည်အခါများ၌ ကျွန်တော်ကလည်း မခံ။ ပြန်၍ နှုတ်လှန်ထိုးသည်။ အဘအိုထံ ပြေး၍ တွတ်တီးတွတ်တာ တိုင်တန်းတတ်သည်။

သည်စွန်ပြဿနာကြောင့် အစ်ကိုတော်များနှင့် ကျွန်တော် တကျက်ကျက် ရန်ဖြစ်သည်။ ရန်ဖြစ်တိုင်းလည်း အဘအိုသည် ကျွန်တော့်ဘက်မှ အစဉ် မားမားမတ်မတ် ရပ်လေ့ရှိသည်။

ကျွန်တော် အမှတ်ရလျက် ရှိသည်။

တစ်နေ့ ညနေ ကျောင်းအဆင်းတွင် အဘအိုသည် စွန်တစ်ကောင် ပြသည်။ စွန်မှာ ဗမာစွန် ဖြစ်သည်။ ကိုယ်ထည်မှာ အပြာရောင်ရင့်ရင့်၊ တောင်ပံ တစ်ဖက်တစ်ချက်တွင် ကြယ်ဖြူတစ်ပွင့်စီ ရှိသည်။ အမြီးနှစ်ခွတွင် အဖြူစင်း တစ်တန်းစီ ရှိသည်။ အတောင်နှစ်ဖက်၊ အမြီးနှစ်ခွတို့တွင် ပန်းပွားနီနီများ ဝေနေသည်။ ကျွန်တော့်မျက်စိထဲတွင် ဗမာစွန်ကြီးသည် လှပခံ့ညား၍ အတုမဲ့သော အသရေတို့ကို ဆောင်နေသည်။ ထိုဗမာစွန်ကြီးကို ကျွန်တော့်အတွက် သူကိုယ်တိုင် ချိုးသည်ဟု ဆိုသည်။ ထို့ပြင် ကျောက်ဆူးတံဆိပ် ဘန်ချည်ကြိုးများ အပြည့်ရစ်ထားသော ရစ်လုံးအလတ်စားကိုလည်း အဘအို ထုတ်ပေးသည်။

အဘအို လက်မှ ဗမာစွန်နှင့် ရစ်လုံးကို ကျွန်တော်သည် မှင်တက်မိသလို ငေးကြည့်နေမိသည်။ ခဏကြာမှ အဘအိုကို ပြေး၍ သိမ်းကျုံးဖက်သည်။ အရိုးပြိုင်းပြိုင်းထ၍ ပြားချပ်နေသော ရင်ခွင်တွင်းကို ခေါင်းဖြင့် တိုးခွေ့သည်။ လည်ပင်းကို ခုန်ဖက်၍ အရေတွန့်လိပ်နေသော ပါးပြင်ကို တရှုပ်ရှုပ် နမ်းသည်။ ကျွန်တော့်ရင်များမှာ ပီတိအဟုန်ဖြင့် သိမ့်သိမ့်တုန်နေသည်။ ကျွန်တော် ဝမ်းသာအားရ ဖြစ်သကဲ့သို့ အဘအိုလည်း ဝမ်းသာအားရ ဖြစ်ကြောင်းကို ရီဝေနေသော မျက်လုံး၊ ပြုံးယောင်သန်းသော နှုတ်ခမ်းတို့မှတစ်ဆင့် ကျွန်တော် သိသည်။ ထိုခဏ၌ အဘအို၏ အလိုလိုက်ပုံ၊ အကာအကွယ် ပေးတတ်ပုံကို လည်းကောင်း၊ ကြီးမားသော မေတ္တာ စေတနာကို လည်းကောင်း တွေးတောနေမည်ဟု ကျွန်တော် ထင်သည်။

အတန်ကြာမှ ကမ်းလင့်သော အဘအို၏လက်မှ စွန်နှင့် ရစ်လုံးကို လှမ်းယူဖို့ ကျွန်တော် သတိရသည်။ ကျွန်တော်၌ ပြင်းပြထက်သန် လှသော စွန်လွှတ်လိုသော ချင်ခြင်း စွဲကပ်ခဲ့သည်မှာ ကြာပြီ။ ထိုချင်ခြင်း

သည် အဘအို၏ မေတ္တာ စေတနာကြောင့် ယခု ပြေခဲ့ပြီ။ အဘအိုကို လည်းကောင်း၊ အဘအို၏ မေတ္တာသင်္ကေတ ဖြစ်သော ဗမာစွန်ကို လည်းကောင်း ကျွန်တော် မေ့နိုင်မည် မထင်။

ဤသို့ ဗမာစွန်ကြီးနှင့် ကျွန်တော် အကြောင်းဆုံပြီးသည့်အခါမှ စ၍ ရှာရိုးလျှောက်၍ ကျွန်တော် ခွေမလိုမ့်တော့ပြီ။ ကျောက်ဒိုး မရိုက်တော့ပြီ။ ဂျင်မပေါက်တော့ပြီ။ ဗမာစွန်ကြီးနှင့်သာ ပျော်တော့သည်။

မလွှဲသာ၍ ကျောင်းတက်ရသော်လည်း ကျောင်းစာ၌ ကျွန်တော် စိတ်မဝင်စား။ အိမ်မှ ဗမာစွန်ကြီးဆီသာ စိတ်ရောက်လျက် ရှိသည်။ ကျောင်းစာကို ကျွန်တော် မမြင်။ အိပ်ခန်းထောင့် သမင်ချိုဦး၌ အမြိန့်သား ကျန်ရစ်နေသော ဗမာစွန်ကြီးကိုသာ မြင်ယောင်လျက် ရှိသည်။ ကျောင်းဆင်းလျှင် အိမ်သို့ အပြေးအလွှား ပြန်သည်။ ထမင်းကို ကသောကမျော စားသည်။ စွန်နှင့် ရစ်လုံးကို ကတိုက်ကရိုက် တက်ယူသည်။ နောက် ဗမာစွန်ကြီးနှင့် ပျော်တော့သည်။

ဗမာစွန် လွှတ်ရသည်မှာ ကုလားစွန် လွှတ်ရသည်နှင့် မတူ။ လွှတ်ရ အလွန်လွယ်သည်။ တစ်ယောက်ယောက်ကို စွန်ကိုင်၍ အမြှောက် ခိုင်းပြီး၊ ရစ်လုံးကို တုံ့၍ တုံ့၍ ဆွဲကာ တစ်ပတ် နှစ်ပတ် ရစ်လိုက် ရုံမျှဖြင့်၊ လေကို ဆန်၍ ပြေးရုံမျှဖြင့် ဗမာစွန်သည် အထက်သို့ တရိပ် ရိပ် ထောင်တက်သည်။ အတော် မြင့်မြင့်သို့ တက်မိသောအခါ၊ လေ ကြောင်း သင့်သွားသောအခါ၌ သူ့ကို အောက်မှနေ၍ ဂရုတစိုက် ထိန်း ပေးရန် မလိုတော့။ ကောင်းကင်တွင် ခံ့ညားတင့်တယ်စွာ တည်တည် ငြိမ်ငြိမ်ဖြင့် သူ့ဘာသာ တငြိမ့်ငြိမ့် လေဟုန်စီးတော့သည်။

သည်အချိန်အခါကပင် ကျွန်တော်တို့ ကျေးတောရွာ၌ ကုလား စွန်ကို အလွှတ်များနေပေပြီ။ သည်ကုလားစွန်များကို လွှတ်ကြသည် မှာလည်း ဗမာစွန် လွှတ်သကဲ့သို့ အကြော့အယဉ် အမပျော်အရွှင် သဘော သက်သက် မဟုတ်ကြ။ အစွမ်းပြသည့် သဘော၊ ထောင်လွှားသည့်

သဘော၊ တစ်ဦးနှင့်တစ်ဦး အပြိုင်အဆိုင်သဘော၊ အရှုံးအနိုင် သဘော၊ ဗိုလ်လုကြသည့်သဘော ဖြစ်ကြသည်။ ကောင်းကင်ထက်တွင် တစ်ကောင်နောက် တစ်ကောင် ပြေးလိုက် လွှားလိုက်၊ တစ်ကောင်ကို တစ်ကောင် ရှောင်လိုက် တိမ်းလိုက်၊ တစ်ကောင်နှင့် တစ်ကောင် ပူးလိုက် ခွာလိုက်ဖြင့် ဖြတ်ကြသည်။ တစ်ဖန် အနိုင်ရသော စွန်ကိုလည်း အခြားတစ်ကောင်က လာဖြတ်ပြန်သည်။ ဤသို့လျှင် တစ်ကောင်ပြီး တစ်ကောင် ကျဆုံးသွားသည်အထိ သူတို့ အသေအကျေ သတ်ပုတ်ကြသည်။

သည်ကုလားစွန်များ၏ ရန်ဘေးကြောင့် ဗမာစွန်ဖြင့် ကျွန်တော် လွှတ်လွှတ်ကျွတ်ကျွတ် မပျော်နိုင်။ စိတ်အေးလက်အေး မလွှတ်နိုင်။ ဗမာစွန်ကို အားရပါးရ စိတ်အေးလက်အေး လွှတ်လိုတိုင်း ရွာဦးသို့ တစ်ယောက်တည်း သွား၍ လွှတ်ရသည်။

ရွာဦးတွင် ထုံးဖွေးဖွေးဖြူနေသော စေတီတစ်ဆူ ရှိသည်။ စေတီနားတွင် အရွက်စိပ်၍ အရိပ်ကောင်းလှသော ကုက္ကိုပင်ကြီးများ၊ ကုလားမန်ကျည်းပင်များ ရှိသည်။ သည်သစ်ပင်ကြီးများအောက်၌ မြေသည် ညီညာပြန့်ပြူးသည်။ မြက်တို့ဖြင့်လည်း စိမ်းစိမ်းစိုစို ရှိသည်။ မြက်များမှာ အလေ့ပေါက် မြက်ရိုင်းများ ဖြစ်သော်လည်း အိအိညက်ညက် ရှိသည်။ သည်နေရာ၌ ရပ်၍၊ ထိုင်၍၊ လျောင်း၍၊ အိပ်၍ ဗမာစွန်ကို ကျွန်တော် စိတ်တိုင်းကျ အားရပါးရ တဝကြီး လွှတ်ရသည်။

ကျွန်တော် အမှတ်ရလျက် ရှိသည်။

တန်ဆောင်မုန်းလဆန်း ၈ ရက်၊ ဥပုသ်နေ့ ဖြစ်၍ ထိုနေ့၌ ကျောင်းပိတ်သည်။ ကျွန်တော်သည် ထမင်းကို ကမန်းကတန်း ကုလားမျို မျိုသည်။ စွန်နှင့် ရစ်လုံးကို ယူ၍ ရွာထိပ်သို့ ပြေးသည်။ ဗမာစွန်ကို လွှတ်တင်သည်။ လေကြောင်းသင့်သောကြောင့် ဗမာစွန် လေဟုန်စီးမိသော အခါ၌ ကျွန်တော်သည် မြက်ခင်းအိအိပေါ်တွင် ကျကျနန ထိုင်၍ ဗမာစွန်ကြီးကို အငေးသား မော့ကြည့်နေမိသည်။

ခုံခုံတည်တည် တငြိမ့်ငြိမ့် လေဟုန်စီးနေသော ဗမာစွန်ကြီးမှာ စိတ်နှလုံးကို ချမ်းမြေ့စေသည်။ အတိုင်းအဆမရှိ ပြန့်ကျယ်လှသော ကောင်းကင်ပြာပြာကြီးမှာ စိတ်နှလုံး ကျယ်ပြန့်မှု၊ အတွေးလွတ်လပ်မှုကို အားပေးလျက် ရှိသည်။ လယ်ကွင်းပြင်ကြီးကို ဖြတ်သန်း၍ တဟူးဟူး တိုက်ခတ်လာသော လေပြည်သည် မြေသင်းနံ့၊ စပါးနံ့ကိုလည်း ဆောင်လာသည်။ ကျေးသံ ငှက်သံ၊ စေတီငယ်မှ တချွင်ချွင် မြည်သော ဆည်းလည်းသံကိုလည်း သယ်လာသည်။ သန့်စင်လတ်ဆတ်သော သည်လေကို ရှူရှိုက်ရသည်မှာ လူကို အားပြည့် ရွှင်လန်းစေသည်။ သည်အချိန် သည်အခါ၌ ကျွန်တော့်တွင် မောဟလည်း မရှိပြီ။ ဒေါသလည်း မရှိပြီ။ မနာလိုခြင်း၊ ဝန်တိုခြင်း၊ စဉ်းလဲခြင်း၊ ကောက်ကျစ်ခြင်းစသော စိတ်မိုက် စိတ်ရိုင်းများလည်း မရှိပြီ။ စိတ်နှလုံးလည်း မကျဉ်းမြောင်းပြီ။ စိတ်နှလုံး အေးချမ်းလျက် ရှိသည်။ ကျေနပ်နှစ်သိမ့်ခြင်း ပီတိအဟုန်တွင် တသိမ့်သိမ့် မျောပါလျက် ရှိသည်။ မကြာခင် မျက်ခွံများ လေး၍ လေး၍ လာသည်။ ထို့ကြောင့် တစ်ကိုယ်လုံးကို လျော့ပြေကာ၊ မြက်ခင်းအိအိပေါ်တွင် လဲလျောင်း၍၊ ရင်ဘတ်ပေါ်တွင် ရစ်လုံးတင်လျက် ကျွန်တော် မှိန်း၍ နေမိသည်။ မကြာမီ ခဏမျှ မေ့ခနဲ အိပ်ပျော်သွားသလို ဖြစ်မိသည်။

ထို့နောက် ကျွန်တော် ဖျတ်ခနဲ လန့်နိုးသောအခါ၌ ရင်ဘတ်ပေါ်တွင် တင်ထားသော ရစ်လုံးပေါ်သို့ ကျောက်ဆူးတံဆိပ် ကြိုးများသည် တအိအိ ကျဆင်းနေသည်ကို တွေ့ရသည်။ ကျွန်တော်သည် ကယောင်ကတမ်းဖြင့် ကြိုးများကို ဖယ်လိုက်သည်။ စိုးရိမ်တကြီးဖြင့် ဗမာစွန်ကြီး လေဟုန်စီးရာသို့ အလန့်တကြား ကြည့်မိသည်။ ကျွန်တော့် ဗမာစွန်ကြီး နေရာတွင် ကုလားစွန် တစ်ကောင်သည် ဝင့်ဝင့်ဝါဝါ ဟန်ရေးပြလျက် နေပေသည်။

ကျွန်တော် တွယ်တာသော ဗမာစွန်၊ ကျွန်တော် မြတ်နိုးသော

ဗမာစွန်၊ ကျွန်တော် ချစ်ကြင်သော ဗမာစွန်၊ အတိုင်းမသိ အသရေကို ဆောင်သော ဗမာစွန်၊ အဘအိုး၏ မေတ္တာသင်္ကေတ ဖြစ်သော ဗမာစွန်၊ သည်ဗမာစွန်ကြီးကား မရှိတော့ပြီ။ သည်ဗမာစွန်ကြီးသည် ကုလားစွန်ငစွာ၏ အကြောင်းမဲ့ အနိုင်ကျင့်မှုကြောင့် ကျွန်တော့်ကိုစွန့်၍ အဝေးသို့ တရွေ့ရွေ့ လွင့်ရရှာပေပြီ။ သူ့ကို ကျွန်တော် ကြေကွဲစွာ ငေး၍ကြည့်နေမိသည်။ ကျွန်တော့် အချစ်တော်၊ ကျွန်တော့် ငယ်ပေါင်းကား ပြာလဲ့သော ကောင်းကင်တွင် တဖြည်းဖြည်း သေး၍ သေး၍၊ မှုန်၍ မှုန်၍၊ ဝါး၍ ဝါး၍ သွားရှာပေပြီ တကား။

ရစ်လုံးကို လေးလေးဖင့်ဖင့် ကြိုးရစ်ရင်း ကျွန်တော် မျက်ရည်များ တပေါက်ပေါက် ကျခဲ့ရသည်ကို လည်းကောင်း၊ ညနေမှောင်ရီသမ်းသည့်အထိ တစ်ယောက်တည်း ငိုင်တိုင်တိုင် ထိုင်နေခဲ့သည်ကို လည်းကောင်း၊ အိမ်ပြန်အရောက်တွင် အဘအိုကို ဖက်၍ တရှုပ်ရှုပ် ငိုယိုတိုင်တန်းခဲ့သည်ကို လည်းကောင်း အသေးစိတ် မှတ်မိနေပါသေးသည်။

ကျွန်တော် စဉ်းစားကြည့်မိပါသည်။

ဗမာစွန်သည် အလှအပ အကြော့အယဉ် အပျော်အရွှင် သက်သက် လွှတ်ကြသော စွန်သာ ဖြစ်ပါသည်။ ဖြတ်စွန် မဟုတ်ရှာပါ။ တစ်ပါးစွန်ကို ဖြတ်ရန် မရည်သန်ပါ။ မှန်စာကိုလည်း မြနေအောင် တိုက်မထားတတ်ပါ။ ခေါင်းငုံ့လည်စင်း၍ ခံရမည့်သူသာ ဖြစ်ပါသည်။

ကုလားစွန်ကား ဖြတ်စွန် ဖြစ်ပါသည်။ တစ်ပါးစွန်ကို ဖြတ်ရန် ရည်သန်၍ မှန်စာကို မြနေအောင် တိုက်ထားတတ်ပါသည်။ သူ့ကို လာ၍ ဖြတ်ပါက ပြေးနိုင်၊ လွှားနိုင်၊ ရှောင်နိုင်၊ တိမ်းနိုင်အောင်၊ သူကလည်း တစ်ပါးစွန်တို့ကို သွား၍ ဖြတ်နိုင်အောင် "ခေါင်းကြိုး" ကို တင်း၍ သွက်အောင် လည်အောင် ပြုထားတတ်ပါသည်။

ဗမာစွန်နှင့် ကုလားစွန်သည် ရန်ဘက်လည်း မဟုတ်ပါ။ ဂုဏ်

ပြိုင်ဘက်လည်း မဟုတ်ပါ။ အင်အားပြိုင်ဘက်လည်း မဟုတ်ပါ။ ရည်ရွယ်ချက်ချင်းလည်း မတူကြပါ။ သူ့ရည်ရွယ်ချက်နှင့်သူ ဖြစ်ကြပါသည်။ ကုလားစွန်က အစွမ်းပြသည့်သဘော ဖြစ်၍၊ ဗမာစွန်က အလှပြသည့်သဘော ဖြစ်သည်။ အဘယ်ကြောင့် ကုလားစွန်သည် ဗမာစွန်ကို လာ၍ ဖြတ်ချင်ရပါသနည်း။

ကုလားစွန်သည် မိမိ၏ မှန်စာထက်ကြောင်း ပြလို၍လော။ ဤအချက်မှာ မဖြစ်နိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ဗမာစွန်မှာ မှန်စာတိုက်ထားလေ့ မရှိသောကြောင့် ဖြစ်ပါသည်။ အကယ်၍ မှန်စာထက်ကြောင်း ပြလိုပါက မှန်စာတိုက်ထားသော ကုလားစွန်များကိုသာ သွား၍ ဖြတ်သင့်ပါသည်။ ကုလားစွန် လွှတ်သူသည် မိမိ၏ စွန်ဖြတ် ကျွမ်းကျင်မှုကို ပြလို၍လော။ ဤအချက်လည်း မဖြစ်နိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ဗမာစွန်မှာ ဖြတ်စွန် မဟုတ်ပါ။ အကယ်၍ စွန်ဖြတ် ကျွမ်းကျင်မှုကို ပြလိုပါက ဖြတ်စွန် ဖြစ်သော ကုလားစွန်များကိုသာ သွား၍ ဖြတ်သင့်ပါသည်။ ကုလားစွန်၏ အနားတွင် သွား၍ လွှတ်မိ၍လော။ ဤအချက်လည်း မဖြစ်နိုင်ပါ။ အဘယ်ကြောင့်ဆိုသော် သူတို့နှင့်ဝေးရာ ရွာပြင်ရွာထိပ်သို့ တမင်သွား၍ တစ်ယောက်တည်း အေးအေးလူလူ လွှတ်လွှတ်ကျွတ်ကျွတ် စွန်လွှတ်နေသောကြောင့် ဖြစ်ပါသည်။ အကယ်၍ ကုလားစွန် အနားတွင် သွား၍ စွန်လွှတ်မိသည် ဆိုပါစို့။ အစွမ်းပြ ကုလားစွန်သည် အလှပြ ဗမာစွန်ကို လာ၍ မဖြတ်သင့်ဟု စိတ်နှလုံး ကျယ်ပြန့်သော စွန်သမားများ လက်ခံထားကြသည်ကို ကျွန်တော် သဘောပေါက်ပြီး ဖြစ်ပါသည်။ အဘယ်ကြောင့် ကုလားစွန်သည် ဗမာစွန်ကို လာ၍ ဖြတ်ချင်ပါသနည်း။

အကယ်၍ ကျွန်တော့်စွန်သည် ဗမာစွန် မဟုတ်ဘဲ ကုလားစွန် ဖြစ်ပါက မှန်စာတိုက်ထားသည် ဖြစ်စေ၊ တိုက်မထားသည် ဖြစ်စေ လာဖြတ်နိုင်ပါသည်။ ကျွန်တော် ရှုံး၍ ကျွန်တော့်စွန် လန်သွားလျှင်

လည်း ကျွန်တော် ကြေကွဲဝမ်းနည်းမည် မဟုတ်ပါ။ မှန်စာကို ပို၍ မြနေအောင် ဂရုတစိုက် တိုက်မည်။ စွန်ချင်း ငြိနေစဉ် ရစ်လုံး အငင် အသိမ်း၊ ကြိုးအလျှော့အတင်း နည်းနိဿရည်းများကို တိုးတက်ဆည်းပူး မည်။ ထို့နောက် ကျွန်တော် ပြန်လှန် ယှဉ်ပြိုင်မည်သာ ဖြစ်သည်။ ယခု ကျွန်တော် လွှတ်နေသည်မှာ ဗမာစွန်ပါ။

ကျောင်းသားအရွယ် လူမမည် ဘဝ၌ပင် ကျွန်တော်သည် မျက် ရည်ပေါက်ကြီးငယ်ကျ၍ အကြောင်းမဲ့ အနိုင်ကျင့်တတ်၊ စော်ကားတတ် သော သူအချို့အကြောင်းကို သိခဲ့ရသည်။ ထိုအခါမှ စ၍ လောက အကြောင်း၊ လူ့အကြောင်းကို ကျွန်တော် စဉ်းစားဆင်ခြင်စ ပြုလာမိ သည်။

လောကတွင် ရိုးရိုးအေးအေး မှန်မှန်ဖြင့် မိမိအလုပ်ကို ကြိုးကြိုး ကုတ်ကုတ် အားထုတ်လုပ်ကိုင်၍ ကိုယ့်အလုပ်၌ ကိုယ် ပျော်ပိုက်ကြ သော သူများလည်း ရှိသည်။ မနာလိုခြင်း၊ ဝန်တိုခြင်း၊ စဉ်းလဲခြင်း ကင်း၍ စိတ်နှလုံး ကျယ်ပြန့်သန့်စင်သော သူများလည်း ရှိသည်။ ထိုသူများကို ဗမာစွန်အဖြစ် ကျွန်တော် မြင်မိသည်။

ထို့ပြင် အဘက်ဘက် ရှစ်စပ်လည်ပြီး၊ ငါနှင့် ငါသာ နှိုင်းစရာ ဟု မာန်မာန တက်ကြွထောင်လွှားတတ်သော သူများလည်း ရှိသည်။ မိမိသာ ကြီးပွားတိုးမြင့်လို၍ ဖြစ်သည့်နည်းဖြင့် ရရှိအောင် ကြိုးပမ်း တတ်ကြသော သူများလည်း ရှိသည်။ သူတစ်ပါး ကြီးပွား တိုးမြင့် သည်ကိုကား နားဖျားလေသံ မကြားဝံ့ မကြားလိုသော သူများလည်း ရှိသည်။ သူတစ်ပါး ကြီးပွား တိုးမြင့်မှုအတွက် တရားသဖြင့် ရိုးရိုး ကုပ်ကုပ် အားထုတ်သည်ကို မရှုဆိတ်နိုင်သော သူများလည်း ရှိသည်။ စိတ်နှလုံး ကျဉ်းမြောင်း သိမ်ဖျင်းလှသော သူများလည်း ရှိသည်။ ထိုသူ များကို ကုလားစွန်အဖြစ် ကျွန်တော် မြင်မိသည်။

သည်ကုလားစွန်များသည် ရာထူးလုဘက်၊ ဂုဏ်ပြိုင်ဘက်၊

ပညာပြိုင်ဘက် မဟုတ်ပါဘဲလျက် ဗမာစွန်များကို အကြောင်းမဲ့ လာ၍ စ တတ်၊ စော်ကားတတ်၊ အနိုင်ကျင့်တတ်၊ ချောက်တွန်းတတ်၊ အကျိုး ယုတ်အောင် ပြုတတ်သည်များကို ကျွန်တော် ကြားလည်း ကြားရ၊ သိလည်း သိရ၊ မြင်လည်း မြင်ရ၊ ကြုံလည်း ကြုံရပေသည်။ ထိုအခါ၌ ထိုသူများ၏ စိတ်ထား အတိမ်အနက်ကို ကျွန်တော် တွက်ဆနေမိတတ် သည်။ သည်လူ့ဘောင်ကြီး၌ အနိဋ္ဌာရုံများ၊ ကယ်ပါ ယူပါ တစာစာ ငိုယိုမြည်တမ်းသံများဖြင့် ပြည့်လျှံ၍ မီးတဟုန်းဟုန်း တောက်ရခြင်း၊ ငြိမ်းချမ်းသာယာရေးနှင့် ကင်းဝေးရခြင်း၏ အခြေခံ အကြောင်းတရား များကိုလည်း ကျွန်တော့်ဉာဏ်ကလေးဖြင့် တွေးတော ဝေဖန်နေမိတတ် သည်။ ထို့ပြင် ကျွန်တော့် ဗမာစွန်ကြီးကို ကုလားစွန်က အကြောင်းမဲ့ လာ၍ အနိုင်ကျင့်သည်ကို ပြန်၍ အမှတ်ရနေတတ်သည်။

ကျွန်တော်သည် မမျှော်လင့်ဘဲ အမှတ်မထင် တွေ့မြင်ရသော ငယ်ပေါင်း ဗမာစွန်ကြီးကို ငေး၍ စိုက်၍ ကြည့်ရင်း၊ ငယ်စဉ်က အဖြစ် အပျက်များကို စိတ်မျက်စိဖြင့် ပီပြင်စွာ မြင်တွေ့နေသည်။ အတွေးနယ် လည်း ကျယ်၍ ကျယ်၍ လာသည်။

ဤသို့ အတွေးနယ် ဆန့်ရာမှ ဗမာစွန်ရှိရာ ကောင်းကင်သို့ တစ်ဖန် လှမ်းမျှော် ကြည့်လိုက်မိသည်။

အေးချမ်းလှသည်ဟု ထင်ရသော ကောင်းကင်တွင် ကုလားစွန် တစ်ကောင်သည် ဝဲလျက် လည်လျက် ဗမာစွန် ရှိရာသို့ အပြင်းလွှင့် လာသည်ကို မြင်ရသည်။ ဗမာစွန်သည်လည်း အမြင့်သို့ ထောင်၍ ထောင်၍ တရိပ်ရိပ် တက်နေသည်ကို မြင်ရသည်။ ဤသို့ ဗမာစွန် တရိပ်ရိပ် ထောင်၍ ထောင်၍ တက်နေခြင်းမှာ စွန်လွှတ်သူသည် အန္တရာယ် ကို သိဟန်ဖြင့် ရစ်လုံးကို အပြင်းရစ်၍ စွန်သိမ်းနေခြင်း ဖြစ်ပေလိမ့် မည်။ သို့သော် ဗမာစွန်သည် သူ၏ အန္တရာယ်ကို သိသော်လည်း ရှောင် နိုင် တိမ်းနိုင်ရှာမည် ကျွန်တော် မထင်။ ဗမာစွန်သည် ကြိုးရစ်၍

သိမ်းလေ၊ အမြင့်သို့ ထောင်၍ တက်လေ၊ အပြင်းလွှင့်လာသော ကုလားစွန်နှင့် နီးကပ်သွားလေ ဖြစ်နေသည်။

မှန်စာကို မြနေအောင် တိုက်ထားသော အစွမ်းပြ မာန ကုလားစွန်သည် ဗမာစွန်ကို ဖြတ်ပါက မှန်စာတိုက်ထားလေ့ မရှိသော အလှပြ မေတ္တာ ဗမာစွန်သည် ပြတ်သွားမည်မှာ သေချာလှသည်။

ဤသို့ မာနကြီးတတ်သူက မေတ္တာ ထားတတ်သူကို အကြောင်းမဲ့ ချောင်ပိတ်၍ အနိုင်ကျင့် စော်ကားနေသည့် အဖြစ်မျိုးကို ကျွန်တော် ကြည့်မနေရက်ပါ။ ကျွန်တော့်အနေနှင့်လည်း ဘာမှ ကာကွယ် တားဆီးနိုင်စွမ်း မရှိပါ။ ထို့ကြောင့် ကျွန်တော်သည် မျက်ကြောကိုက်၍၊ ဇက်ကြော တင်း၍ မဖတ်ဘဲ ချထားသော ရှင်ဇနကာဘိဝံသ၏ "ကိုယ်ကျင့်အဘိဓမ္မာ" စာအုပ်ကို စိတ်မောမောဖြင့် ပြန်လှန် ဖတ်နေမိပါသတည်း။

မိဖြူ

(တက္ကသိုလ် ဝင်းမွန်)

မိဖြူသည် အမွေး ဆွတ်ဆွတ်ဖြူသော ကြောင်မကလေး ဖြစ်သည်။ ထိပ်တွင် အနက်ကွက်ကလေး ရှိသော်လည်း မသိသာလှ။ ဝင်းဖန့်သော မျက်လုံးရွဲကြီးများဖြင့် မော့်ကြည့်နေသောအခါတွင် မိဖြူသည် အလွန် ချစ်စရာ ကောင်းလှသည်။

မိဖြူကို ကျွန်တော် ချစ်ပါသည်။

မိဖြူ မရောက်ခင်က ကျွန်တော်တို့အိမ်တွင် ကြွက်များ သောင်းကျန်းလှသည်။ သူတို့ကြောင့် တစ်အိမ်သားလုံး သောကရောက်ကြရသည်။ ကြိုးတန်းမှ အဝတ်များကို သူတို့ လာကိုက်ဖြတ်၍ အမေက တဖျစ်တောက်တောက် ညည်းတွားသည်။ မီးဖိုချောင်တွင် ထမင်းအိုး၊ ဟင်းအိုးများကို တဂုံဂုံ တဂွမ်ဂွမ် သူတို့ လှန်လွှန်း၍ ဒေါ်မြကြီးကလည်း နေ့တိုင်း မေတ္တာပို့သည်။ စာအုပ်စင်ပေါ်မှ စာအုပ်များကို သူတို့ လာကိုက်ဖြတ်တတ်၍ ကျွန်တော်ကလည်း ဒေါပွသည်။ သူတို့သည် ခြင်ထောင်ဘေး ကြွက်လျှောက်တန်းမှ လည်းကောင်း၊ အိမ်မျက်နှာကြက်ပေါ်မှ လည်းကောင်း၊ မီးဖိုချောင်မှ လည်းကောင်း တကျွီကျွီ အသံပေး၍ လိုက်တမ်း ပြေးတမ်း ကစားတတ်ကြသည်။ ထို့ကြောင့် ညဥ့်နက်သန်းခေါင် အိပ်မောကျနေရာမှ ကျွန်တော်တို့ လန့်၍ လန့်၍ နိုးကြရသည်။

သည်ကြွက်များ ရန်ကြောင့် ဘကြီးအိမ်မှ မိဖြူကို ကျွန်တော် သွားတောင်းရသည်။ ဘကြီးက သူ့အိမ်တွင် ကြောင်သုံးကောင်မျှ ရှိသောကြောင့် မိဖြူကို ကြည်ကြည်သာသာ ပေးလိုက်ပါ၏။ မိဖြူကား ကြည်ကြည်သာသာ မလိုက်။ ဒေသစိမ်းကို စိုးရွံ့၍လား မသိ။ သူ့ကို ပွေ့ချီလာသော ကျွန်တော့်မျက်နှာကို ကုတ်ခြစ်လျက် ပြန်၍ ပြန်၍ ပြေးလေသည်။

လက်ထဲမှ မိဖြူ နှစ်ကြိမ်တိတိ ကုတ်ခြစ်၍ ထွက်ပြေးသောအခါတွင် ကျွန်တော်သည် မိဖြူကို အတင်းဖမ်း၍ ဂုန်နီအိတ်အတွင်းသို့ ထည့်သည်။ ဂုန်နီအိတ်အတွင်းသို့ မိဖြူ ရောက်သောအခါ ကြိုးဖြင့် စုစည်းလိုက်သည်။ မိဖြူသည် ဂုန်နီအိတ်အတွင်းမှ အသံကုန် အော်သည်။ ဂုန်နီအိတ်ကိုလည်း လက်သည်း၊ ခြေသည်းများဖြင့် အပြင်းအထန် ကုတ်ခြစ်သည်။ မိဖြူ လန့်ရှာပေလိမ့်မည်။ မိဖြူ ကြောက်ရှာပေလိမ့်မည်။ မိဖြူ လေမွန်း၍ အသက်ရှူ ကျပ်ရှာပေလိမ့်မည်။ ကျွန်တော် ညှာတာမိပါ၏။ ကိုယ်ချင်းစာမိပါ၏။ မလွှဲသာသောကြောင့် မိဖြူကို ကျွန်တော် ကြမ်းကြမ်းတမ်းတမ်း ဆောင်ယူခဲ့ရပါသည်။

မိဖြူ ရောက်သည့်နေ့မှ စ၍ ကြိုးတန်းမှ အဝတ်များလည်း ဘေးကင်းသည်။ စာအုပ်စင်မှ စာအုပ်များ ခမျာလည်း စိတ်ချမ်းသာရကြသည်။ မီးဖိုချောင်မှ ထမင်းအိုး၊ ဟင်းအိုးတို့သည်လည်း တဂုံဂုံ တဝွမ်ဝွမ် အသံမမြည်ရတော့။ ညဉ့်နက်သန်းခေါင် အိပ်မောကျရာမှလည်း ကျွန်တော်တို့ လန့်၍ လန့်၍ မနိုးရတော့။

မိဖြူကို အမေကလည်း ချစ်သည်။ ဒေါ်မြကြီးကလည်း ချစ်သည်။ ကျွန်တော်ကလည်း ချစ်ပါသည်။ မိဖြူကလည်း အမေ့ကို ချစ်သည်။ ဒေါ်မြကြီးကိုလည်း ချစ်သည်။ သို့သော် ကျွန်တော့်ကိုကား မိဖြူ မချစ်ဟု ကျွန်တော် ထင်သည်။

နံနက်ခင်း နေစာလှုံရင်း ကျွန်တော် စာဖတ်လေ့ရှိသည်။ ထို

အခါများ၌ ကျွန်တော့်နားတွင် မိဖြူ ရှိစေချင်သည်။ လေအဝှေ့တွင် တဖျပ်ဖျပ် လွင့်နေသော ခန်းဆီးစ ပြာပြာလေးကို လှမ်း၍ လှမ်း၍ လက်ဖြင့် ပုတ်ကာ၊ တို့ကာ မိဖြူ ကစားနေစေချင်သည်။ ဘောလုံးကို လက်ဖြင့် လှိမ့်ကာ၊ ပုတ်ကာ၊ ခုန်အုပ်ကာဖြင့် မိဖြူ ကစားနေစေချင်သည်။ ကျွန်တော့်ခြေထောက်များကို ခေါင်းဖြင့် တိုးခွေ့ကာ မိဖြူ ပွတ်သီး ပွတ်သပ် နေစေချင်သည်။ မလှမ်းမကမ်းမှနေ၍ ကျွန်တော့်မျက်နှာကို ဝင်းဖန့်သော မျက်လုံးရွဲကြီးများဖြင့် မိဖြူ မော်ကြည့်နေစေချင်သည်။ သို့သော် ကျွန်တော့်အနားတွင် ဘယ်အခါမှ မိဖြူ မရှိ။ ဘယ်အခါမျှ မိဖြူ မနေ။ ထိုအချိန်များတွင် မီးဖိုချောင်၌ အလုပ်များနေသော ဒေါ်မြကြီး အနားမှာသာ မိဖြူ သွား၍ ပရောပရည်နေတတ်သည်။ ကျွန်တော့်အနားတွင် ရှိစေချင်၍ 'မိဖြူ မိဖြူ လာလာ' ဟု သွား၍ ချော့ခေါ်သော်မှ သူ မလာ။

ညနေခင်း နေအေးချိန်၌ ခြံထဲတွင် ကျွန်တော်သည် ခြေခင်း လက်ခင်း ဆန့်လေ့ရှိသည်။ ထိုအခါ၌ မိဖြူသည် ကျွန်တော်နှင့်အတူ လိုက်ပါလေက မည်မျှကောင်းမည်နည်း။ ကြွေကျလာသော ဗန်ဒါရွက် ခြောက်များတို့ လေထဲ၌ ဝဲပျံနေချိန်တွင် မိဖြူ ခုန်၍ ခုန်၍ ဖမ်းကာ ရွက်ခြောက်တို့ဖြင့် တို့ထိ ကစားမြူးထူးနေသည်ကို ငေးမော၍ ကျွန်တော် ကြည့်ရပါက တစ်နေ့လုံး ပင်ပန်းခဲ့သမျှ စိတ်ကို အနားပေးနိုင်ပေလိမ့်မည်။ မြက်ခင်းစိမ်းစိမ်းနှင့် ပန်းပင်များကြားတွင် ဟိုသည် ဝဲပျံနေသော လိပ်ပြာရောင်စုံများကို မိဖြူ ဝပ်ကာ၊ ချောင်းကာ၊ ခုန်အုပ်ကာဖြင့် လိုက်၍ ဖမ်းနေသည်ကို စောင့်၍ ကျွန်တော် ကြည့်ရပါက တစ်နေ့လုံး ထိုင်းမှိုင်း လေးလံနေသောစိတ်ကို ပေါ့ပါးသွက်လက်အောင် ပြုနိုင်ပေလိမ့်မည်။ သို့သော် မိဖြူသည် ကျွန်တော် လမ်းလျှောက်ရာတွင် ဘယ်အခါမျှ လိုက်ပါလေ့မရှိ။ ကျွန်တော့် တောင့်တချက်တို့သည် လည်း ဘယ်အခါမျှ မပြည့်။

ကျွန်တော်သည် ဟင်းကောင်း ကျွေးကောင်းများဖြင့် နယ်ဖတ်၍ 'မိဖြူ မိဖြူ၊ မိန်မိန်' ဟု တကြော်ကြော် ခေါ်လျက် ကိုယ်တိုင် တယုတယ ကျွေးပါသည်။ မိဖြူသည် အဝေးမှသာ ကိုယ်ယောင်ပြနေသည်။ မိဖြူ လာ၍ကား မစား။ ကျွန်တော် မရှိသောအခါမှ မိဖြူ လာ၍ ဣန္ဒြေရရ စားသည်။ မိဖြူ ရှိရာသို့ ကျွန်တော် တမင်သွား၍ မြူချော့ကြည့်ပါသည်။ ထိုအခါများတွင်လည်း မိဖြူသည် ကျွန်တော့် အချော့အမြူကို မခံ။ ကျွန်တော် အနားကပ်သည်နှင့် မထီတထီ ခပ်တည်တည် ရှောင်၍ ရှောင်၍ သွားတတ်သည်။ မိဖြူကို ကျွန်တော် ချစ်သောကြောင့်၊ သံယောဇဉ် တွယ်သောကြောင့်၊ တစ်အိမ်တည်းတွင် အတူနေကြသူများဖြစ်၍ ရင်းရင်းနှီးနှီး ရှိစေချင်သောကြောင့် မိဖြူနှင့် ရင်းနှီးအောင် ကျွန်တော် အကြိမ်ကြိမ် ကြိုးစားသော်လည်း တစ်ခါမျှ မအောင်မြင်ခဲ့။ မိဖြူသည် ကျွန်တော့်ကို ဘာ့ကြောင့် ခပ်တန်းတန်း နေချင်ရပါသနည်း။ ဘာ့ကြောင့် ရှောင်ဖယ် ရှောင်ဖယ် ပြုချင်ရပါသနည်း။ ဘာ့ကြောင့် စိမ်းချင်ရပါသနည်း။

ကျွန်တော့်ကို မိဖြူ ရှောင်ဖယ် ရှောင်ဖယ် ပြုဖန်များသောအခါ ကျွန်တော်သည် မိဖြူအပေါ် မချစ်ချင်တော့။ သံယောဇဉ် မတွယ်ချင်တော့။ "သည်က ဤမျှ လိုက်လျောသည်ကိုမျှ မထောက်ထား။ စိမ်းနိုင်အားသည်။ သူချစ်မှ ကိုယ်ချစ်မပေါ့" ဟူသော စိတ်များ ဝင်လာတော့သည်။ ဤစိတ်များကြောင့်ပင် မိဖြူနှင့် ကျွန်တော် တဖြည်းဖြည်း စိမ်း၍ စိမ်း၍ သွားတော့သည်။ ကျွန်တော်ကလည်း ယောင်မှား၍ "မိဖြူ မိဖြူ" ဟု မခေါ်ချင်တော့။ မိဖြူကလည်း ဘယ်ခါမျှ ကျွန်တော့်အနားသို့ မလာ။

မိဖြူ ရောက်သည့်နေ့မှ စ၍ ကြွက်များရန်မှ ငြိမ်းသောကြောင့် ကျွန်တော်တို့ စိတ်အေးချမ်းသာ ရှိကြရပါသည်။ မိဖြူသည် သူ့တာဝန်

ကို ကျေပွန်သည်ဟု ဆိုနိုင်ပါ၏။ သို့ရာတွင် ကျွန်တော့်အဖို့ကား မိဖြူကို မွေးရကျိုး နပ်သည်ဟုပင် မထင်ချင်တော့။

လွန်ခဲ့သည့် လကမူ ခြံရှေ့ထွက်၍ မိဖြူ အဆော့တွင် ခွေးကိုက်ခံရသောကြောင့် မိဖြူ သေဆုံးသွားသည်။ မိဖြူ ဆုံးစဉ်က အမေသည် ဆွေမျိုးရင်းချာတစ်ဦး သေဆုံးသကဲ့သို့ စိတ်သောက ရောက်လေသည်။ ဒေါ်မြကြီးမှာမူ မိဖြူအတွက် မျက်ရည်ပင် ကျရှာသည်။ သို့သော် ကျွန်တော့် စိတ်၌ကား ကြေကွဲခြင်းလည်း မဖြစ်၊ နှမြောတသခြင်းလည်း မဖြစ်။ ကရုဏာလည်း မသက်မိ။ ကျွန်တော့်ကို မိဖြူ ရှောင်ဖယ် ရှောင်ဖယ် လုပ်ရကောင်းလား၊ စိမ်းရကောင်းလား၊ ရင်းရင်းနှီးနှီး ပွတ်သီးပွတ်သပ် မနေရကောင်းလား ဟူသော အတွေးဖြင့် မိဖြူအပေါ် စိတ်ချဉ်ပေါက်၍ မိဖြူ သေသည်ကိုပင် ဝမ်းမြောက်သလို ဖြစ်မိသည်။

ယခုအခါတွင် မိဖြူ ဆုံး၍ တစ်လကျော်လာပြီ။ ကျွန်တော့်သွေးလည်း အေးစပြုလာပြီ။ ကျွန်တော့်ကို မိဖြူ ရှောင်ဖယ် ရှောင်ဖယ် လုပ်သော်လည်း အမေနှင့် ဒေါ်မြကြီးကို မိဖြူ ရောရောဝင်ဝင် နေသည်။ ကျွန်တော့်ကို မိဖြူ ရင်းရင်းနှီးနှီး ပွတ်သီးပွတ်သပ် မနေသော်လည်း အမေနှင့် ဒေါ်မြကြီးကို မိဖြူ ရင်းရင်းနှီးနှီး ပွတ်သီးပွတ်သပ်နေသည်။ ကျွန်တော့်ကို မိဖြူ ရှောင်ဖယ်ရှောင်ဖယ် လုပ်ရခြင်းမှာလည်း သူ့ကို ဂုန်နီအိတ်တွင်းသို့ အတင်းအဓမ္မ ဖမ်းထည့်ပြီး ကြမ်းကြမ်းတမ်းတမ်း ခေါ်ဆောင်ခဲ့ဖူးသောကြောင့် ကျွန်တော့်ကို ကြောက်သွားသဖြင့် ကျွန်တော့်ကို ရှောင်ဖယ်ရှောင်ဖယ် လုပ်ခဲ့ခြင်း ဖြစ်နိုင်လေသည်။ ဤအချက်ကို ယခုအခါမှ ကျွန်တော် ဆင်ခြင်လာမိသည်။

"ဒေါသအပြစ်၊ မဖြစ်မမြောက်၊ မမုန်းလောက်သည်ကို အဆောက်အဦ အပြစ်ကြီးယူ၍" မိဖြူအပေါ်တွင် ငြိုးစူမာန်ဝင်ခဲ့သည့် အဖြစ်ကို ယခုအခါမှ ကျွန်တော် ဆင်ခြင်လာမိသည်။

မိဖြူ အကြောင်းမှ နှီးနွှယ်၍ မိမိလိုဘကိုသာ တစ်ဖက်သတ်

ကြည့်တတ်ကြသော လူ့သဘော၊ မိမိ အလိုသို့ မလိုက်သောကြောင့် မိမိဆန္ဒ မပြည့်ဝသောကြောင့် သူတစ်ဖက်သားအား လျစ်လျူရှုတတ် ရန်ငြိုးသိုတတ် နှိမ်တတ် ချုပ်ချယ်တတ်သော လူ့သဘော၊ မိမိအလိုသို့ လိုက်သောကြောင့် မိမိဆန္ဒကို ဖြည့်စွမ်းသောကြောင့် အရေးပေးတတ် မျက်နှာလိုက်တတ် ချီးမြှင့်တတ် မစတတ်သော လူ့သဘော၊ ဤလူ့ သဘော လူ့သဘာဝတို့ကို ယခုအခါမှ ကျွန်တော် ဆင်ခြင်လာမိသည်။

ကျွန်တော်သည် အိမ်မွေး သတ္တဝါငယ်လေး အပေါ်တွင် "အတ္တ မာန" ကဲ၍ စိတ်ထား ကျဉ်းမြောင်းခဲ့သည့် အဖြစ်ကို တွေးမိ၍ ကျွန် တော် တစိမ့်စိမ့် ရှက်လာပါသည်။ နောင်အခါ၌ စိတ်ထားကျဉ်းမြောင်း သောသူ မဖြစ်ရအောင် ကျွန်တော် ကြိုးစားရပေဦးတော့မည်။

ဆားဒယ်

(တက္ကသိုလ် ဝင်းမွန်)

ငယ်စဉ်က ဆားဒယ် စီး၍ ပျော်ခဲ့သည်များကို ကျွန်တော် မကြာမကြာ သတိရနေပါသည်။ ကျွန်တော်တို့ ရွာကလေးသည် မိုးတွင်းအခါ၌ "ရေပတ်လည်ဝိုင်းသော ကုန်းမြေ" ဟူသော စကားကို အမှတ်ရစရာ ကောင်းလှသည်။ ကျွန်တော်တို့ တောင်ပိုင်း၌ ရေပတ်လည် အဝိုင်းဆုံး ဖြစ်သည်။ ကျွန်တော်တို့ အိမ်ကုန်း တစ်ခုလုံးသည် ရေအောက်၌ ခေါင်းလျှိုးနေသည်။ အိမ်ရှေ့ရှိ လမ်းမကြီးသည် နွေအခါက ဖုန်တထောင်းထောင်း ထ ခဲ့သည်။ ခလောက်သံ၊ ခြူသံတို့ဖြင့် ဆူညံခဲ့သည်။ ယခုအခါ၌ကား လမ်းမကြီးသည် ရေအောက်တွင် စုပ်စုပ်မြုပ်နေပေပြီ။ လှည်းတို့အစား လှေတို့ လူးလာနေပေပြီ။ ချောင်းကြီး ဖြစ်နေပေပြီ။ ရေကား မနက်လှ။ ပေါင်လယ်လောက် ခါးလောက်သာ ရှိသည်။ သည်ချောင်းရိုးတစ်လျှောက်၌ ကျွန်တော်တို့သည် ဆားဒယ် စီး၍ အပျော်ကြီး ပျော်ခဲ့ကြသည်။

ဆားဒယ်မှာ လေးပေပတ်လည်ခန့် သံဒယ်ပိုင်းကြီး ဖြစ်သည်။ အဝိုင်း မဟုတ်၊ လေးထောင့် ဖြစ်သည်။ ဖောက်မှာ မနက်လှ။ ခြောက်လက်မခန့်သာ ရှိသည်။ ရွာအရှေ့ပိုင်းမှ သံဖြူဆရာကြီး ဦးလှ၏ တဲကုပ်ထွက်ပစ္စည်း ဖြစ်သည်။ ကျွန်တော့်မိဘများသည် တပေါင်း

တန်ခူး ဆားမြေတက်ချိန်၌ စစ်တောင်းမြစ် ကမ်းခြေရှိ သစ်ဖြူရွာ၊ ရွာသစ်ရွာတို့ကို ဆားမြေခြစ်ရန် နံနက် ဝေလီဝေလင်းတွင် နွားလှည်းကြီးများဖြင့် ထွက်သွားတတ်ကြသည်။ ညနေစောင်းတွင် နွားလှည်းကြီးများဖြင့် အပြည့် ဆားမြေများ တိုက်၍ လာတတ်ကြသည်။ ထိုဆားမြေများကို ရေဖြင့်ဖျော်၍ ဆားရည်စင်ပေါ်သို့ လောင်းကြသည်။ ထိုဆားရည်စင်ပေါ်မှ ကျသော ဆားရည်သန့်သန့်များကို ဆားဒယ်ကြီးများတွင် ထည့်၍ ကောက်ရိုးမီးဖြင့် ချက်ကြသည်။ ကောက်ရိုး ခြောက်ပွေ့ ခုနစ်ပွေ့ခန့် ကုန်လျှင် ဆားတစ်ဒယ် ကျတော့သည်။ ထိုဆားဒယ်ကြီးများ အငှုလုပ်စခန်းသည် မိုးတွင်းအခါ၌ သိမ်းပြီ။ အလုပ်အား၍ အနားယူပြီ။ ထ[illegible]စင်ပေါ်တွင် အမြိန့်သား ဖိမ့်ခံနေပြီ။ သို့သော် ကျွန်တော်တို့ကား သူတို့ကို အနားမပေးနိုင်ပြီ။ ထ[illegible]စင်ပေါ်မှ သူတို့ကို အတင်းဆွဲခေါ်၍ ချောင်းရိုးတစ်လျှောက်တွင် အမှုထမ်းစေတော့သည်။

ကျွန်တော်တို့ရွာတွင် အိမ်တိုင်းလိုလိုပင် ဘောက်တူ လှေများ ရှိကြပါသည်။ သို့သော် လယ်ကိစ္စ၊ အရပ်ကိစ္စများကြောင့် ဘောက်တူကို အနားမနေရအောင် လူကြီးများ အသုံးပြုလွန်းသည်။ လူကြီးများ အားမှ လစ်မှ စီးခွင့်ရသည်။ လှော်ခွင့်ရသည်။ ဘောက်တူကို လှော်၍ ပျော်ရသည်မှ မကြာသေး။ သူတို့ တကြော်ကြော် အော်ဟစ် ခေါ်တော့သည်။ ဘောက်တူနှင့် သွားစရာကိစ္စ သူတို့မှာ ပေါ်တော့သည်။ ကျွန်တော်တို့ကိုလည်း "ဆော့လွန်းသည်၊ ကမြင်းလွန်းသည်" ဟု သူတို့ ဆူပူကြိမ်းမောင်းတော့သည်။ အိမ်ရှိ ဘောက်တူသည် ကျွန်တော်တို့ ကလေးများနှင့် လုံးဝ မသက်ဆိုင်ဘိသကဲ့သို့ ရှိလှသည်။ ချောင်းရိုး တစ်လျှောက်၌ ကျွန်တော်တို့သည် ဘောက်တူ စီး၍ ပျော်ခွင့် မရ။ ဆားဒယ် စီး၍သာ ပျော်ခဲ့ကြရသည်။

ဆားဒယ် စီးရသည်မှာ ဘောက်တူ စီးရသည်နှင့် မတူ။ ဘောက်တူ စီးရသည်မှာ သက်သောင့်သက်သာ ရှိလှသည်။ မြန်မာစကားပုံတစ်ခု

ရှိသည်။ "လေအဆင်း မြင်းအတက် ခက်သတဲ့"။ ဘောက်တူကား အဆင်းလည်း လွယ်သည်။ အတက်လည်း လွယ်သည်။ အတက် မတော် ၍လည်း တိမ်းမှာ စောင်းမှာ မှောက်မှာ မပူရ။ အဆင်း မတော်၍လည်း တိမ်းမှာ စောင်းမှာ မှောက်မှာ မပူရ။ ဘောက်တူပေါ်သို့ရောက်၍ တက် ဖြင့် တစ်ဖက်သတ် လှော်လည်း ရသည်။ ဘယ်ဘက် ညာဘက် မျှ၍ လှော်လည်း ရသည်။ ဘောက်တူကို ပဲ့ကိုင်ရသည်မှာ မခက်လှ။ ပဲ့ကို သာမန်ကိုင်တတ်ရုံဖြင့် ရည်မှန်းရာသို့ ချောချောမောမော ဖြူးဖြူး ဖြောင့် ဖြောင့် တန်းတန်းမတ်မတ် ရောက်သည်။

ဆားဒယ် စီးရသည်မှာ ပင်ပင်ပန်းပန်း ရှိလှသည်။ ဆားဒယ် ကား အဆင်းလည်း ခက်သည်။ အတက်လည်း ခက်သည်။ ဆားဒယ် မှာ ပက်ကလန်ကြီး ဖြစ်သည်။ လူတစ်ယောက်၏ ဝန်လောက်သာ ထမ်းနိုင်ရှာသည်။ လူတစ်ယောက် အပေါ်သို့ တက်မိသည်နှင့် ရေ မျက်နှာပြင်ထက် သုံးလက်မခန့်သာ ခေါင်းဖော်နိုင်ရှာတော့သည်။ ထို့ ကြောင့် ဆားဒယ်သည် အတိမ်းအစောင်း မခံ။ တိမ်းမှာ စောင်းမှာ မှောက်မှာ အလွန်ပူရသည်။ အတက် မတော်ပါကလည်း ဆားဒယ် မှောက်သည်။ အဆင်း မတော်ကလည်း ဆားဒယ် မှောက်သည်။ ဆားဒယ် ပေါ်သို့ တက်သည့်အခါ ဆားဒယ်၏ နှုတ်ခမ်းစွန်း နှစ်ဖက်ကို လက်ဖြင့် တည်တည်ငြိမ်ငြိမ် ထိန်း၍ ကိုင်ရသည်။ ထို့နောက် ဆားဒယ်၏ အလယ်တည့်တည့်သို့ကျအောင် ကြိုးစား၍ တက်ထိုင်ရသည်။ ဤသို့ အလွန်ဂရုထား၍ ကြိုးစားပြီး တက်ပါမှ ဆားဒယ် မမှောက်ဘဲနေသည်။ သို့သော် ဟိုယိမ်း သည်ထိုး လှုပ်လှုပ်ရှားရှား လူးလူးလွန့်လွန့်ကား ဖြစ်လိုက်သေးသည်။ ဆားဒယ် ငြိမ်၍ အထိုင်ကျသောအခါမှ လှော်ခွင့် ရသည်။ ကျွန်တော်တို့သည် ဆားဒယ်ကို တက်ဖြင့် မလှော်ကြ။ ကိုယ် ကို အနည်းငယ် ရှေ့သို့ညွတ်၍ ကိုင်း၍ လက်ဖြင့် ယက်ကြ လှော်ကြ သည်။ ယက်ရာ၌ ဘယ်ညာမျှ၍ ယက်ရသည်။ တစ်ဖက်သတ်ကျုံးကာ

ယက်၍မရ။ ဘယ်ညာမမှားဘဲ ဘယ်လက်ဖြင့် ကျုံး၍ ယက်လိုက်ပါက လက်ယာရစ် ချာချာလည်သွားပေလိမ့်မည်။ ညာလက်ဖြင့် ကျုံး၍ ယက်ပါက လက်ဝဲရစ် ချာချာလည်သွားပေလိမ့်မည်။ ဘယ်ညာမှျ၍ ထိန်းယက်နိုင်ပါမှ ဆားဒယ်သည် ဝဲ့ကာလည်ကာ ယိမ်းကာ ယိုင်ကာ ဖြင့် ရည်မှန်းရာသို့ တရွေ့ရွေ့ တဖြည်းဖြည်း ကွေ့၍ စောင်း၍ ရောက်သည်။

မိမိ ရည်မှန်းရာသို့ မရောက်ခင်၌ ဆားဒယ် မှောက်မသွားရအောင်၊ ရည်မှန်းရာသို့လည်း ရောက်အောင် ဆားဒယ်ကို ယက်ရ လှော်ရသည်မှာ မလွယ်။ ကျွမ်းကျင်မှု လိုသည်။ ကိုယ်ကို တည်တည်ငြိမ်ငြိမ်ထားတတ်ဖို့ လိုသည်။ စိတ်ရှည်ဖို့ လိုသည်။ ဖွဲ့ကောင်းဖို့ လိုသည်။ လုံ့လရှိဖို့ လိုသည်။ ဤအချက်များမှ တစ်ချက်ချက် လစ်ဟင်းသည်နှင့် ဆားဒယ်သည် ရည်မှန်းရာသို့ မရောက်။ မှောက်၍ မှောက်၍ သွားတတ်သည်။

သို့သော် ကျွန်တော်တို့ကား ချောင်းရိုးတစ်လျှောက်၌ ဆားဒယ်ကိုယ်စီဖြင့် ချာလည် ချာလည် ဖြစ်နေရသည်ကိုပင် ပျော်ကြသည်။ ဝမ်းမြောက်ကြသည်။ ရည်မှန်းရာသို့ မရောက်ဘဲ ဆားဒယ်ကိုယ်စီဖြင့် ကျွန်တော်တို့ သူငယ်ချင်းတစ်သိုက် ချာလည်ချာလည် ဖြစ်နေစဉ်၊ အခြားသူများသည် ဘောက်တူများ လှေကြီး လှေလေးများဖြင့် ကျွန်တော်တို့ကို ဖြတ်ကျော်၍ ရည်မှန်းရာသို့ ချောချောမောမော ဖြောင့်ဖြောင့်တန်းတန်း သွားကြသည်ကို တွေ့ကြရသည်။ ကြုံကြရသည်။ ထိုအခါ သူတို့အတွက် ကျွန်တော်တို့သည် မည်သို့မျှ စိတ်မလှုပ်ရှားကြ။ သူတို့ကို ဝမ်းပန်းတသာ အော်ဟစ်၍ နှုတ်ဆက်လိုက်ကြသေးသည်။ ကျွန်တော်တို့ လူသိုက်ထဲမှ တစ်ယောက်ယောက်၏ ဆားဒယ် အခန့်မသင့်၍ မှောက်သွားပါက 'မင်းက ရောက်လိုဇော အားကြီးပြီး သိပ် ကျုံးယက်တာကိုးကွ။ မှောက်မှာပေါ့။ ဖြည်းဖြည်းပေါ့ ဖြည်းဖြည်း။ လောမကြီးနဲ့။

ကိုယ့်ကိုယ်ကိုလည်း ထိန်းဦးကွ' ဟု ဝိုင်း၍ သတိပေးတတ်ကြသည်။ စ တတ်ကြသည်။ ပြောင်တတ်ကြသည်။ ဆားဒယ် မှောက်သွားသည့် သူကလည်း သူ့ကို စ၍ ပြောင်၍ စိတ်မဆိုး။ ဒေါမပွ။ စပ်ဖြီးဖြီးနှင့် နှုတ်တုံ့ပြန်သည်။ သူ့ဆားဒယ်ကို ပြန်၍ဆယ်ကာ တည့်ကာ ပြန်၍ ဆားဒယ် စီးပြန်သည်။ ဖွဲမလျှော့။ ဆားဒယ် စီး၍ ကျွန်တော်တို့ အားရသောအခါ၌ ရေထဲတွင် တဝုန်းဝုန်း တပျော်တပါး ကူးခတ် ဆော့ကစား တတ်ကြသည်။

ရွာကို ခွာ၍၊ သူငယ်ချင်းများကို ခွဲ၍ ကျွန်တော် ထွက်လာခဲ့သည်မှာ ကြာပြီ။ သို့သော် ရွာကို ကျွန်တော် မမေ့။ သူငယ်ချင်းများကိုလည်း ကျွန်တော် မမေ့။ သူတို့နှင့် ချောင်းရိုးတစ်လျှောက် ဆားဒယ် စီး၍ ပျော်ခဲ့ကြသည်များကိုလည်း ကျွန်တော် မမေ့။ သို့သော် ရွာသို့ကား တစ်ခေါက်မျှပင် မရောက်နိုင်ခဲ့။ သူငယ်ချင်းများနှင့်လည်း မတွေ့နိုင်ခဲ့။ ကိုယ့်အလုပ်နှင့်ကိုယ် ချာလပတ်လည်၍ အားသည်ပင် မရှိနိုင်ခဲ့။

အလုပ်အကိုင်နှင့် ဖြစ်လာသောအခါ ကိုယ့်အလုပ် ကိုယ့်တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ရသေးသည်။ ကိုယ့်အလုပ် ကိုယ့်တာဝန်နှင့် ပတ်သက်သော လေ့လာစရာ ဆည်းပူးစရာများကိုလည်း လေ့လာရသေးသည်။ ဆည်းပူးရသေးသည်။ ထို့ပြင် ကိုယ်ရေးကိုယ်တာကိစ္စ၊ ဆွေရေးမျိုးရေးကိစ္စ၊ ရပ်ရေးရွာရေးကိစ္စ၊ သာရေးနာရေးကိစ္စ၊ ကိစ္စပေါင်း သောင်းခြောက်ထောင် ရှိသေးသည်။ လူ့ဘောင် လူ့အသိုင်းအဝိုင်းတွင် နေ၍ သည်လူ့ကိစ္စများကို ရှောင်၍ တိမ်း၍ မရ။ အဆင်ပြေအောင် ဆောင်ရွက်ကြရသည်။ ဤသို့ဖြင့် ဘဝရေစီးကြောင်းထဲတွင် တဝဲလည်လည် မျောပါနေရသည်။ သည်ကြားတွင်းမှ ကိုယ့်တိုးလမ်း တက်လမ်းအတွက် ကြံစည်ရသေးသည်။ တယက်ကန်ကန် ချွေးသံထွက်အောင် ကြိုးစားရသေးသည်။ ထိုအခါ မိမိ ရည်မှန်းချက်သို့ ချောချောမောမော ဖြောင့်ဖြောင့်တန်းတန်း ဆိုက်ရလေအောင်၊ မိမိဆန္ဒ ပြည့်ဝ

လေအောင် တိုး၍ ကြိုးစားရပြန်သည်။ ယက်ကန်ရပြန်သည်။ လှော်ခတ်ရပြန်သည်။ ထို့ကြောင့် ဘဝသည် ချာလည် ချာလည်နှင့် လည်၍ မဆုံး ဖြစ်ရပြန်သည်။ သို့သော် ကိုယ့်မျှော်လင့်ချက်ဖြင့် ကိုယ်မို့ ပင်ပန်းသော်မှ ပင်ပန်းသည်ဟု မမှတ်ထင်။ ပျော်သည်။ ရွှင်သည်။

သို့သော် တချို့သော သူတို့သည် ကျွန်တော်တို့နှင့် အရည်တူ အချင်း များ ဖြစ်ကြပါလျက် ကျွန်တော်တို့လို တယက်ကန်ကန် ချွေးသံထွက် အောင် မကြိုးစား မလုပ်ဆောင်ရဘဲ သက်သောင့်သက်သာဖြင့် ပန်းတိုင် သို့ ဝင်၍ ဝင်၍ သွားကြသည်။ တယက်ကန်ကန် ချွေးသံထွက်အောင် ကြိုးစားရသော ကျွန်တော်ကား ပန်းတိုင်နှင့် မနီး၊ ချာလည် ချာလည်နှင့် ကျန်နေရပေသည်။ ထိုအခါ ကျွန်တော့်တွင် လှော်ချင် ခတ်ချင်စိတ်များ ပျောက်၍ ပျောက်၍ သွားတတ်သည်။ အမည်မတပ်နိုင်သော ခံပြင်းခြင်း ဖြစ်ပေါ်လာတတ်သည်။ စိတ်ဝမ်းငယ်ခြင်း၊ အားလျော့ခြင်း၊ ဆုတ်နစ် ခြင်းများ ဖြစ်ပေါ်လာတတ်သည်။ "ငါ့ဘဝနှယ် ဆားဒယ် စီးရသလို ပါပဲလား" ဟု ညည်းတွားမိတတ်သည်။ ထိုမှတစ်ဆင့် ချောင်းရိုးတစ် လျှောက်၌ ကျွန်တော်တို့ ဆားဒယ် စီး၍ ပျော်ခဲ့ကြသည်များကို ပြန်၍ ပြန်၍ အမှတ်ရလာမိသည်။

ကျွန်တော် ဆားဒယ် စီးခဲ့စဉ်က ချောင်းရိုးတစ်လျှောက်၌ ဆား ဒယ်ဖြင့် ချာလည်ချာလည် တယက်ကန်ကန် ချွေးသံထွက်နေချိန်တွင် တချို့သော သူများသည် ဘောက်တူများ၊ လှေကြီးလှေငယ်များဖြင့် ကျွန်တော်တို့ကို ဖြတ်၍ ကျော်၍ ရည်မှန်းရာသို့ ချောချောမောမော ဖြောင့်ဖြောင့်တန်းတန်း ပန်းဝင်၍ သွားတတ်ကြသည်။ ထိုစဉ်က ကျွန် တော် အားလျော့ခြင်း၊ ဆုတ်နစ်ခြင်း ဖြစ်ခဲ့ပါသလော။ ဖြစ်ခဲ့သည်ဟု ကျွန်တော် အမှတ်မရ။ သူတို့အတွက် ဝမ်းမြောက်ခြင်းပင် ဖြစ်ခဲ့သေး သည်ကို အမှတ်ရနေမိသည်။ ကလေးအရွယ် လူမမည် အခါကပင် အားလျော့ခြင်း၊ ဆုတ်နစ်ခြင်း မရှိဘဲ ကိုယ့်အားကိုယ်ကိုး၍ ကိုယ့်လှေ

ဖြင့် ကိုယ်ပျော်နိုင်သေးသည်။ ယခုအခါ အရွယ်လည်း မြောက်နေပြီ။ ပညာ အဆင်အခြင်လည်း အတော်အသင့် ရှိနေပြီ။ အတွေ့အကြုံလည်း အသင့်အတင့် ရနေပြီ။ ယခုလို အခါတွင်မှ ကျွန်တော်သည် အားလျော့ခြင်း၊ ဆုတ်နစ်ခြင်းများ ဖြစ်သင့်ပါသလော။ ငယ်စဉ် အခါကကဲ့သို့ သတ္တိ မကောင်းတော့ပြီလော။ ဖွဲ့မကောင်းတော့ပြီလော။ ဆားဒယ်စီး၍ မပျော်နိုင်တော့ပြီလော။ ဤသို့ ကိုယ့်ကိုယ်ကို ကျွန်တော် ဆုံးမရသည်။ သတိပေးရသည်။ ထိုအခါမှ စိတ်နှလုံး အေးချမ်းလာတော့သည်။ ထို့ပြင် အားသစ်တို့ ဝင်လာသည်။ စိတ်သစ်တို့ ဝင်လာသည်။ အားမလျှော့ပြီ။ မဆုတ်နစ်ပြီ။

ကျွန်တော်သည် ဘဝရေစီးကြောင်းတွင် ဆားဒယ် စီးရမည်ကို မကြောက်တော့ပြီ။ ချာလည်ချာလည် ဖြစ်စေဦးတော့၊ ဘဝရေစီးကြောင်းတွင် ဆားဒယ်ကို ပျော်ပျော်ကြီးစီး၍ ကျွန်တော် မမောမပန်း ကြိုးပမ်းလှော်ခတ်ရဲလေပြီ တကား။

မနက်စောစော

(မောင်ဇော်)

ကျွန်တော့်မျက်လုံးများသည် ဖန်၍ နေကြလေပြီ။ ကျိန်းစပ်သော ဝေဒနာကိုလည်း ခံစားနေရသည်။ မျက်ရည်ပူများကလည်း မျက်လုံးအိမ်ဝယ် စုလျက်နေ၏။ နားထင် တစ်ဖက်တစ်ချက်ကို တူကြီးများဖြင့် တဒိန်းဒိန်း ထုနေသည်အလားဟု ထင်ရလောက်အောင် ခေါင်းကိုက်နေပါသည်။ ကျောရိုးတစ်လျှောက်တွင် တုတ်ချောင်း လျှိုထားသကဲ့သို့ တောင့်တင်းနေသည်မှာလည်း အခံရ ခက်လှပါသည်။ မျက်နှာတစ်ခုလုံးလည်း ချွေးဆီများပြန်ကာ စေးကပ်ကပ် စေးထန်းထန်း ဖြစ်နေ၏။ နေရ ထိုင်ရသည်မှာ မသက်သာလှပါ။ အဘယ့်ကြောင့်ဆိုသော် မနေ့ညက တစ်ညလုံး အိပ်မရသောကြောင့် ဖြစ်ပါသည်။

ယခု အရုဏ်ကျင်း၍ လင်းတော့မည်။ ပြတင်းပေါက်မှ မျှော်ကြည့်သော် အရှေ့ဆီမှ ရောင်နီကို မြင်ရ၏။ သည်စားပွဲတွင်၊ သည်ကုလားထိုင်ပေါ်တွင် ထိုင်ရင်း တစ်ည လွန်မြောက်ခဲ့ပေပြီ။ လက်ဖက်ရည်ကြမ်း အအေးကို တစွတ်စွတ်သောက်ရင်း တစ်ညလုံး အလုပ်လုပ်ခဲ့သည်။ ယခု မိုးလင်းတော့မည်။ နာရီပြန် တစ်ချက်နှင့် သုံးနာရီကြားတွင် အိပ်တော့မည်ဟု ကြိမ်ဖန်များစွာ ကြံခဲ့မိ၏။ သို့သော် မအိပ်ဖြစ်။

လက်ဖက်ရည်ကြမ်း သောက်လိုက်၊ လမ်းလျှောက်လိုက်နှင့် မအိပ်ဖြစ်အောင် ကြိုးစားကာ အလုပ် ဆက်၍ လုပ်ခဲ့သည်။ သုံးနာရီအကျော် လေးနာရီ အကူးလောက်တွင် မျက်စိပြန်ကျယ်လာသည်။ ယခု အိပ်၍ မရတော့ပါ။ အိပ်ချင်စိတ်ကား ရှိ၏။ အိပ်ရာ နူးနူးညံ့ညံ့ ထွေးထွေးနွေးနွေးကလေး တစ်ခုပေါ်တွင် ပက်လက်လှန်၊ ကျောစန့်ကာ အိပ်လိုက်ရလျှင် အလွန့်အလွန် အရသာ ရှိပေမည်ဟု စဉ်းစားမိ၏။ သို့သော် ယခု ကျွန်တော် အိပ်၍ မရတော့ပါ။

စားပွဲက ထ၍ တံခါးကိုဖွင့်ကာ ဆင်ဝင်ဘက်သို့ ထွက်ခဲ့ပါသည်။ မိုးမိထားသော ဝါဂွမ်းများနှင့် တူသည့် တိမ်ဆိုင်များကို အရှေ့ကောင်းကင် တစ်ဝိုက်တွင် တွေ့ရ၏။ တိမ်များ၏ အရောင်သည် တောက်၏။ ရောင်နီသည်လည်း ပြန့်ပြန့်လွင်လွင် ရှိလှ၏။ သို့သော် ကောင်းကင်ဝမှ ထိုအရောင်များသည် လမ်းမီးများ၏ အရောင်ကို မထိုးဖောက်နိုင်သေးပေ။ အပြာရောင်လဲ့လဲ့ ရှိသော်လည်း လမ်းမီးများကား ထိန်လင်းထွန်းတောက်လှ၏။ တစ်တိုင် နှစ်တိုင် သုံးလေးတိုင် ကြိုးကြားတည်ရှိနေသော လမ်းမီးတိုင်များသည် အဝေး အမှောင်တွင်းသို့ တိုးဝင်ပြေးသွားနေသည်နှင့် တူ၏။ ကတ္တရာစေး လမ်းမကား ပြောင်လက်နေ၏။ ဆေးဖြူဖြင့် ရေးထားသော လမ်းပြ ကားကွေ့မျဉ်းများသည် ကတ္တရာစေး လမ်းပေါ်တွင် ထင်းနေ၏။ လမ်းပေါ်တွင် လူသွားလူလာ ရှင်းသေး၏။ ရံဖန်ရံခါ အရှိန်ပြင်းစွာ မောင်းဝင်လာသော ပန်းကားများ၊ ဟင်းသီးဟင်းရွက် ကားများလောက်သာ တွေ့ရ၏။ အကောင်သေးသလောက် အသံကျယ်သော သုံးဘီးကလေးများ ဒုန်းပြေး၍ သွားသည်ကိုလည်း တွေ့ရ၏။ အလုပ်သမား အပြည့်တင်လာသော အလုပ်သမား ကားကြီးများကိုလည်း မြင်ရ၏။ ဆိုက်ကားများလည်း လှုပ်ရှားစပြုပေပြီ။

ဆိုက်ကားများ လှုပ်ရှားစ ပြုကြသည်နှင့် တစ်ပြိုင်နက် လမ်းမ

သည် အသက်ဝင်၍ လာတော့သည်။ လူသံသူသံ ကြား၍ လာတော့သည်။ ခရီးသည်များကို တင်ကာ ဟိုမှသည်မှ၊ သည်မှဟိုမှ လူးလာ တုံ့ခေါက် ပို့ဆောင်နေကြသော ဆိုက်ကားများကို တွေ့ရပေပြီ။ အချို့သည် ခရီးသည် မပါသောကြောင့် သီချင်းတအေးအေးနှင့် ဖြည်းဖြည်း နင်းသွားကြ၏။ အချို့လည်း အလျင်လိုသော ခရီးသည်များကို တင်ဆောင်ကာ အမြန်နင်း၍ သွားကြ၏။ လမ်းကြိုလမ်းကြားမှ ဆိုက်ကားများ ထွက်၍ ထွက်၍ လာကြ၏။ ထိုဆိုက်ကားများပေါ်တွင် မိန်းမငယ်များ ပါ၍ ပါ၍ လာတတ်ကြ၏။ ပွသောဆံပင်၊ တွန့်ကြေလျော့ရဲသော အဝတ်အစား၊ နွမ်းနယ်လေးလံသော အမူအရာများကို ထိုမိန်းမငယ်များတွင် အထင်အရှား တွေ့မြင်ရပါသည်။ သည်ဆိုက်ကားများ ဘယ်က လာ၍ ဘယ်ကို သွားကြမည်ကို ကျွန်တော် မသိပါ။ မိန်းမငယ်များနှင့် အတူ ဟိုလမ်းကြို သည်လမ်းကြား အမှောင်ထဲသို့ပင် တိုးဝင်ကာ ပျောက်ကွယ်သွားကြ၏။ သည်မိန်းမများ ဘယ်က လာကြသနည်း။ သည်မိန်းမငယ်များ ဘယ်က လာကြပါသနည်း။

ကျွန်တော် စဉ်းစားပါသည်။ ကျောင်းသူတစ်ဦးသည် နံနက် ၉ နာရီတွင် ကျောင်းတက်ကာ၊ ညနေ ၄ နာရီတွင် ကျောင်းဆင်း၍ အိမ်ကို ပြန်ရ၏။ စာရေးမ တစ်ဦးသည် နံနက် ၉ နာရီတွင် ရုံးတက်ကာ၊ ညနေ ၄ နာရီတွင် ရုံးဆင်း၍ အိမ်ကိုပြန်၏။ ဈေးသည်မ တစ်ဦးသည် နံနက် ၉ နာရီတွင် ဈေးထွက်ကာ၊ ညနေ ၄ နာရီတွင် ဈေးသိမ်း၍ အိမ်ကို ပြန်၏။ သည်မိန်းမငယ်များကကော။ လောကတွင် ယောကျ်ားတိုင်း၊ မိန်းမတိုင်း၊ လူတိုင်းသည် မိမိ တစ်ဝမ်းတစ်ခါး လုပ်ရေးအတွက် အလုပ်လုပ်ကြ၏။ လူတိုင်းသည် ဘဝရပ်တည်မှုအတွက် လှုပ်ရှားရ၏။ ရုန်းကန်ရ၏။ လူတိုင်း အလုပ်လုပ်ရသည်ပင်။ ဆုံလည်ကုလားထိုင်ပေါ်တွင် ထိုင်၍ ပန်ကာအောက်တွင် အလုပ်လုပ်ရသူနှင့် မြေကြီးပေါ်တွင် ထိုင်ကာ နေပူထဲတွင် အလုပ်လုပ်ရသူ ဟူ၍သာ ကွာခြား၏။

သူတောင်းစားသည် တောင်းစားသော အလုပ်ကို လုပ်၏။ ဆိုက်ကားသမားသည် ဆိုက်ကားနင်းသော အလုပ်ကို လုပ်၏။ လယ်သမားသည် လယ်စိုက်သော အလုပ်ကို လုပ်၏။ တောင်သူသည် ယာလုပ်သော အလုပ်ကို လုပ်၏။ ကျောင်းသားသည် စာသင်သော အလုပ်ကို လုပ်၏။ ဝိပဿနာ သမားသည်ပင်လျှင် တရားထိုင်သော အလုပ်ကို လုပ်သေး၏။ သူတောင်းစားသည် အလုပ်လုပ်ရန် ဈေးလမ်းဆုံသို့ သွားရ၏။ ဆိုက်ကားသမားသည် အလုပ်လုပ်ရန် ခရီးသည် ရှိရာသို့ သွားရ၏။ လယ်သမားသည် အလုပ်လုပ်ရန် လယ်တောသို့ သွားရ၏။ တောင်သူသည် အလုပ်လုပ်ရန် ယာတောသို့ သွားရ၏။ ကျောင်းသားသည် အလုပ်လုပ်ရန် စာသင်ခန်းသို့ သွားရ၏။ ဝိပဿနာသမားသည်လည်း အလုပ်လုပ်ရန် ဆိတ်ငြိမ်ရာ အရပ်သို့ သွားရ၏။ အလုပ်ပြီးသောအခါ အားလုံး အိမ်ပြန်ကြ၏။ အလုပ်လုပ်ရန် အလုပ်ရှိရာ အရပ်သို့ သွားရသူချည်းပင်။ မိမိ၏ ဖြစ်ရာ တည်ရာ အရပ်နှင့် အလုပ်ရှိရာ အရပ်တို့၏ စပ်ကြားခရီးသည် လူ၏ ဘဝလမ်းကြောင်းပင် ဖြစ်ပေသည်။

သည်မိန်းမငယ်များ ဘယ်က လာကြပါသနည်း။ သူတို့ဘဝ၏ ဖြစ်ရာ တည်ရာ အရပ်တို့ကား အဘယ်မှာနည်း။ သူတို့ အလုပ်ရှိရာ အရပ်များကား အဘယ်မှာနည်း။ သည်မိန်းမငယ်များ ဘယ်ကို သွားနေကြပါသနည်း။

ကျောင်းသူကလေးများသည် ကျောင်းဆင်း၍ အိမ်ကို ပြန်၏။ စာရေးမကလေးသည် ရုံးဆင်း၍ အိမ်ကို ပြန်၏။ ဈေးသည်မကလေးသည် ဈေးသိမ်း၍ အိမ်ကို ပြန်၏။ ကျောင်းမှ ရုံးမှ ဈေးမှ အလုပ်ပြီး၍ အိမ်ကိုပြန်ကြသော ကျွန်တော့်နှမကလေးများကို မြင်ရလေတိုင်း မနက်စောစော ပွရောင်း ခြောက်သွေ့သော ဆံပင်၊ တွန့်ကြေလျော့ရဲသော အဝတ်အစား၊ နွမ်းနယ်လေးလံသော အမူအရာတို့ဖြင့် ဆိုက်ကားစီးကာ အိမ်ပြန်ကြရရှာသော မိန်းမငယ်များ အကြောင်းကို ကျွန်တော် တွေးမိ

ပေဦးတော့မည်။ ထိုအခါ နှလုံးစိတ်ဝမ်း မချမ်းမြေ့ဖွယ် စိတ်လှုပ်ရှားမှုများကို ကျွန်တော် ခံစားရပေဦးတော့မည်။

ထိုမိန်းမငယ်များ၏ ဘဝလမ်းကြောင်းကို ပြောင်းလဲပေးရန် မည်သူ တာဝန်ယူပါမည်နည်း။

သိင်္ဂီရ ရသ

(မောင်ဇော်)

ဘတ်စကားသည် ဖြုန်းခနဲ ထိုးရပ်လိုက်၏။ ကားပေါ်က လူအားလုံး ရှေ့သို့ ငိုက်ခနဲ ယိုင်သွားကြသည်။ ဘိုကလေးဈေး မှတ်တိုင်သို့ ရောက်ပေပြီ။ ဆင်းသူက ဆင်း၏။ တက်သူက တက်၏။ အားလုံး ရှုပ်ယှက်ခတ်နေပေသည်။ နွားနို့ပုံးကြီး နှစ်လုံးကို မနိုင့်တနိုင် ဆွဲကာ တက်လာသော ကုလားကြီးကို လက်မှတ်ရောင်းက ငေါက်၏။ ကုလားကြီးကလည်း ရှူးရှူးရှားရှား ပြန်ပြော၏။ တရုတ်မ ဝဝကြီး နှစ်ယောက်ကလည်း နောက်ဆုံးခုံတွင် တကွိကွိ တကွကွ စကားလက်ဆုံ ကျနေကြ၏။ အမျိုးသမီး လှလှကလေးများ တက်လာ၍ နေရာထပေးသူက ပေး၏။ လက်မှတ်ရောင်းကလည်း ကားခ တွင်တွင်တောင်းလျက်။ ၅ ကျပ်တန် ပေးထားရာ အအမ်းမရသေး၍ နားပူသူက ပူ၏။ မက်မန်းပေါင်းနှင့် ယနေ့ထုတ် ဘားမားစတား ရောင်းသော လူငယ်ကလေးများကလည်း ကားပေါ်တက်ကာ ကျွက်ကျွက်ညံအောင် အော်နေကြ၏။ ဘတ်စကား တစ်စီးလုံး ဆူလျက်၊ ညံလျက်၊ ရှုပ်လျက်၊ ပွေလျက်၊ အုတ်အုတ်ကျက်ကျက် ဖြစ်နေပေသည်။

ဘတ်စကားသည် ဤမှတ်တိုင်တွင် အကြာကြီး ရပ်လေ့ ရှိ၏။

အခုမှပင် ကားဘေးသို့ လှည့်စောင်းကြည့်မိသည်။ ကစော်ဆိုင်ကြီးပါကလား။ ထိုဆိုင်ကြီး၏ ပတ်ဝန်းကျင်သည် ဒိုတီဝတ် အမျိုးကောင်းသား ဂေါ်ရင်ဂျီများဖြင့် ပြည့်နှက်စုပြုံ ပြွတ်သိပ် ရှုပ်ထွေးနေပေသည်။ နားကွင်းကျယ်ကျယ်နှင့် အမျိုးကောင်းသမီး ဂေါ်ရင်ဂျီမများလည်း ရှိပေသည်။ သူတို့အားလုံး၏ အဝတ်အစားများသည် စုတ်ပြတ်ညစ်ပေနေပေသည်။ ကစော်ဆိုင် အတွင်းသို့ သောက်ရန် ဝင်သူက ဝင်၏။ ကစော်ဆိုင် အပြင်သို့ သောက်ပြီး၍ ထွက်သူက ထွက်၏။ ပလက်ဖောင်းဘေး၊ ပလက်ဖောင်းပေါ် သစ်ပင်အောက်တို့တွင်လည်း နှစ်ယောက်တစ်တွဲ သုံးယောက် တစ်တွဲ ဝိုင်းဖွဲ့ကာ ခွက်လှည့်ကျ သောက်နေကြ၏။ သူတို့ရှေ့တွင် ဆန်ဆေးရည်ပုလင်းနှင့် တူသော အဖြူနှစ်ရောင် ကစော်ပုလင်းကလေးများ ထောင်လျက်သား တွေ့ရ၏။ ပြောလိုက်သည့် စကား၊ ဆိုလိုက်သည့် သီချင်း၊ ဖြစ်လိုက်သည့် ရန်၊ အုံးကျွက်ကျွက်ညံပါလေရော။ သစ်ပင်အောက် တစ်နေရာတွင် ဂေါ်ရင်ဂျီတစ်ယောက် ပက်လက်လန် လဲကျကာ မျက်ဖြူဆိုက်နေသည်။ သူ့မိတ်ဆွေ ဖြစ်ဟန်တူသော အခြား ဂေါ်ရင်ဂျီ တစ်ယောက်က ကစော်ကို လက်ခုပ်ထဲတွင် ထည့်၍ ယူလာ၏။ မျက်ဖြူဆိုက် လဲနေသော ဂေါ်ရင်ဂျီ၏ ပါးစပ်ကို အခြားတစ်ယောက်က အတင်း ဖြဲပေး၏။ ထိုနောက် လက်ခုပ်ဖြင့် ကစော် ယူလာသော ဂေါ်ရင်ဂျီက လဲနေသော ဂေါ်ရင်ဂျီ၏ ပါးစပ်ထဲသို့ ကစော်ကို လောင်းထည့်ပေး၏။ ထိုပုဂ္ဂိုလ်၏ လက်ခုပ်ကလည်း အုံ့ဖွယ်တစ်ပါးပင်။ ခြေလှမ်း ဆယ်လှမ်းလောက် အကွာမှ ယူလာရာတွင် လက်ခုပ်ထဲက ကစော်သည် တစ်စက်ကလေးမှ မယိုမဖိတ်။ ကိုယ့်အချင်းချင်း တယ်ချစ်ကြပါကလား။ တယ်စေတနာ ရှိကြပါကလား။ တစ်ယောက်တည်း မျိုလို့ မကျနိုင်ပါကလားဟု ကျွန်တော် စဉ်းစားမိပါသည်။

တစ်ယောက်သော ဂေါ်ရင်ဂျီသည် လက်တစ်ဖက်တွင် အာတာ

ပုလင်းကို ဆွဲ၍၊ လက်တစ်ဖက်က ဂျလေဘီ မုန့်အကွင်းကလေးတစ်ခု ကို ကိုင်လျက် က နေသည်။ ဂျလေဘီကို တစ်ကိုက် ကိုက်လိုက်၊ ကစော်ကို တစ်ကျိုက် ကျိုက်လိုက်၊ ဂျလေဘီ တစ်ကိုက် ကစော် တစ်ကျိုက် အလှည့်ကျ စခန်းသွားရင်း ဘာအကမှန်း ခန့်မှန်း၍ မရသော အကကို က နေပေသည်။ အရက်နှင့်အချို မတည့်ဟု ကျွန်တော် ကြားဖူးပါသည်။ ယခု ကျွန်တော့်တွင် ဗဟုသုတ တိုးပေပြီ။ ထို့ကြောင့်လည်း ကျွန်တော့်သူငယ်ချင်း ဘသန်းတင်သည် ဟင်နက်ဆီဘရန်ဒီနှင့် သစ်သီးကိတ် အလွန် လိုက်ကြောင်း ခဏခဏ ပြောခြင်း ဖြစ်ပေလိမ့်မည်။ ထိုဂေါ်ရင်ဂျီသည် သောက်ရုံ စားရုံ ကခုန်ရုံမက သီချင်းကလေးများ ပင် ဆိုလိုက်သေး၏။ သူ့သီချင်းနှင့် သူ့အသံကလည်း အံ့ဖွယ်ရာပင်။ အဘယ့်ကြောင့်ဆိုသော် သူ့သီချင်းသည် အပျိုကြီးမမရယ် ဟူသော သီချင်း ဖြစ်၍၊ သူ့အသံသည် ပီသ ကြည်မြလှသော ဗမာစစ်စစ်ကြီး ဖြစ်သောကြောင့်တည်း။

ကျွန်တော်သည် ရှုပ်ထွေးဆူညံသော၊ ညစ်ပတ်ပေရေသော၊ စုတ်ပြတ်နံချာသော ဤပတ်ဝန်းကျင်ကို ကြည့်ရင်း စိတ်ရှုပ်သလို ဖြစ်မိ၏။ သို့ရာတွင် အကြောင်းအကြ ကင်းမဲ့စွာ သောက်စားပျော်ပါးနေကြသော သူတို့၏ ဘဝ၊ ပျော်ရွှင်မှု၊ လွတ်လပ်မှု၊ အပူအပင်ကင်းမှု တို့ကိုလည်း အားကျသလိုလို၊ သူတို့ကိုကြည့်ရင်း ပျော်သလိုလို ဖြစ်မိသည်။ တစ်ချိန်တည်းတွင် အာရုံနှစ်ခု ဖြစ်ပေါ်နေသော ကျွန်တော့်စိတ်သည် လျှာသွက်သော ချိန်ခွင်ပမာ ဟိုဘက် သည်ဘက် တက်လိုက်ကျလိုက် ဖြစ်နေပါသည်။

ရုတ်တရက် စူးစူးဝါးဝါး အော်လိုက်သော အသံတစ်သံကို ကြားလိုက်ရ၏။ ကျွန်တော့် မျက်လုံးများသည် ပြူးကျယ်၍ သွား၏။ ကျွန်တော့် နားရွက်နှစ်ဖက်သည် ခွေးနား ကြောင်နား ပမာ ဆတ်ခနဲ တွန့်သွားသည်ဟု ထင်လိုက်မိပါသည်။ အသံလာရာဘက်သို့ ငှဲစောင်း၍

ကြည့်လိုက်မိ၏။ ကစော်မူးနေသော ဂေါ်ရင်ဂျီ ကုလားမတစ်ယောက်သည် ပလက်ဖောင်းပေါ်တွင် လဲနေရာမှ ကုန်း၍ ကုန်း၍ ထ နေသည်။ နီကြန်တွန့်လိမ်လျက်ရှိသော ဆံပင်တို့သည် ကုလားမ၏ မျက်နှာတစ်ခုလုံးကို ဖုံး၍နေ၏။ ကုလားမ၏ မည်းနက်ခြောက်သွေ့ ပိန်ကပ်နေသော ကိုယ်တွင် အကွက်မပေါ်အောင် ညစ်ပတ်ပေရေနေသော ဆာရီ အနီတစ်ထည်က မြင်မကောင်း ရှုမကောင်း ရစ်ပတ်၍နေ၏။ တဝေါ့ဝေါ့ အန်နေသောကြောင့် သူ့ဆာရီနှင့် သူ့တစ်ကိုယ်လုံးသည် အန်ဖတ်များဖြင့် ရွှဲရွှဲစိုကာ ပေပွနေ၏။ ငေါ်တူး ချဉ်စူးသော ကစော်နံ့၊ အန်ဖတ်နံ့များကို ကားပေါ်ကပင် ရပါသည်။ ကုလားမသည် လဲနေရာက ကုန်းထ လိုက်၊ ပြန်လဲသွားလိုက် ဖြစ်နေသည်။ ပါးစပ်ကလည်း ပွက်ပွက်ရိုက်အောင် အော်ဟစ် ညံ့ဆူနေပေသည်။ ကုလားမ၏ဘေးတွင် သူ့ယောကျ်ားနှင့်တူသော ဂေါ်ရင်ဂျီ တစ်ဦးသည် ကုလားမကို ဖျောင်းဖျထိန်းသိမ်းရန် ကြိုးစားနေ၏။ ထိုကုလား၏ ကိုယ်တွင် အင်္ကျီ မရှိ၊ တံဆိပ်စာလုံးများ ပျက်ပြယ် မှေးမှိန်စ ပြုနေသော ဂျုံမှုန့်အိတ်ပိုင်းစ တစ်ခုကို အရှက်လုံရုံလောက်သာ အောက်ပိုးကျိုက်၍ ထားသည်။ သူ့အသားအရေသည် မည်းနက်ခြောက်သွေ့ကာ သူ့ကိုယ်လုံးသည် ကြံ့လို ပိန်ကပ်၍နေ၏။ ကြိုးနှင့် သီတွဲထားသော ငါးကလေး သုံးကောင်ကို ပလက်ဖောင်းပေါ်တွင် ချ၍။ ကုလားမကလည်း အော်လိုက်ဟစ်လိုက် ရုန်းလိုက် ကန်လိုက်နှင့်ပင်။ ကုလားသည် ကုလားမကို အသာအယာ ချော့မော့ဖေးမ၍ ထူရန် လှမ်း၍ ကိုင်လိုက်သည်တွင် ကုလားမသည် ထိုင်ရာက ကုလား၏ ရင်ဝကို ဆောင့်၍ကန်လိုက်ရာ ကုလားခမျာ နောက်သို့ ဂုန်းခနဲ ပက်လက်လန် လဲကျသွားရှာသည်။ ပြန်ထကာ ကုလားမကို ချော့မော့ရန် ထပ်၍ ကြိုးစား၏။ ကုလားမသည် အော်ဟစ်ရင်း ကုလား၏ တွန့်လိမ်နေသော ဆံပင်အုပ်လုံးကိုဆွဲကာ ပါးကို ရိုက်ပြန်တော့၏။ ဘေးမှ ဂေါ်ရင်ဂျီများကလည်း အော်သူအော်၊ လက်ခုပ်

လက်ဝါး တီး၍ ဩဘာပေးသူက ပေးနှင့် ဝိုင်းလာကြ၏။ ကုလားမ သည် ကုလား၏ပါးကို ဆက်ကာ ဆက်ကာ ရိုက်၏။ ဆံပင်ကို ဆွဲ၏။ လက်မောင်းကို ကိုက်၏။ ရင်ဘတ်ကို ထု၏။ ကုလားသည် ကုလားမ၏ လက်တွင်းဝယ် ယက်ကန်ယက်ကန် ဖြစ်နေရှာ၏။ သို့သော် ကုလားမ လုပ်သမျှကို ငုံ့ခံကာ ပါးစပ်ကသာ တတွတ်တွတ် ချော့မော့နေရှာသည်။ ကုလားမသည် အားယူထပြီးနောက် ကုန်းကုန်းကလေး ဒူးထောက် လျက်သား ဖြစ်နေရှာသော ကုလား၏ ခေါင်းကို ခြေထောက်နှင့် ကျုံး၍ ကန်လိုက်ပြန်၏။ ကုလားမသည် သူ့ကိုယ်သူ မနိုင်ဘဲ တစ်ပတ်လည် ထွက်သွားကာ ကုလားအပေါ်သို့ ကျသွားတော့သည်။ သူတို့နှစ်ယောက် လုံးသည် ပလက်ဖောင်းပေါ်တွင် အိုင်ထွန်းနေသော ကစော်အန်ဖတ် ထဲ၌ လုံးထွေး၍ နေတော့သည်။

ထိုအခိုက်တွင် ဂီယာသံ ကြား၍ ကားဘီးများ လိမ့်ကြလေပြီ။ ကစော်ဆိုင်ကြီးသည် လည်းကောင်း၊ ကစော်သောက် ပရိသတ်သည် လည်းကောင်း၊ ကစော်မူးနေသော ဂေါ်ရင်ဂျီ ကုလားမသည် လည်း ကောင်း၊ ထိုကုလားမကို ချော့မော့နေသော သူ့ယောကျ်ား ဂေါ်ရင်ဂျီ ကုလားသည်လည်းကောင်း နောက်တွင်ကျန်ရစ်ခဲ့ပေပြီ။ ရုပ်ထွေးဆူညံ သော၊ ညစ်ပတ်ပေရေသော၊ စုတ်ပြတ်နံချာသော၊ အရုပ်ဆိုး အကျည်း တန်သော ပတ်ဝန်းကျင်သည် ကျန်ရစ်ခဲ့ပေပြီ။ ထိုပတ်ဝန်းကျင်ကို ကြည့်ခဲ့ ရှုခဲ့ မြင်ခဲ့ တွေ့ခဲ့ရသောကြောင့် ကျွန်တော့်ရင်သည် တလှပ်လှပ် ဖြစ်၍လာ၏။ အသည်းနှလုံးတွင်းဝယ် သိမ်မွေ့နူးညံ့လှသော လှုပ် ရှားမှု စိတ်လှိုင်းကလေး တစ်ခု ဖြစ်၍လာပါသည်။

အထူးသဖြင့်ကား ထိုကုလားမနှင့် ကုလားတို့ မြင်ကွင်းသည် ယောကျ်ားနှင့် မိန်းမတို့ မေတ္တာသဘောသရုပ်ကို တစ်စိတ်တစ်ပိုင်း အားဖြင့် ဖွင့်လှစ်ပြသသော မြင်ကွင်း ဖြစ်ပေသည်။ ကျွန်တော် ယူဆ မိပါသည်။ ပါးကို ရိုက်လိုက်၊ ခြေနှင့် ကန်လိုက်၊ ဆဲလိုက် ဆိုလိုက်၊

ကုတ်လိုက် ဖဲ့လိုက် လုပ်ချင်တိုင်း လုပ်နေသည့်ကြားက မျက်နှာသေကလေးဖြင့် ငုံ့ခံကာ တတွတ်တွတ် ချော့နေရှာသော ကုလား၏စကားများသည် မေတ္တာစကားများ ဖြစ်၏။ ကုလားမ၏ အန်ဖတ်များပေါ်သို့ တစ်ပေါက်စ နှစ်ပေါက်စ ကျသွားသော ကုလား၏ မျက်ရည်ပေါက်များသည် မေတ္တာသက်သေများ ဖြစ်၏။ ကုလားမ၏ အော်ဟစ်ဆဲဆိုသံများသည် ကုလား၏ အင်အားကြီးမားသော ခိုင်ခံ့မြဲစွဲသော သည်းခံသော မေတ္တာကို အန်တုဖက်ပြိုင်ရာတွင် မနိုင်ဘဲ အချည်းအနှီး ဖြစ်ရသောကြောင့် ထွက်ပေါ်လာသည့် ရှုံးနိမ့်သံများ ဖြစ်ပါသည်။ ကျွန်တော်တို့အဖို့ ထိုမြင်ကွင်းကို မြင်ရသည်မှာ မေတ္တာသရုပ်ဖော် ရုပ်ရှင်ကားတစ်ကား၊ မေတ္တာသရုပ်ဖော် ဝတ္ထုတစ်ပုဒ်၊ မေတ္တာသရုပ်ဖော် ကဗျာတစ်ပိုဒ်ကို တွေ့မြင် ဖတ်ရှုလိုက်ရသည်နှင့် မခြားပါ။

ကျွန်တော့်စိတ်အရှိတိုင်းသာ ဆိုခွင့်ရပါမူ ထိုဂေါ်ရင်ဂျီ ကုလားမနှင့် ဂေါ်ရင်ဂျီ ကုလားတို့၏ မြင်ကွင်းသည် သိင်္ဂါရ ရသကို ပြည့်ဝစွာ ပေးစွမ်းနိုင်သော မေတ္တာသရုပ်ဖော် မြင်ကွင်းတစ်ခု ဖြစ်ပါပေသည်ဟု ဆိုပါမည်။ သင့် မသင့်၊ လျော် မလျော်ကို မြော်ခေါ်စဉ်းစား၍ ပေးတော်မူကြပါဘိ။

သချိုင်းကုန်းမှာ

(တင်မိုး)

၁

ငါတို့ ရွာကလေး၏ မြောက်ဘက်တွင် သချိုင်းကုန်း ရှိသည်။ မသေကြသေးသော သူတို့သည် ရွာကလေးထဲတွင် ကိုယ့်အိုးကိုယ့်အိမ်နှင့် တသီးတခြားစီ နေထိုင်ကြသည်။ ထန်းရွက်တဲကလေးမှာလည်း နေကြသည်။ သက်ငယ်မိုး ထရံကာနှင့် နေကြသူတို့လည်း ရှိသည်။ အချို့ ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝသူတို့သည် သွပ်မိုး ပျဉ်ထောင်အိမ်နှင့် နေကြသည်။ သေဆုံးကြသော အခါတွင်ကား သချိုင်းမြေတွင် တစုတဝေး နေကြရတော့သည်။ သချိုင်းကုန်းသည် နေရာမကျယ်လှ။ သို့ရာတွင် ကွယ်လွန်သူ မှန်သမျှတို့၏ တစ်ခုတည်းသော နေအိမ် ဖြစ်လေသည်။

သချိုင်းကုန်းဆီသို့ လှမ်းကြည့်ပါ။ မန်ကျည်းပင်အိုကြီး သုံးလေးပင်သည် ခါးတံ့ရှည်ကြီးနှင့် ရပ်နေကြသည်။ တန်ဆောင်းပြာသာဒ်ပင်များသည် ချုံဖွဲ့၍ နေကြသည်။ ညောင်ပင်ကြီး တစ်ပင်သည်လည်း မုတ်ဆိတ်ဖွားဖွားနှင့် တရားဆင်ခြင်နေသည်။ ဇရပ်တစ်ဆောင်သည် မန်ကျည်းပင် အနီးမှာ ရှိသည်။ အုတ်ခုံခံ သွပ်မိုးနှင့် ဖြစ်သော်လည်း ခမ်းခမ်းနားနားကား မဟုတ်လှ။ သွပ်မိုး လန်သည့်နေရာ လန်နေပြီ။ အုတ်ချပ်များ ကွာသည့်နေရာ ကွာနေပြီ။ အကာအရံကား လုံးဝ မရှိချေ။

ရွာကလေး၏ မြောက်ဘက်သို့ ထွက်လိုက်လျှင် သချိုင်းကုန်းကို မြင်နိုင်သည်။ တစ်ခေါ်လောက်ပင် မဝေးလှ။ သစ်ပင်အုပ်အုပ်ကလေးနှင့် စိမ်းပုပ်ပုပ် ညိုမှိုင်းမှိုင်းပေပင်။

ဤသချိုင်းကုန်းကလေးသည် ရွာကလေး၏ အသက်နှင့်အမျှဖြစ်ပေလိမ့်မည်။ သူ့ကို ရွာသူရွာသားတို့ မချဉ်းကပ်ချင်ကြသော်လည်း မပစ်ပယ်နိုင်သော နေရာကလေး ဖြစ်သည်။

၂

ငါတို့နှင့် ကစားဖော် ဖြစ်သော ခွေးညိုနှင့် ပုစ တို့သည် သချိုင်းကုန်းကလေးသို့ နေ့တိုင်း ရောက်ကြသည်။ သချိုင်းကုန်းအနီး မြက်ခင်းစပ်တွင် နွားများကို ကျောင်းရင်း ဇရပ်တွင် သူတို့ နားကြ နေခိုကြသည်။ ဇရပ်တွင် ရေစက်ချသံ၊ အမျှဝေသံ၊ ကြေးစည်သံနှင့် ငိုသံတို့သာ ကြားရသည် မဟုတ်။ ပလွေသံကလေးကိုလည်း နေ့တိုင်း ကြားနေရသေးသည်။ ခွေးညိုနှင့် ပုစ တို့သည် ခွကလေး ကိုယ်စီနှင့် မန်ကျည်းပင်၊ ညောင်ပင်တို့နားတွင် လာသော စာကလေးများကို ပစ်ခတ်မီးဖြိုက်၍ စားတတ်ကြပေသေးသည်။

သို့ရာတွင် ငါတို့သည် သချိုင်းကုန်းကလေး အနီးသို့ မကပ်ဝံ့။ သချိုင်းကုန်းကလေး ရှိရာသို့ ငါတို့ ရဲရဲပင် မကြည့်ဝံ့။ မြေပဲကောက်သွားကြသောအခါ သူ့နားကို မတတ်သာ၍ ဖြတ်သွားကြရလျှင်လည်း ခြေမှုန့်ကို နဖူးတို့၍ ခပ်သုတ်သုတ် သွားတတ်ကြသည်။ လှုပ်နေသော တန်ဆောင်းပြာသာဒ်ပင်၊ ဆူးခက် အုံထားသော မြေပုံမို့မို့ကလေးများကို မဝံ့တဝံ့ ကြည့်၍ ဖြတ်လာခဲ့ကြသည်။ နေဝင်ရီးရီအချိန် အိမ်ပြန်လာသောအခါ သချိုင်းကုန်းကလေးသည် မလှုပ်မယှက် ငြိမ်သက်လျက်ပင် ရှိသော်လည်း၊ ထိုသို့ ငြိမ်သက်ခြင်းသည်ပင် စိတ်ချောက်ချားဖွယ်ဖြစ်ပြန်သည်။

သချိုင်းကုန်းအထက် ကောင်းကင်ပြင်တွင် လင်းတတို့သည် ဝဲလျက် ရှိကြသည်။ ရွတ်တွတွ တွဲလျားကျသော ပါးပျဉ်းတို့ဖြင့် လင်းတအိုတို့သည် မြေပုံအနီးတွင် ငုတ်တုတ်ကြီး နေတတ်ကြသည်။ လင်းတအိုတို့ အနီးတွင် ကျီးတို့သည် တအားအား တသောသောနှင့် အော်မြည်နေကြသည်။ ငါတို့သည် လင်းတကို မကြောက်။ လင်းတကြီးများသည် သူတစ်ပါး အသက်ကို ရက်ရက်စက်စက် သတ်ဖြတ် စားသောက်တတ်သော သတ္တဝါ မဟုတ်ဟု လူကြီးသူမများ ပြောသံ ကြားဖူးသည်။ "ငှက်ဘုန်းကြီး" ဟုလည်း ဆိုကြသည်။ အလောင်းကောင် ရှိရာကို ကျီးကန်းများက လာရောက် ပင့်ဖိတ်မှ စားသောက်ရန် လာတတ်ကြသည်ဟု ပြောလေ့ရှိသည်။ ထို့ကြောင့် ငါတို့သည် လင်းတကို မကြောက်။ သို့ရာတွင် ပုပ်ဟောင်နေသော အလောင်းကောင် အနီးတွင် လင်းတကြီးများကို မြင်ရလေ့ ရှိသဖြင့် စက်ဆုပ်ရွံရှာသည်ကား အမှန် ဖြစ်တော့သည်။

သချိုင်းမြေတွင် ဖုတ်တစ္ဆေတို့ နေသလိုလို ပြောကြသဖြင့် ကျောချမ်းမိသည်။ ညအခါများတွင် သချိုင်းမြေသည် အတိတ်ဆိတ်ဆုံး နေရာဖြစ်သည်။ ရံဖန်ရံခါ သချိုင်းဘက်တွင် မီးရောင်တလက်လက် မြင်ရတတ်သည်ဟု ငါ့သူငယ်ချင်းများက ပြောကြသည်။ ကလေးမသာ ချလေသလား။ သိုက်ဆရာ၊ အောက်လမ်းဆရာများ အလောင်းဖော်လေသလား။ သရဲ မီးပြလေသလား။ ငါတို့ တပ်အပ်မသိချေ။

မည်သို့ပင်ဖြစ်စေ ငါတို့သည် သချိုင်းကုန်းကို စက်ဆုပ် ထိတ်လန့်ကြသည်မှာကား သေချာသည်။ သချိုင်းကုန်းကို လှည့်မကြည့်ချင်သည်မှာလည်း သေချာသည်။

၃

ငါတို့ ဘုန်းကြီးကျောင်းသား ဘဝတုန်းကဆိုလျှင် မကြာ မကြာ

သချိုင်းကုန်းသို့ ရောက်ရသည်။ မရောက်ချင်လည်း မနေရ။ အသုဘရှု ခဏခဏ လာပင့်လေ့ ရှိသည်။ ထိုအခါတွင် ဆရာတော်ဘုန်းကြီး မျက်စိမျက်နှာ မသာမယာ ရှိတတ်သည်ကို သတိပြုမိသည်။ သနား ကရုဏာစိတ်ဖြင့် ညည်းသံကိုလည်း ကြားခဲ့ရဖူးသည်။ 'ဟော–သတ္တဝါ မှန်သမျှ မလွတ်ကင်းနိုင်တဲ့ ဘေးကြီးပဲလကွယ်' ဟု ပင့်သက်ချဟန်၊ သံဝေဂရဟန် တို့ကိုလည်း အဖန်ဖန် မြင်ခဲ့ရဖူးသည်။ သက်ံန်းကိုရုံ၊ စက္ကူငြွေကို ချတော်မူ၍ အသုဘရှု ကြွလျှင် ငါတို့ ကျောင်းသားများ သည် တောင်းကိုထမ်း၍ လိုက်ပါကြရသည်။ သုသာန်ရောက်လျှင် ရင်ဘတ်စည်တီး ငိုသံ၊ ဆံပင် ဖားလျားချ နေကြဟန် စသော ရှုခင်း များကို မမြင်ချင် မနေရ၊ မကြားချင် မနေရ ဖြစ်တော့သည်။

ငါသည် ဘုန်းကြီးနှင့်အတူ အသုဘရှုလိုက်ရန် အကြောက်ဆုံး ဖြစ်သည်။ ညရောက်လျှင် အိပ်မပျော်တော့ချေ။ အိပ်မက်ဆိုးများ မက် ကာ လန့်၍ အော်တတ်သည်။ ထိုအခါ ငါက "အစ်မ၊ အစ်မ" ဟု ခေါ်သော အမေသည် ရေနံဆီမီးခွက်ကို ထွန်းကာ ငါ့ကို ချော့ပါလေ သည်။ သနားကြင်နာစွာ နဖူးကိုစမ်း၊ ရင်ကိုစမ်း၍ အားပေးပါလေ သည်။ 'ရှော့–ရှော့ လူကလေး ရေတစ်ခွက် သောက်လိုက်နော်၊ မကြောက် နဲ့နော်' ဟု ဆိုကာ ရေခပ်ပေးပါသည်။ ထိုအခါကျမှ ငါ့မှာ အကြောက် ပြေသည်။ "ငါ့မှာ အမေရှိသားပဲ။ ဘာကြောက်စရာ ရှိသလဲ" ဟု အားတင်းနိုင်သည်။ အိပ်ပျော်နိုင်သည်။

ဘုန်းကြီးကျောင်းက ထွက်လာသောအခါတွင် အသုဘရှု လိုက် ရမည့်ဘေးမှ ဝေးတော့သည်။ သာမှု နာမှု မှန်သမျှ အစ်မသည် တဘက် တစ်ထည်ကို ခေါင်းပေါ်တင်လျက် လိုက်ပို့လေသည်။ ရွာထဲတွင် မသာ ရှိလျှင် ငါတို့သည် အစ်မကို မြင်ရုံနှင့် သိသည်။ အစ်မသည် မျက်စိ မျက်နှာ မကောင်း။ တဖျစ်တောက်တောက် မြည်ကာ ကြေကွဲသံ ဝမ်း

နည်းသံ ပြုလေသည်။ ထို့နောက် တဘက်ကို ခေါင်းပေါ်တင်၊ ဖိနပ် မြီးတိုကို တရှပ်ရှပ် စီးကာ အသုဘ လိုက်ပို့လေတော့သည်။

ငါတို့သည် သချိုင်း ဟူသော အသံကို မကြားလို။ ထိုစကား သည် ငါတို့နှင့်လည်း မကင်းနိုင်ဘဲလျက် ငါတို့ မနှစ်သက်။ ထိုစကား ကြားရလျှင် ကောင်းသောစကား မဟုတ်ဟု ဆိုသည်ကို ချက်ချင်း သဘောပေါက်သည်။ သချိုင်း ဆိုသော စကား မကြားနိုင်ရာ အရပ် သည် အဘယ်မှာနည်း။ ငါတို့သည် တောင့်တမိသည်။ "နိဗ္ဗာန်" ဟု ဖြေကြသည်။ ထိုသို့ဖြစ်လျှင် ငါတို့သည် နိဗ္ဗာန်ကို ရောက်ချင်လှတော့ သည်။ နိဗ္ဗာန်မှာ သုသာန် မရှိချေ။

ကောင်းလှ၏။ ဤတစ်ချက်တည်းနှင့်ပင် နိဗ္ဗာန်သည် မည်မျှ ပျော်မွေ့စရာ ကောင်းလေမည်နည်းဟု တွေးကာ နိဗ္ဗာန်ကို သဘောကျ မိသည်။

နိဗ္ဗာန်ကား အဘယ်မှာနည်း။ သချိုင်း များစွာကို ကျော်ဖြတ် ပြီးမှ နိဗ္ဗာန် ရောက်မည်လော။ သချိုင်းကို ကွေ့၍ နိဗ္ဗာန်ကို သွားနိုင် သောလမ်း ရှိသလော။

အို၊ ဗုဒ္ဓသခင်။ သချိုင်းကို ကွေ့၍ နိဗ္ဗာန်သို့ ရောက်နိုင်သော လမ်း ရှိလျှင် ညွှန်ပြပါဦး သခင်။

သတ္တဝါတို့၏ နှလုံးအိမ်တွင် သချိုင်းသည် ကြီးမားစွာ နှိပ် စက်လျက် ရှိချေပြီ။

သူ့ထံသို့ အတင်းခေါ်သည်။ သတ္တဝါတိုင်းကို ခေါ်သည်။ အချင်း ချင်း ခွဲပစ်သည်။ ဘဝခြားပစ်သည်။ နိဗ္ဗာန်သည် သချိုင်း၏ ဟိုမှာ ဘက်၌ မရှိဘဲ သည်မှာဘက်၌ ရှိမည်ဆိုလျှင် မည်မျှ ကောင်းမည်နည်း။

၄

ငါတို့ ရွာကလေးတွင် သင်္ကြန်ပွဲ လုပ်၏။ အလွန် စည်သည်။ ပျိုပျို

အိုအို မကျန် ရေလောင်းကြ၊ ရေပက်ကြ၊ ကခုန်ကြ၊ နွားများကို ဘေးမဲ့ လွှတ်ကြနှင့် တအုန်းအုန်း။ ထိုအခါတွင် သချိုင်းကုန်းကို ငါတို့ အဖက် မလုပ်။ ရွာစည်ကား ပျော်ရွှင်လျှင် သချိုင်းကုန်းသည် ငြိမ်နေတတ် သည်။ အခွင့်အခါကို ချောင်းလေရော့သလား။

ရွာတွင် ဆရာတော် ကန်တော့ပွဲ၊ သီတင်းကျွတ်ပွဲ၊ ကထိန်ပွဲ ရှိလျှင် အလွန် ပျော်စရာကောင်းသည်။ နဲ့သံ၊ ဗုံသံ၊ ပတ်မသံတို့ဖြင့် စိုပြည်သည်။ ဖိုးသူတော်ယိမ်း၊ ဦးရွှေရိုးအက၊ ပုဏ္ဏားမ ခင်ရွှေအငြိမ့် စသည်တို့ဖြင့် အုန်းအုန်းထနေချိန်တွင် သချိုင်းမြေသည် ဣန္ဒြေကြီးလှ တော့သည်။ သတ္တဝါဖမ်းခါနီး မြွေသည် ဣန္ဒြေရရနှင့် ငြိမ်သက်နေ သကဲ့သို့ပင် ဖြစ်သည်။

ရွာစည်လျှင် ကောင်းသည်။ သချိုင်းကုန်း စည်လျှင်ကား ရွာလုံး တိတ်တော့မည်။ ကျီးနှင့်ဖုတ်ဖုတ် ဖြစ်တော့မည်။

ငါတို့ရွာကလေးတွင် ဂျပန်ခေတ်က ပလိပ်ရောဂါ ဖြစ်သည်။ သုသာန်မြေတွင် ခြေချင်းလိမ်ကြပြီ။ နှာရည်တရှုပ်ရှုပ်၊ မျက်ရည် တ သုတ်သုတ်နှင့် ငိုကြွေးကြပြီ။ သချိုင်းကုန်းလမ်းသည် ဖုန်လျက်ရှိတော့ သည်။ သချိုင်းကုန်းသို့ သွားကြဖန် များလေသောအခါ ရွာသူရွာသား တို့သည် ထမင်းမစား ဟင်းမစားနိုင်ကြ။ ရွာမှ ထွက်ပြေးကြ၏။ တစ် ရွာလုံး သံပုံးတီး၊ ထရံပုတ်ဖြင့် တောထုတ်ကြ၏။ သချိုင်းကုန်းသို့ ခေါ်သော သတ္တဝါကောင်ကို မောင်းနှင်ကြ၏။ ရွာသူရွာသားတို့လည်း ကျောင်းကန် ဘုရားမှာ ရွှေ့ပြောင်းနေကြရလေသည်။

သရောကြီးခိုင်းစဉ်ကလည်း ထိုသို့။ ကျောက်ကြီးပေါက်၊ တုပ် ကွေးကြီး ထစဉ်ကလည်း ထိုသို့။ ကာလဝမ်း ကျစဉ်ကလည်း ထိုသို့။ ထိုသို့ ထိုသို့နှင့် ငါတို့ရွာကလူတွေ မိမိ အိုးအိမ်မှ ခွာ၍ သချိုင်းကုန်း ရှိရာသို့ သွားကြရသည်မှာ များပြီ။

ရွာသူရွာသား မှန်သမျှ တစ်နေ့နေ့တွင် လျှောင်းစက်ကြရမည့်

ထာဝရ အိပ်ရာပေတည်း။ မသွားချင်သော်လည်း နေကြရမည် မဟုတ်။ အထုပ်အပိုး အိပ်ရာလိပ် မပါ၊ သချိုင်းမြေ ရှိရာသို့ သွားကြရပေဦးမည်။ သူ သွားလျှင် ငါ လိုက်ပို့၍၊ ငါ သွားသောအခါလည်း အခြားသူများက လိုက်ပို့ကြရပေဦးမည်။ လိုက်ပို့ကြရသည့် အခါတိုင်းလည်း ပျော်ပျော်ရွှင်ရွှင် မဟုတ်။ ဝမ်းနည်းပက်လက် မျက်ရည်စက်စက်ဖြင့်သာ ဖြစ်သည်။ သချိုင်းသည် ပျော်မွေ့ဖွယ် မှန်သမျှကို မောင်းထုတ်ခဲ့ပြီ။ ဝမ်းနည်းမှု၊ ငိုရှိုက်မှုတို့သည် သချိုင်းမြေကို စိုးမိုးအုပ်ချုပ်ခဲ့လေပြီ။

၁

လွန်ခဲ့သောနှစ်က ငါ့အမေ ကွယ်လွန်ခဲ့သည်။ သချိုင်းမှ စေတမန်သည် ငါ့အမေထံသို့ လာရောက်ဆင့်ခေါ်သည်။ ငါ ချစ်မြတ်နိုး၍ အမေဟု ခေါ်သော အမေသည် ငါတို့ကိုပင် နှုတ်ခွန်းမဆက်နိုင်ရှာဘဲ ရုတ်တရက် ငါတို့အိမ်မှ ထွက်ခွာသွားခဲ့သည်။ ရွာထဲရှိသော လူတို့ကို တစ်ယောက်ပြီးတစ်ယောက် အလှည့်ကျ ခေါ်ဆောင်သွားတတ်သော သေမင်း၏ စေတမန်ကို ငါတို့ ကြားဖူးပါ၏။ သို့ရာတွင် ဤမျှလောက် အလောတကြီး လာရောက်လိမ့်မည် ဟူ၍ကား ငါတို့ တွေးမျှပင် မတွေးမိပါပေ။

အမေ့ကို သချိုင်းသို့ လိုက်ပို့ကြသည်။ ငါ့အဖေသည် ယူကျုံးမရ။ ငါ့မမသည် အပူမီး တလောင်လောင်။ ငါ့နှမငယ်သည် အမေ့ကို ဖက်လျက်။ ငါ့မှာမူကား ထိုခဏဝယ် သောက၏ စုဝေးရာ ကိုယ်ခန္ဓာ ဖြစ်လေ၏။ အမေ့ပါးပြင်ကို နောက်ဆုံး နမ်း၏။ အမေ့ခြေရင်းတွင် နောက်ဆုံး နိုပ်နယ်ဝတ်ပြုပေး၏။ အမေ့ကို ငါ ကန်တော့၏။

အမေသည် စကားလည်း မဆို၊ ငိုခြင်းလည်း မပြု၊ သာဓုမျှလည်း မခေါ်။ မျက်လွှာကို မှိတ်လျက် တိတ်တဆိတ်သာ နေဘိ၏။

အမေ့ထဘီကို ပေးလိုက်ချင်ပါသေးသည်။ အမေ ဖတ်လက်စ

ပရိတ်ကြီး ဘုတ်အုပ်ကလေး ယူသွားစေချင်ပါသေးသည်။ အမေ့နံ့သာဖြူ စိပ်ပုတီးကလေးကို လက်မှာ စွပ်ပေးလိုက်ချင်ပါသေးသည်။ အမေ ခြုံရန် တင်းထိမ်ကလေးကိုလည်း ထည့်ပေးလိုက်ချင်ပါသေးသည်။

သို့ရာတွင် အမေသည် ဘာကိုမျှလည်း မတောင်းဆိုတော့။ ဘာပစ္စည်းကိုမျှလည်း ယူမသွားတော့။ လက်ချည်းသက်သက် ထွက်ခွာသွားခဲ့၏။ အမေ ယူမသွားသော ပစ္စည်းပစ္စယကလေးများသည် အမေ့ကိုယ်စား ကျန်ရစ်ခဲ့တော့သည်။ ပရိတ်ကြီး ဘုတ်အုပ်ကလေးသည် အမေ မျက်မှန်တစ်လက်နှင့် ဖြည်းဖြည်းဆေးဆေး စာကျက်နေပုံကို သတိရစေသည်။ နံ့သာဖြူ စိပ်ပုတီးကလေးသည် အမေ ဥပုသ်စောင့် ကမ္မဋ္ဌာန်းထိုင်ပုံကို မြင်ယောင်စေသည်။ အပ်ချုပ်ခုံကလေးသည် အမေ အလုပ်ခွင်၌ အင်္ကျီကြယ်သီး တပ်နေပုံကို အမှတ်ရစေ၏။

ကျန်ရစ်သော အမေ့ပစ္စည်းများ မှန်သမျှ အမေ့အကြောင်းကို ပြန်လည် ပြောပြတတ်ကြသည်ချည်း ဖြစ်ပါသည်။

အမေသည် ရှင်သူတို့ကို ထား၍ သေသူတို့ ကြားမှာသာ ပျော်မွေ့ခဲ့လေပြီ။ ရွာကို ကြဉ်၍ သင်္ချိုင်းမြေသို့ ဝင်လေပြီ။ သင်္ချိုင်းမြေတွင် နေကြသူတို့အနက် ငါတို့ အိမ်ထောင်စုထဲက အမေလည်း အပါအဝင် ဖြစ်ပြီ။

၆

သင်္ချိုင်းမြေမှာ အမေ ရှိသည်။ အမေနှင့်စပ်၍ ငါသည် သင်္ချိုင်းမြေကို ခင်တွယ်စပြုပြီ။ ရင်းနှီးစပြုပြီ။ ယခင်က ကြောက်ခဲ့၊ ရွံ့ခဲ့၊ စက်ဆုပ်ခဲ့သော နေရာသည် ယခုအခါ ထိုသို့ မတွေးထင်နိုင်လေပြီ။

အမေ့အလောင်းကို ငါတို့ ဆွေမျိုးမိတ်သင်္ဂဟများနှင့် မိသားစုတို့ ထမ်းပို့ကြသည်။ မြေစိုင်ခဲများဖြင့်ဖို့၍ မြှုပ်ကြသည်။ မြေပုံမို့မို့

ကလေးပေါ်တွင် ပန်းခွေချသည်။ ဆုးခက်များ အုံသည်။ မှတ်တိုင်ကလေး စိုက်သည်။ ခမ်းခမ်းနားနားကား မဟုတ်ချေ။

သို့ရာတွင် ငါ့ဘဝအတွက် အမေသည် ခမ်းနားခဲ့သည်။ အရိပ်ကြီးခဲ့သည်။ ငါ့အမေ နေထိုင်ရာ သချိုင်းကုန်းကလေးသည်လည်း ခမ်းနားမည်၊ အရိပ်ကြီးမည်သာ ဖြစ်သည်။ အမေ့ကြောင့် သချိုင်းကုန်းမြေပေါ်တွင် ငါ၏ မလိုစိတ်တို့ လွင့်ပျောက် ပျက်ပြယ်ခဲ့လေပြီ။

တန်ဆောင်းပြာသာဒ်ပင်များ၊ မန်ကျည်းပင်များ၊ ညောင်ပင်ကြီးတစ်ပင်နှင့် တိတ်ဆိတ်လှသော သချိုင်းမြေသည် လူ့ဘဝ၏ သောကဒုက္ခတို့ကို မြှုပ်နှံရာ ဖြစ်တော့သည်။ ဘဝ၏ ပျော်ရွှင်ဖွယ်တို့ကိုသာ သတ်ပစ်သည် မဟုတ်။ ဘဝ၏ အနိဋ္ဌာရုံ ဝေဒနာ အစုစုတို့ကိုလည်း သတ်ပစ်ရာနေရာ ဖြစ်သည်။ သို့ဖြစ်လျှင် သချိုင်းမြေသည် မတရားပါသလော။ မျက်နှာကြီး မျက်နှာငယ်၊ အရွယ်အသက်ကိုလည်း မရွေး။ ဂုဏ်အကြီးအသေးကိုလည်း မလိုက်။ အကြိုက်အမုန်း အပြုံးအငိုတို့ကိုလည်း ဂရုမထား။ သချိုင်းကုန်းကား ဘဝမျက်နှာပြင်ကို ညီညာစေသော နေရာဖြစ်သည်။

ရယ်သံတို့လည်း ဤနေရာမှာ တန့်သည်။ မျက်ရည်တို့သည်လည်း ဤနေရာတွင် ရပ်သည်။ ဤအရပ်၌ ရယ်မောသံ ဟူ၍လည်း မကြားရ။ ငိုရှိုက်သံ ဟူ၍လည်း မကြားရ။ မနိုးထသော အနားယူခြင်းဖြင့် ဘဝတစ်လျှောက်လုံးတွင် လက်တလှုပ်လှုပ်၊ ခြေတလှုပ်လှုပ်လှုပ်ရှားခဲ့ရသမျှ ဤနေရာတွင် မွေ့လျော်စွာ အနားယူကြလေပြီ။

အမေ့မေတ္တာစိတ်ကို အစွဲပြု၍ သချိုင်းကုန်းအပေါ်တွင် ဂုဏ်ဒြပ်ကို မြင်တတ်လာလေပြီ။ ထို့ကြောင့် သချိုင်းကုန်းသည် မသတီ ထွီစရာ နေရာ မဟုတ်တော့ပါ။ သချိုင်းကုန်း ရှိနေခြင်းကြောင့် မကျေမနပ် မဖြစ်တော့ပါ။

နိဗ္ဗာန်ကို သွားချင်သည်ရှိသော် သချိုင်းကုန်း များစွာကို ကျော်ဖြတ်၍ သွားရန် ယခုအခါ ဝန်မလေးတော့ပါပြီ။

ထင်းရှူးပင်ငယ် ပုံပမာ

(မောင်ဖေသန်း)

သမီးဦးကလေး ရရှိပြီးနောက် မကြာခင် တစ်ခုသော နံနက်ခင်း၌ ကျွန်တော်တို့ မိသားစုသည် အိမ်ရှေ့ရှိ ပန်းအိုးကလေးများဘေးတွင် လေပြည်မွှေးမွှေးကိုလည်း ရှူရင်း၊ နေခြည်နွေးနွေးကိုလည်း လှုံရင်း စကားလက်ဆုံ ကျနေကြပါသည်။ ထိုအခိုက် ကျွန်တော်က စွတ်ခနဲ ပြောလိုက်မိပါသည်။

'သမီးကလေးကိုတော့ ပုံသွင်းရမယ်ဟေ့'

ကျွန်တော်၏ ဇနီးနှင့် ညီမလေးတို့က ပြုံးတော်မူကြသည်။ သူတို့ ပြုံးချင်ပြုံး၊ မပြုံးချင်နေ။ ကျွန်တော်ကတော့ ဆက်ပြောသည်။

'ကိုယ့်အိပ်ရာဘေးမှာ စာအုပ်တွေ တတန်းကြီး တွေ့တယ်မဟုတ်လား။ ကိုယ့်ခေါင်းအုံးဘေးမှာ စာအုပ်တွေ တစ်ပုံကြီး မြင်တယ်မဟုတ်လား။ အေး သမီးကလေးကိုလည်း စာအုပ်တွေနဲ့ ဝိုင်းထားမယ်။ သမီးကလေး ကစားတတ်တဲ့ အရွယ်ကျရင် သူ သဘောရှိ ဆုတ်ဖို့ ဖြဲဖို့ စာအုပ်တွေပဲ ပေးထားမယ်'

စိတ်ထဲ ရှိသည့်အတိုင်း ကျွန်တော် ပြောမိသည်ကို မယ်မင်းကြီးမများက ဘယ်လို သဘောထားသလဲ မသိ။ ပြုံးစိစိ လုပ်နေကြပါသည်။ တအောင့်နေမှ ညီမလေးက ဝေဖန်ချက်ပေးသည်။

'ကိုကိုကြီးက ဦးပုံစံကြီး လုပ်မလို့ပေါ့လေ'

သူတို့က ထိုသို့ ဝေဖန်ကြသော အခါကျမှပင် ကျွန်တော့်အား အဘိဓမ္မာ သင်ပေးဖူးသည့် ထင်းရှူးပင်ကလေးများကို ကျွန်တော် ပြန်၍ သတိရလာပါသည်။

တစ်ခါက ကျွန်တော့်တွင် နံနက်စောစော ထ ၍ လမ်းလျှောက်သည့်အလေ့ ရှိခဲ့ဖူးပါသည်။ ကျွန်တော် လျှောက်သည့်လမ်းမှာ တိတ်ဆိတ်၏။ အေးချမ်း၏။ လမ်းတစ်လျှောက်လုံးတွင် ဘယ်ဘက်ကြည့်လိုက်လျှင်လည်း ဝင်းနှင့် ခြံနှင့် ပန်းမန်နှင့် တိုက်များ။ ညာဘက်ကြည့်လိုက်လျှင်လည်း ဝင်းနှင့် ခြံနှင့် ပန်းမန်နှင့် တိုက်များ။

ကျွန်တော်သည် ဤလမ်းတွင် စ၍ လမ်းလျှောက်သည့်နေ့ကတည်းကပင် အချို့ ခြံဝင်းများမှာ အလှစိုက်ထားသော ထင်းရှူးပင်ငယ်များကို သတိပြုမိခဲ့ပါသည်။ အချို့မှာ ဘောလုံးပုံ၊ အချို့မှာ စေတီပုံ၊ အချို့ကား ပုပု၊ အချို့ကား ရှည်ရှည် စသည်ဖြင့် ပုံသဏ္ဌာန် အမျိုးမျိုး ရှိကြပါသည်။

ဥယျာဉ်မှူးတို့သည် သူတို့စိတ်ထဲမှာ လှသည် ထင်သည့်ပုံကို ဖော်၍ ထင်းရှူးပင်ငယ်များ၏ အခက်အကိုင်း ကလေးများကို ဖြတ်ထားကြခြင်း ဖြစ်ပါသည်။ သူတို့သည် အလှမြတ်နိုးသူများ ဖြစ်သည်ဟု ကျွန်တော် ယုံပါသည်။ သူတို့ အလှစိုက်ထားသော ထင်းရှူးပင်ကလေးများသည် ကျွန်တော့်အား နှစ်သက်မှုပေးကြောင်း ကျွန်တော် ဝန်ခံပါသည်။

သို့ရာတွင် ခြံဝင်းတစ်ခုမှ ဥယျာဉ်မှူး မြင်သော အလှနှင့်၊ အခြား ခြံဝင်းတစ်ခုမှ ဥယျာဉ်မှူး မြင်သော အလှသည် ခြားနားသည်ဟု ကျွန်တော် ထင်၏။ အလှကို မြင်ပုံချင်း ခြားနားသည်ဟု ကျွန်တော် ထင်၏။ ကျွန်တော်သည် လမ်းလျှောက်ရင်း အလှမြတ်နိုးသူ ဥယျာဉ်မှူးများနှင့် စိတ်ထဲက စကားပြောသွားမိပါသည်။

ရာပြည့်စာအုပ်တိုက်

"မင်းတို့ဟာ ကိုယ်ဖန်တီးထားတဲ့ ပုံသဏ္ဍာန်ကိုသာ လှတယ်၊ တခြားလူ ဖန်တီးထားတဲ့ ပုံသဏ္ဍာန် မလှဘူးလို့ တစ်ယူသန် မဖြစ်ချင်ကြနဲ့။ မင်းတို့ ဖန်တီးထားတဲ့ ပုံသဏ္ဍာန်တွေအတိုင်း ထင်းရှူးပင်ကလေးတွေဟာ တစ်မျိုးစီ လှနေကြခြင်းသာ ဖြစ်တယ်"

ကျွန်တော်သည် ထိုလမ်းတွင် နေ့စဉ် လမ်းလျှောက်ပါသည်။ တစ်နေ့သ၌ ကျွန်တော်သည် ထို ထင်းရှူးပင်ငယ်များကို ကြည့်၍ တအံ့တသြ ဖြစ်မိပါ၏။ သူတို့၏ အခက်အကိုင်းကလေးများသည် ဥယျာဉ်မှူးတို့ ဖြတ်ထားသည့်အတိုင်း မနေတော့ဘဲ ရှည်ထွက်လာကြသည့်အလျောက် လှသည် ဟူ၍ ဥယျာဉ်မှူးတို့ ဖန်တီးထားသည့် ပုံသဏ္ဍာန်များသည် ပီသခြင်း မရှိတော့ပါ။ ရှည်ထွက်လာကြသော အခက်အကိုင်းကလေးများကို ကြည့်ရသည်မှာ မာန်ကလေး ကိုယ်စီနှင့်ဟု ထင်ရပါသည်။ "အို ဥယျာဉ်မှူး၊ သင် လှသည် ထင်သည့် ပုံသဏ္ဍာန်ဖြစ်အောင် ငါတို့ကို အဘယ်ကြောင့် ဖြတ်တောက်ဘိသနည်း။ သင်လှသည် ထင်သည့် ပုံသဏ္ဍာန်အတိုင်း ငါတို့ မနေချင်။ ငါတို့သည် ငါတို့၏ သဘာဝအတိုင်းသာလျှင် လွတ်လွတ်လပ်လပ် လှနေချင်ကြပေသည်။ သင် ဖန်တီးသော ပုံသဏ္ဍာန်သည် အလှ မဟုတ်။ ငါတို့၏ သဘာဝသည်သာလျှင် အလှ ဖြစ်သည်" ဟု အခက်အကိုင်းကလေးများက ဆိုနေသံကို ကျွန်တော် ကြားနေသကဲ့သို့ စိတ်မှာ ဖြစ်ပါသည်။

ကျွန်တော်သည် အဘိဓမ္မာကိုလည်း သင်ယူလိုက်ရပြီ။ ကဗျာကိုလည်း မြင်လိုက်ရပြီ။

ဥယျာဉ်မှူးတို့သည် သူတို့ လှသည် ထင်သည့် ပုံသဏ္ဍာန်ဖြစ်အောင် ထင်းရှူးပင်ငယ်များကို ပြန်၍ ဖြတ်ကြရပေဦးမည်။ အခက်အကိုင်းကလေးများကလည်း ပြန်၍ ရှည်ထွက်ကြပေဦးမည်။ ဖြတ်လိုက်၊ ရှည်ထွက်လိုက်။ ရှည်ထွက်လိုက်၊ ဖြတ်လိုက်။

ကျွန်တော်သည် သမီးလေးကို ချစ်လှသည် ဖြစ်၍ "ပုံသွင်းရမယ်ဟေ့" ဟု ပြောမိခဲ့ပါသည်။

ကျွန်တော်သည် စာပေ၌ မွေ့လျော်ပါသည်။ စာပေလောက်နှလုံးမွေ့လျော် ပျော်ဖွယ်ရာကောင်းသော နေရာကို ကျွန်တော် မတွေ့ပါ။ ကျွန်တော်သည် စာပေ ရေးသားနိုင်ရန် အားထုတ်ပါသည်။ စာပေရေးသားခြင်းလောက် မြင့်မြတ်သော အလုပ်ကို ကျွန်တော် မသိပါ။ ချစ်လှစွာသော သမီးကလေးကိုလည်း ကိုယ်နှင့်ထပ်တူ ဖြစ်စေချင်မိပါသည်။ ထို့ကြောင့် "သမီးကလေးကို စာအုပ်တွေနဲ့ ဝိုင်းထားမယ်" ဟု ပြောမိခြင်း ဖြစ်ပါ၏။

ဤသို့ ပြောမိရာတွင် ပါသော စေတနာသည် မိဘတိုင်း၌ရှိအပ်သည့် စေတနာပင် ဖြစ်ကြောင်း ယုံမှားဖွယ် မရှိပါ။ ထို့ပြင် ထိုစေတနာကို ဘယ်အခါမှ မလျော့သင့်ကြောင်း ယုံမှားဖွယ် မရှိပါ။ သို့သော် ကျွန်တော်က စာအုပ်များနှင့် ဝိုင်းထားလျှင် စာအုပ်များအလယ်တွင် နေရမည့်သူ ဖြစ်သည့် သမီးကလေးသည် ကြီးပြင်းလာသောအခါ စာပေ၌ မွေ့လျော်သူကလေး ဖြစ်လာပါမည်လော။ ကျွန်တော် အတပ်မပြောနိုင်ပါ။ ထင်းရှူးပင်ကလေးတို့၏ အခက်အကိုင်း ကလေးများပင် ရှည်ထွက်တတ်ကြပါ၏။

သီချင်းညည်းတတ်သည့် အလေ့

(မောင်ဖေသန်း)

ဘဝ ဆိုသည်မှာ

ကျွန်တော်လည်း မသိပါ။ သိအောင် မြင်အောင် ကြိုးစားတုန်းပင် ဖြစ်ပါသည်။ ဘဝသည် မိန်းမများထက်ပင် ပို၍ အသိခက်ပါသေးသည်။ ထိုသို့ အသိခက်လှသော ဘဝ အကြောင်းကို ခဏ အသာထား၍ စာရှုသူ မိတ်ဆွေအား မေးခွန်းတစ်ခုကို မေးပါရစေ။

ဤကမ္ဘာမှာ သာယာသော အသံကို မနှစ်သက်သူ ဘယ်နှယောက်ရှိသနည်း။ သာယာသော ဂီတသံကို မနှစ်သက်သူ ဘယ်နှယောက်ရှိသနည်း။ သာယာသော တေးဆိုသံကို မနှစ်သက်သူ ဘယ်နှယောက်ရှိသနည်း။ ရှိကြပါသည်။ အများအပြားပင် ရှိကြပါသည်။ သို့သော်ထိုသူတို့သည် အာရုံကြော တစ်ခုခု ချို့ငဲ့နေသော၊ ကရုဏာသက်ဖွယ်ဖြစ်သော ဒုက္ခိတများ ဖြစ်ကြဖို့သာ များပါသည်။ အများစု ဖြစ်သောလူသားတို့မှာ ဂီတသံ ဖြစ်စေ၊ ငှက်မြည်သံ ဖြစ်စေ၊ ချောင်းရေစီးသံဖြစ်စေ၊ တေးဆိုသံ ဖြစ်စေ သာယာသော အသံကို နှစ်သက်တတ်ကြသည်ချည်း ဖြစ်ပါသည်။

အဘယ်ကြောင့် သာယာသော တေးဆိုသံကို လူတို့ နှစ်သက်တတ်ပါသနည်း။

ရာပြည့်စာအုပ်တိုက်

မေးခွန်းတွေကိုချည်း ထပ်ခါတလဲလဲ မေးနေသည်ဟု မထင်ပါနှင့်။ ဤမေးခွန်း၏ အဖြေကို ရှာကြည့်သင့်ကြပါသည်။ ကျွန်တော်ရှာတွေ့သော အဖြေကား ဤသို့ ဖြစ်၏။ ယောကျ်ားတစ်ယောက်သည် မိန်းမ မရှိလျှင် သော်လည်းကောင်း၊ မိန်းမတစ်ယောက်သည် ယောကျ်ား မရှိလျှင် သော်လည်းကောင်း ဘဝသည် လျော့နေတတ်ပေရာ ယောကျ်ားနှင့် မိန်းမ တွဲဖက်မိကြသော အခါကျမှသာ ဘဝသည် အပြည့် ဖြစ်လာ၏။ ယောကျ်ား ဆိုသည်မှာ ဘဝတစ်ပိုင်း၊ မိန်းမ ဆိုသည်မှာ ဘဝတစ်ပိုင်း ဖြစ်၍ ယောကျ်ားနှင့် မိန်းမ နှစ်ယောက်ပေါင်းမှသာလျှင် ပြည့်သော ဘဝတစ်ခု ဖြစ်လာပါသည်။ တစ်နည်းအားဖြင့် ပြောရပါလျှင် ယောကျ်ားအဖို့ မိန်းမသည် ဘဝ၏ အပြည့် ဖြစ်ပါသည်။ မိန်းမအဖို့ ယောကျ်ားသည် ဘဝ၏ အပြည့် ဖြစ်ပါသည်။ သာယာသော တေးဆိုသံသည် ယောကျ်ားတိုင်း၊ မိန်းမတိုင်း၊ လူသားတိုင်းအဖို့ ဘဝ၏ အပြည့် ဖြစ်ပါ၏။

စဉ်းစားကြည့်ပါ။ ခံစားကြည့်ပါ။ သာယာသော တေးဆိုသံကို နားထောင်ကြည့်ပါ။ ရင်ထဲမှာ ဘယ်လို နေပါသနည်း။ လပ်နေသော နေရာတစ်ခု ပြည့်သွားသကဲ့သို့ ခံစားရသည် မဟုတ်ပါလား။ စိတ်အဖို့မှာ အဆာပြေသွားသကဲ့သို့ ခံစားရသည် မဟုတ်ပါလား။ ဤကဲ့သို့ ဖြစ်ရခြင်းမှာ ဘဝ၏ သဘောကြောင့် ဖြစ်ဖွယ်ရာ ရှိပါသည်။ ဘဝဆိုသည်မှာ လူ၏ သည်းခံစိတ်ကို ခန်းစေတတ်သော အရာတို့နှင့် ပြည့်နှက်နေသောနေရာ ဖြစ်သည်ဟု ကျွန်တော် ထင်ပါသည်။ သာယာသော တေးဆိုသံသည် ခန်းသွားသော သည်းခံစိတ်တို့၏ နေရာလပ်တွင် အသစ် အသစ် ဖြစ်သော သည်းခံစိတ်တို့ကို ဖြည့်၍ ဖြည့်၍ ပေးတတ်သော သဘော ရှိသည်ဟု ကျွန်တော် ယုံကြည်ပါသည်။ သာယာသော တေးဆိုသံသည် လူတို့အား ဘဝ၏ အလိုကို လိုက်တတ်အောင်၊ ဘဝနှင့် တည့်အောင် ပြုလုပ်တတ်သော သဘော ရှိသည်ဟု ကျွန်တော်

ယုံကြည်ပါသည်။ သာယာသော တေးဆိုသံကို လူတို့ နှစ်သက်ကြခြင်း၌ အံ့ဩဖွယ်အချက် မရှိပါ။

ဤနေရာ၌ တစ်ဆင့်တက်၍ ပြောရပါဦးမည်။ သူတစ်ပါး၏ တေးဆိုသံကို နားထောင်ရခြင်းနှင့် မိမိကိုယ်တိုင် တေးဆိုရခြင်းတို့တွင် ခြားနားချက် ရှိပါသည်။ သူတစ်ပါး၏ တေးဆိုသံကို နားထောင်ရခြင်းသည် ဘဝ၏ အပြည့်ကို ရရှိခြင်း ဖြစ်သော်လည်း ထိုအပြည့်သည် အားနည်းသော အပြည့်သာလျှင် ဖြစ်ပါသည်။ မိမိကိုယ်တိုင် တေးဆိုခြင်းမှာကား အားကောင်းသော အပြည့်ကို ရရှိခြင်း ဖြစ်ပါ၏။

စာဖတ်သူ မိတ်ဆွေသည် ရေဒီယို အဆိုသမား ("အဆိုတော်" လည်း ခေါ်ချင်ခေါ်ပေါ့။) တစ်ယောက် မဟုတ်လျှင် "ဟာ ငါတော့ သီချင်း မဆိုတတ်တဲ့အတွက် ကိုယ်ကျိုးနည်းနေပါရောလား" ဟု ထင်လိုက်မှာ စိုးပါသည်။ မထင်လိုက်ပါနှင့်။ မိမိကိုယ်တိုင် သီချင်းဆိုရာ၌ ဆိုတတ်သည် ဖြစ်စေ၊ မဆိုတတ်သည် ဖြစ်စေ၊ သာယာသည် ဖြစ်စေ၊ မသာယာသည် ဖြစ်စေ အရေးမကြီးပါ။ ဆိုဖြစ်အောင် ဆိုခြင်းသည်သာလျှင် အရေးကြီးပါသည်။

လေးနက်အောင် ထပ်၍ ဆိုပါရစေ။ သီချင်းဆိုခြင်းသည် ဘဝ၏ အပြည့်တစ်ခု ဖြစ်ပါသည်။ အတိတ်ကို ခွင့်လွှတ်တတ်ခြင်း၊ ပစ္စုပ္ပန်နှင့် တည့်အောင် ပေါင်းတတ်ခြင်း၊ အနာဂတ်ကို ကြည်ဖြူစွာ ကြိုဆိုတတ်ခြင်းဟု ဆိုအပ်သော အကျိုးအမြတ်များကို အလိုရှိသူသည် သီချင်းဆိုပေးရမည် ဖြစ်ပါသည်။

အချို့သူတို့က ပြောချင် ပြောမည်။ "ဟာ ဒါ အဆန်းမှ မဟုတ်ဘဲ။ လူတိုင်း သီချင်းကလေး ဘာကလေးတော့ ညည်းတတ်တာပဲ" ဟူ၍။

မှန်ပါသည်။ အဆန်း မဟုတ်ပါ။ ကျွန်တော်ကလည်း အထူးအဆန်းတွေကို ရေးပြမည်ဟု မည်သူ့ကိုမျှ ကတိပေးမထားပါ။ ကျွန်တော် ယခု ရေးနေသည်တို့တွင် အဆန်းအပြား မပါပါ။ သို့ရာတွင် အဆန်းတစ်ခုကို ပြောပြပါမည်။

များစွာသော လူတို့သည် အရွယ်ရင့်လာသောအခါ သီချင်းကလေး တညည်းညည်းနှင့် မနေသင့်ဟု အယူတိမ်း (နတ်စိမ်းတော့ မဖြစ်ကြပါ) နေကြသည်မှာ ဆန်းပါသည်။ အလွန် ဆန်းပါသည်။ ကာလသား ကာလသမီး အရွယ်က သီချင်းကလေး တညည်းညည်းနှင့် နေတတ်ခဲ့ကြသော်လည်း အသက် အနည်းငယ် ကြီးလာသောအခါ လူကြီးစိတ် ဝင်လာသည့်အလျောက် သီချင်းကလေး တညည်းညည်းနှင့် နေတတ်သည့် အလေ့ကို ဖျောက်ပစ်တတ်ပါသည်။ မဖျောက်ချင်သည့် တိုင်အောင် ထိုကဲ့သို့ နေခြင်းသည် လူကြီး အရွယ်နှင့် မတန်ဟု အယူများက အကြောင်းမဲ့သက်သက် အပင်ပန်းခံ၍ ဟန်ဆောင်နေတတ်ကြပါသည်။

ကျွန်တော် ပြောချင်သည်မှာ များစွာသော ကလေးစိတ်များသည် အင်မတန် အဖိုးတန်ပါသည်။ သူတို့၏ နေရာတွင် အသုံးမဝင်သော လူကြီးစိတ်များကို အစားမသွင်းသင့်ပါ။ အသက်တစ်ရာကျော်ချင်ကျော်ပါစေ၊ အစားမသွင်းသင့်ပါ။

လူတို့သည် အသက်အရွယ် ဟူသော အကြောင်းမှတစ်ပါး ဂုဏ်သိက္ခာ ဟူသော အကြောင်းကို ငဲ့၍ သီချင်းညည်းရမှာ ရှက်စနိုးကြလျှင် များဖို့ချည်း ဖြစ်ပါသည်။

ထို့ကြောင့် လူတိုင်း သီချင်းကလေး တညည်းညည်းနှင့် နေတတ်သည့် အလေ့ကို မွေးသင့်ပါသည်။ အနည်းဆုံး တစ်နေ့လျှင် သီချင်းကလေး တစ်ပုဒ်ကို ညည်းဖြစ်အောင် ညည်းပေးသင့်ပါသည်။

ကျွန်တော်ပင် ယနေ့အဖို့ သီချင်း တစ်ပုဒ်မျှ မညည်းမိသေး၍ ညည်းလိုက်ရပါဦးမည်။

"ဘဝခရီး လမ်းမများ အလယ်၊ နန ကြမ်းကြမ်း လမ်းဖြောင့် လမ်းကောက် ရဲရဲတင်းတင်း လျှောက်ကြရာဝယ်" စသည်ဖြင့်၊ စသည်ဖြင့်၊ စသည်ဖြင့်။

စလောင်းဖုံးတစ်ချပ်

(မောင်ဖေသန်း)

စလောင်းဖုံးတစ်ချပ် အကြောင်းကို မရေးမီ မိုးအကြောင်းကို ရှေးဦးစွာ ရေးပါရစေ။

တချို့က မိုးရွာလျှင် ကြိုက်ကြသည်။ နေရ ထိုင်ရသည်မှာ အေးအေးချမ်းချမ်း ရှိသည်ဟု ပြောကြသည်။ ကျွန်တော်မှာမူ နေ့အချိန် မိုးရွာလေမလားဟု အစဉ်သဖြင့် စိုးရိမ်နေသူတစ်ယောက် ဖြစ်ပါသည်။

ကျွန်တော်သည် ပြည်သူ့ဝန်ထမ်း တစ်ယောက် ဖြစ်သည်။ ရုံးတက် ရုံးဆင်း အသွားအပြန် ခရီးအတွက် ကျွန်တော်သည် ကိုယ်ပိုင် မဟုတ်သော ဘတ်စကားများကို လည်းကောင်း၊ ကိုယ်ပိုင် ဟုတ်သော ခြေထောက်များကို လည်းကောင်း အလျဉ်းသင့်သလို အသုံးပြုပါသည်။ အိမ်မှ ဘတ်စကားမှတ်တိုင်သို့ လည်းကောင်း၊ ဘတ်စကားမှတ်တိုင်မှ ရုံးသို့ လည်းကောင်း ခြေကျင်လျှောက်သည့်အခါ လျှောက်ပါသည်။ ဘတ်စကား စီးသည့်အခါ စီးပါသည်။

ကျွန်တော် မိုးကို ကြောက်သည်မှာ အခြားကြောင့် မဟုတ်ပါ။ ကျွန်တော့်မှာရှိသော ထီးစုတ်ကလေးသည် မိုးသည်းသည်းရွာလျှင် အားမကိုး ရတော့ပါ။ မိုးမိသောနေ့ဆိုလျှင် ရုံးသို့ ရောက်သောအခါ ကျွန်တော် ခများမှာ ရေနစ်ထားသော ကြွက်စုတ်ပိန်ပိန်ကလေးနှင့် ခွဲ၍မရအောင်

တူနေရှာပါတော့သည်။ အဝတ်စိုများနှင့်ပင် ရုံးမှာ တစ်နေကုန် တစ်နေခန်း အလုပ်လုပ်ရသည်မှာ အလုပ်လည်း မတွင်ကျယ်၊ အဖျားလည်း ဝင်တတ်ပါသည်။ ဒုက္ခအပေးတတ်ဆုံးမှာ သားရေဖိနပ်များပင် ဖြစ်ပါသည်။ သူတို့သည် ရေစိုပြီးလျှင် တော်တော်နှင့် ခြောက်တော်မမူကြ။ ထို့ကြောင့် ကျွန်တော်မှာ ဖိနပ် ရေစိုကြီးများကို တစ်နေ့လုံး နင်းထားရတတ်ပါသည်။

မကြာသေးမီက ရန်ကုန်မှာ မိုးဦးကျခဲ့ပါသည်။ မိုးဦးကျစ တစ်ညနေတွင် ကျွန်တော်သည် ရုံးမှအပြန် လဟာပြင်ဈေးသို့ ဝင်၍ ဂျပန်ဖိနပ် ခေါ်သော ရော်ဘာဖိနပ်တစ်ရန်ကို ဝယ်လိုက်ပါသည်။ ဂျပန်ဖိနပ်တို့သည် ရေစိုပြီးလျှင် ချက်ချင်း ပြန်၍ ခြောက်တတ်သော သဘောရှိသဖြင့် သည်မိုးတွင်းတော့ သူတို့နှင့်ပဲ အပေါင်းအသင်း လုပ်တော့မည်ဟု ကျွန်တော် ဆုံးဖြတ်လိုက်ခြင်း ဖြစ်ပါသည်။

ကျွန်တော်၏ အသားအရေ ဤမျှ နူးညံ့ပျော့ပျောင်းမှန်း ယခင်က ကျွန်တော် မသိခဲ့ပါ။ ဂျပန်ဖိနပ် တစ်နေ့ စီးလိုက်ရုံမျှဖြင့် ဖိနပ်ကြိုးပွတ်တိုက်ရာ နေရာတွင် အပေါက်အပြဲ ဖြစ်သွားသည်ကို တွေ့ရသော အခါကျမှ "ဩော်" ဟု စိတ်ထဲက အောက်မေ့လိုက်ပါသည်။

ထိုနေ့သည် သောကြာနေ့ ဖြစ်၏။ စနေနေ့တွင် ကျွန်တော်သည် ဂျပန်ဖိနပ်ကို ဆက်၍ စီး၏။ ဖိနပ်ပေါက်သော အနာကလေးကိုကား ဒီဆူဇာမှ "ဖမ်းဘတ်" ဝယ်၍ လိမ်းလိုက်လျှင် ပျောက်ပါသည်ဟု ကျွန်တော်က တွက်ပါသည်။

စနေနေ့ ညနေပိုင်းတွင် အနာကို "ဖမ်းဘတ်" လိမ်းထားလိုက်ရာ တနင်္ဂနွေနေ့ နံနက်သို့ ရောက်သောအခါ အနာမရှိတော့ပါ။ သို့သော် အံ့ညြဖွယ်ရာ တစ်ခု တွေ့ရပါ၏။ အနာဖြစ်သော ခြေဖမိုးသည် ခုံးခုံးကြီး ဖြစ်နေပါတော့သည်။ လမ်းလျှောက်လျှင်လည်း မခံသာအောင် နာလျက်ရှိနေပါတော့သည်။

စလောင်းဖုံးတစ်ချပ် ဖြစ်ပေါ်လာပုံမှာ ကျွန်တော်၏ ခြေထောက် အနာကြောင့် လမ်းမလျှောက်နိုင်၍ တစ်ပတ်လောက် ရုံးမတက်နိုင်ခြင်းမှ စတင်ဖြစ်ခဲ့ပါသည်။

ရုံးမတက်သည့်နေ့မှ စ၍ ကျွန်တော်သည် ယနေ့အထိ နေမထိထိုင်မထိ ဖြစ်နေခဲ့ပါသည်။ ရုံးသို့လည်း စိတ်အမြဲရောက်ရောက်နေသည်။ ပန်းချီဆရာတွေများ ရောက်နေကြမည်လား။ စာရေးဆရာတွေများ စာမူပေးရန် သော်လည်းကောင်း၊ စာမူခထုတ်ရန် သော်လည်းကောင်း လာနေကြမည်လား။ အယ်ဒီတာနှင့် မတွေ့ရ၍ သူတို့ စိတ်ပျက်ပြီး ပြန်သွားကြမည်လား။ မဂ္ဂဇင်း မျက်နှာဖုံး ဒီဇိုင်းကို အချိန်မီရပါမည်လား။ ဘလောက်တွေ အချိန်မီ ပြီးစီးပါမည်လား စသော လားပေါင်း သောင်းခြောက်ထောင်သည် ကျွန်တော်၏ ခေါင်းထဲ၌ ပွက်ပွက်ရိုက်နေပါသည်။ မဂ္ဂဇင်းအတွက် နောက်ဆံတင်းမှုကြောင့် နေမထိထိုင်မထိ ဖြစ်ခြင်းထက် နေ့စဉ် အလုပ်တာဝန်ဖြင့် လှုပ်လှုပ်ရှားရှားဖြစ်နေရာမှ ဘာမျှမလုပ်ဘဲ အိပ်နေ၊ ထိုင်နေရခြင်းကြောင့် နေမထိထိုင်မထိ ဖြစ်ခြင်းက ပိုကဲနေသည်ကို ကျွန်တော် တအံ့တသြ တွေ့ရပါသည်။

ကျွန်တော် ခြေထောက် နာသော်လည်း လက်များမှာ အကောင်းဖြစ်သည်။

ကျွန်တော်သည် အိမ်နောက်ခန်းတွင် ထိုင်ရင်း အိမ်သားများကို ပျင်းရိငြီးငွေ့စွာ လိုက်ကြည့်နေမိ၏။ မေမေနှင့် မြင့်လေး (ကျွန်တော်၏ ဇနီး) သည် သုံးထပ်သား ပျဉ်ချပ်ကလေး နှစ်ခုနှင့် လွှကို ကိုင်၍ တစ်ခုခု ပြုလုပ်ရန် ဟန်ပြင်နေသည်ကို တွေ့ရ၏။ မေးကြည့်သောအခါ ဒယ်အိုး စလောင်းဖုံး မကောင်းတော့၍ စလောင်းဖုံး အသစ်တစ်ခု ပြုလုပ်ရန် စီစဉ်နေကြောင်း သိရပါသည်။

ကျွန်တော်သည် ကွယ်လွန်သွားပြီဖြစ်သော ဖခင်ကြီးကို သတိ

ရမိပါသည်။ ဖေဖေသည် လက်သမားဆရာတစ်ယောက် မဟုတ်သော်လည်း အိမ်၌ လက်သမား လက်နက်ကိရိယာ အစုံအလင် ထားရှိတတ်၏။ အိမ်အသုံးအဆောင် တိုလီမိုလီ ပစ္စည်းကလေးများကို ကိုယ်တိုင်ပြုလုပ်ရမှ သဘောကျတတ်၏။

ကျွန်တော်သည် ကြမ်းပြင်ပေါ်၌ပင် ထိုင်ချလိုက်ပြီးလျှင် မေမေတို့ လက်ထဲမှ လွှတို့၊ သံုးထပ်သား ပျဉ်ချပ်တို့ကို တောင်းယူလိုက်၏။ ထိုနောက် ပျဉ်ချပ်များနှင့် တူ၊ လွှ၊ သံ၊ ကျားလျှာ စသော ပစ္စည်းများကို တောင်းယူ၍ စလောင်းဖုံးတစ်ချပ်ကို စတင် ပြုလုပ်ပါသည်။

အတော် ပျော်စရာကောင်းပါ၏။ ဘာမျှ လုပ်စရာမရှိဘဲ အားလပ်နေစဉ်က ခံစားခဲ့ရသော ပျင်းရိ ငြီးငွေ့မှုများသည် ဘယ်ရောက်ကုန်မှန်းပင် မသိရပါ။ မကြာမီပင် လှပချောမွေ့သော စလောင်းဖုံးကလေးတစ်ချပ်သည် ကျွန်တော်၏ ရှေ့တွင် ရှိနေပါတော့သည်။

စလောင်းဖုံးတစ်ချပ် ပြုလုပ်ပြီး၍ ရရှိသော ကျေနပ်မှုသည် ဝတ္ထုတစ်ပုဒ် ရေးပြီး၍ ရရှိသော ကျေနပ်မှုမျိုးနှင့် ဆင်တူနေသည်ကို ကျွန်တော် အံ့သြစွာ တွေ့ရပါသည်။ အမှန်မှာ စလောင်းဖုံးတစ်ချပ်ဖြစ်လာအောင် ပြုလုပ် ဖန်တီးရသော အလုပ်သည် သေးသေးဖွဲဖွဲနယ်နယ်ရရ အလုပ် မဟုတ်ပါတကား။ တန်ဖိုးနည်းသော ပစ္စည်းပင်ဖြစ်လင့်ကစား လူသုံးကုန် ပစ္စည်းတစ်ခု ဖြစ်လာအောင် ပြုလုပ် ဖန်တီးလိုက်ခြင်းပင် ဖြစ်သောကြောင့် ဂုဏ်ယူဖွယ်ပါ တကား။ ကျွန်တော်သည် ပြုလုပ်သူ၊ ဖန်တီးသူ၊ သို့မဟုတ် အလုပ်သမား။

ကျွန်တော်သည် စလောင်းဖုံးကလေးကို ကြည့်လျက် ပျော်မဆုံးဖြစ်နေမိပါ၏။

သမားရိုးကျဖြစ်သော စာစီစာကုံးရေးထုံး
သမားရိုးကျဖြစ်သော အက်ဒေးရေးထုံး
သမားရိုးကျဖြစ်သော ဆောင်းပါးရေးထုံး တို့မှ
လမ်းခွဲ၍
ရသပါသော၊ ရသမြောက်သော
ရသသဘော သက်ဝင်သော
စာစီစာကုံး
အက်ဒေး နှင့်
ဆောင်းပါးရေးထုံးတို့အတွက်
ဤစာအုပ်ဖြင့် "ကဏ္ဍသစ်တစ်ရပ်" ဖွင့်ခဲ့သည်။

ကံ့ကော်မြိုင်စာတမ်း